# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၉)


# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား ကျင်းပ

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြော



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၇**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနရုံးအမှတ် (၁၆)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ နိုင်သက်လွင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ INGO ၊ NGO များ၊ သမဝါယမအသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


**● ပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေးသမဝါယမအသင်းသားများအတွက် (၁၀)ကြိမ်မြောက်အဖြစ် အသေးစား အရင်းအနှီးချေးငွေ ကျပ် ၅၄၂ ဒသမ ၇၈၂ ဘီလီယံ၊ စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ရန် လယ်ဧက ၂၄၉၀၁ ဒသမ ၈၀ အတွက် ချေးငွေကျပ် ၇ ဒသမ ၁၈၇ ဘီလီယံနှင့် မျိုးစေ့ထုတ် သမဝါယမအသင်းများသို့ ချေးငွေကျပ် ၁ ဒသမ ၁၅၈ ဘီလီယံတို့ကို ဗဟိုသမဝါယမအသင်းမှ တစ်ဆင့် အသင်းစုချုပ်များသို့ ချေးငွေများ ပေးအပ်သွားမည်။**

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခု ခွင့်ပြု


စာ ➤ ၄


### နောင်တကြီး

အာဇာနည်နေ့အကြိုဆောင်းပါး


စာ ➤ ၆


### ကမ္ဘောဒီးယားရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးများ စတင်


စာ ➤ ၁၄







မြန်မာ့အလင်း

# နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒနှင့် အတွေးအမြင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၏ ရှင်းလင်းပြောဆိုချက်များအပေါ် အခြေခံ၍ နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒနှင့် အတွေးအမြင်တို့ကို တင်ပြလိုပါသည်။ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်သည် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု **(sustainable economic development)** ဖြစ်ပါသည်။ ဤသို့ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌လည်း တာဝန်သိသော ရင်းနှီးမြှုပ်နှံမှု **(responsible investment)** များ ပိုမိုဝင်ရောက်လာရေးကို တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက် ဆောင်ရွက်ရာ၌လည်း နိုင်ငံအတွင်းသို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုတို့အား လက်ခံရုံဖြင့် ကျေနပ်အားရနေမည် မဟုတ်ပါ။ နိုင်ငံတကာရှိ နာမည်ကောင်းရှိသကဲ့သို့ ထင်ရှားမှုလည်းရှိသော လုပ်ငန်းကြီးများအား နိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ချဉ်းကပ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ရင်းနှီးမြှုပ်နှံမှု အနေအထားအပေါ် သုံးသပ်ပါက ပြီးခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါက အနည်းငယ်နှေးသွားသကဲ့သို့ ကမ္ဘာ့ဘဏ်၏ စီးပွားရေး လုပ်သာကိုင်သာရှိမှုအဆင့် သတ်မှတ်ချက် **(Ease of Doing Business)** အရ မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၌ ဒုတိယအနိမ့်ဆုံးဖြစ်လျက်ရှိပါသည်။ ဤအခက်အခဲများကို ကျော်လွှားရန် နိုင်ငံတော်အစိုးရသည် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ပြဋ္ဌာန်းပြီးဖြစ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီဥပဒေတို့သည် ရင်းနှီးမြှုပ်နှံလိုသူတို့အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ အခွင့်အလမ်းအသစ်များနှင့်အတူ ကာကွယ်မှုများကိုလည်း ပေးအပ်ထားပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည့် ကုမ္ပဏီဥပဒေသည် နိုင်ငံခြားကုမ္ပဏီတို့အား ပြည်တွင်းကုမ္ပဏီများ၌ ရှယ်ယာပိုင်ဆိုင်ခွင့် ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ နိုင်ငံတော်အတွင်းသို့ ပိုမိုဝင်ရောက်လာတော့မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် လက်ရှိကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများကို သုံးသပ်၍ မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများအား ဖြစ်ပေါ်စေသည့် အဆင့်များကို အမြန်ဆုံးရှာဖွေဖော်ထုတ် ပြုပြင်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှု ဆတက်ထမ်းပိုး တိုးတက်ရရှိစေရန် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာ၌လည်း ပိုမိုလွယ်ကူ လျင်မြန်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာစေရေးကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး၊ အထည်ချုပ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကဲ့သို့သော နိုင်ငံတော်၏ ဦးစားပေး စီးပွားရေးလုပ်ငန်းတို့၌ မှန်ကန်သော ရင်းနှီးမြှုပ်နှံမှုတို့ ဝင်ရောက်လာလျက် ကာလတိုအတွင်း သိသာထင်ရှားသည့် ရလဒ်များရရှိရန် နိုင်ငံတော်အစိုးရက အာရုံစိုက်ဆောင်ရွက်လျက်ရှိသောကြောင့် များမကြာမီရလဒ်ကောင်းများ မြင်တွေ့ရတော့မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

## နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် စုပေါင်းသန့်ရှင်းရေးလုပ်

**နတ်မောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဇူလိုင် ၇ ရက် နံနက်က ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရှိ ပရဟိတအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။



အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ရုံးဝန်ထမ်းများ၊ နတ်မောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ပရဟိတအဖွဲ့များမှ အဖွဲ့ဝင်များ စုပေါင်းပါဝင်၍ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အိမ်ဝင်းအတွင်းနှင့်အပြင်ရှိ ချုံပုတ်များ၊ အမှိုက်သရိုက်များ၊ ပေါင်းမြက်များကို ရှင်းလင်းခြင်းနှင့် မြေသားမို့မောက်နေသော နေရာများတွင် မြေညှိပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ကလေးစာပေပွဲတော်(ကလေးမြို့) စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

**ကလေး ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (ကလေးမြို့)ကို ကလေးမြို့ အောင်မြေမာန်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၆ ရက်နှင့် ၇ ရက် နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ပွဲတော်ရက်များအတွင်း ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ၊ ကျောင်းသားမိဘများနှင့် လူငယ်လူရွယ်များ စည်ကားစွာ လာရောက်ခဲ့ကြပြီး အခြေခံပညာကျောင်းများက အဆင့်သုံးဆင့်ခွဲ၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများ ကျင်းပပေးပြီး ဆုများချီးမြှင့်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ မူကြိုအဆင့် ကလေးကစားနည်းမျိုးစုံ ပြုလုပ်ကာ ဆုလက်ဆောင်များပေးအပ်ခြင်း၊ ဒေသခံစာရေးဆရာများက စာပေဟောပြောခြင်း၊ တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ ကဗျာများရွတ်ဆိုခြင်း၊ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊




မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ စာကြည့်တိုက်များ၊ ကလေးတက္ကသိုလ်စာကြည့်တိုက်နှင့် ခရိုင်ပြန်/ဆက်ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တို့က ကလေးစာဖတ်ခန်းများနှင့် ကလေးစာပေပြခန်းများ ခင်းကျင်းပြသပေးခြင်း၊ ကလေးများအတွက် ပန်းချီဆွဲခန်းမနှင့် ပန်းချီ၊ ပန်းပု အနုပညာပြခန်းများခင်းကျင်းပြသခြင်း၊ မြို့ပေါ်နှင့် အခြားဒေသများမှ စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချပေးခြင်း စသည်ဖြင့် ကဏ္ဍစုံလင်စွာ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

ကလေးစာပေပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးသန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးလာလ်ထောင်ထန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များလည်း တက်ရောက်ခဲ့ကြသည်။

နိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများစာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးများ၏ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

*ထင်သာမြင်သာပြုပြင်စရာ*

## ဘားအံမြို့နယ်၌ ဒုံသမိမြစ်ဖြတ် ခရိုင်ချင်းဆက်တံတား တည်ဆောက်ပေးရန် ပြည်သူများလိုလားနေ

ဘားအံမြို့နယ် ရေကျော်ကျေးရွာအုပ်စု မကျီးကျွန်းကျေးရွာမှ မွန်ပြည်နယ် ကင်းကျေးရွာသို့ ဆက်သွယ်မည့် ဒုံသမိမြစ်ဖြတ် ခရိုင်ချင်းဆက်တံတားကို တည်ဆောက်ပေးရန် ဘားအံမြို့နယ်မှ ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။



မကျီးကျွန်းကျေးရွာ ရပ်မိရပ်ဖ ဦးသန်းဦးက "ကျွန်တော်တို့ကျေးရွာသားတွေအနေနဲ့ ကင်းကျေးရွာကို သွားတဲ့အခါ ဒုံသမိမြစ်ကို စက်တပ်ဖောင်နဲ့ဖြတ်ပြီး သွားလာရတယ်၊ သွားတဲ့အချိန်မှာ ရေကများတော့ အခက်အခဲရှိတာပေါ့၊ ညဆို သွားမရတော့ဘူး၊ နေ့ဘက်ပဲ သွားလို့ရတယ်၊ တံတားတည်ဆောက်ပေးရင် အားလုံးဝမ်းသာကြမယ်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လာမှာဖြစ်သလို လူမှုရေးကိစ္စတွေမှာလည်း အဆင်ပြေသွားမယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် မြစ်ကိုဖြတ်ကူးရာတွင် စက်တပ်ဖောင်ကို အသုံးပြုနေရပြီး အသုံးပြုခအနေဖြင့် ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၁၀၀၀၊ လူတစ်ဦးလျှင် ကျပ် ၂၀၀ ပေးဆောင်၍ သွားလာနေကြရကြောင်း၊ တံတားမရှိသဖြင့် မွန်ပြည်နယ် ကင်းကျေးရွာဘက်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပညာရေးအတွက်လည်းကောင်း၊ ကရင်ပြည်နယ် မကျီးကျွန်းကျေးရွာမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများကို ပို့ဆောင်ရောင်းဝယ်ရေးတွင်လည်းကောင်း အချိန်နှောင့်နှေးကြန့်ကြာခြင်း၊ ကုန်ကျစရိတ်ပိုများခြင်း၊ အန္တရာယ်များခြင်း စသည့် အဆင်မပြေမှုများ ရှိနေ၍ ခရိုင်ချင်းဆက်တံတား တည်ဆောက်ပေးရန် ပြည်သူများက လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အစိုးရ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက "တံတားတည်ဆောက်ပေးဖို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဝန်ကြီးချုပ်ဆီကို တင်ပြလာတော့ ကျွန်တော်တို့နဲ့ ပညာရှင်တွေ သွားပြီးတော့ နေရာသုံးခုကို ကွင်းဆင်းပြီးကြည့်ခဲ့တယ်၊ တံတားတည်ဆောက်ဖို့ကတော့ ပွင့်လင်းရာသီလောက် စလုပ်မယ်လို့ မျှော်မှန်းထားတယ်၊ ၉၀ ရာခိုင်နှုန်းလောက်သေချာတယ်၊ ဆောက်ဖြစ်မယ်ဆိုရင် နီပွန်ဖောင်ဒေးရှင်းရဲ့ အကူအညီနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်၊ တကယ်လို့ တံတားသာဆောက်ဖြစ်သွားရင် မွန် - ကရင်ကုန်သွယ်မှုစကြီးလမ်းဖြစ်လာလိမ့်မယ်၊ ဝန်ကြီးချုပ်ကလည်း မွန်ပြည်နယ်အစိုးရနဲ့ညှိပြီး ကရင်ပြည်နယ်အစိုးရက တာဝန်ယူပြီးတော့ ဆောင်ရွက်သွားဖို့စိတ်အားထက်သန်နေတယ်" ဟု ပြောသည်။

တံတားတည်ဆောက်ရန်အတွက် ဒုံသမိမြစ်ကိုဖြတ်သည့် ပေ ၅၀၀ တစ်နေရာ၊ ပေ ၁၂၀၀ တစ်နေရာနှင့် ပေ ၁၅၀၀ တစ်နေရာကို ရွေးချယ်ထားပြီး ပဏာမ တိုင်းတာမှုများ ပြုလုပ်ထားကာ လာမည့် ပွင့်လင်းရာသီတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# လုံ့လဝီရိယ လျှော့လို့မဖြစ်

**ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင် ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)



❖ *ရွှေဖုံးမှ*

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံတွင် (၂၄)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနား ဖြစ်ပါကြောင်း။

**စိန်ခေါ်မှု နေ့စဉ်ကြုံတွေ့**

ယနေ့ ကမ္ဘာတွင် လူသားများသည် ဆင်းရဲချမ်းသာကွာဟချက်များ အပါအဝင် လူမှုရေးနှင့် စီးပွားရေး မညီမျှမှုများကို စိန်ခေါ်မှုအဖြစ် နေ့စဉ်ကြုံတွေ့နေကြရပါကြောင်း၊ ထို့ပြင် စစ်မက်ဖြစ်ပွားမှု၊ အစားအစာငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီး ယိုယွင်းမှုနှင့် သဘာဝဘေးဆိုးများ ကျရောက်မှု၊ ရောဂါဆိုးဖြစ်ပွားမှု၊ လူကုန်ကူးမှု၊ လူမျိုးရေး ပဋိပက္ခများဖြစ်ပွားမှု၊ အလုပ်လက်မဲ့ဖြစ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ဖြစ်ပွားမှု စသဖြင့် များစွာသောပြဿနာများကို ရင်ဆိုင်နေကြရကြောင်း၊ ထိုသို့သော မညီမျှမှုများနှင့် ပဋိပက္ခစိန်ခေါ်မှုများ လျော့ပါးသက်သာစေရန် သမဝါယမအသင်းအဖွဲ့များကလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ချမှတ်ထားသည့် ၂၀၃၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၇)ရပ်ကို ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်(International Cooperative Alliance-ICA)အနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၂)တွင် ပါရှိသည့် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေးကို သိသာပေါ်လွင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ကမ္ဘာ့သမဝါယမ အသင်းအဖွဲ့များသို့ တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ပန်းတိုင် (၁၂)ကို အကောင်အထည်ဖော်ရာတွင် "ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအားလုံးပါဝင်သည့် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများပါဝင်သည့် မူဘောင်ချမှတ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် သဘာဝအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝနေထိုင်မှုအတွက် သတင်းအချက်အလက်ကို နေရာတိုင်း၌ လူတိုင်းရရှိရေး" တို့ကို ဦးစားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ မြန်မာ့သမဝါယမကဏ္ဍအနေဖြင့်လည်း လက်ရှိရရှိထားသည့် အောင်မြင်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သမဝါယမအသင်းသား တောင်သူဦးကြီးများသို့ အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးနေသည်ကို တွေ့ရှိရပါကြောင်း။

**ချေးငွေများပေးအပ်သွားမည်**

ပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေးသမဝါယမအသင်းသားများအတွက် (၁၀)ကြိမ်မြောက်အဖြစ် အသေးစားအရင်းအနှီးချေးငွေ ကျပ် ၅၄၂ ဒသမ ၇၈၂ ဘီလီယံ၊ စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ရန် လယ်ဧက ၂၄၉၀၁ ဒသမ ၈၀ အတွက် ချေးငွေကျပ် ၇ ဒသမ ၁၈၇ ဘီလီယံနှင့် မျိုးစေ့ထုတ်သမဝါယမအသင်းများသို့ ချေးငွေကျပ် ၁ ဒသမ ၁၅၈ ဘီလီယံတို့ကို ဗဟိုသမဝါယမအသင်းမှတစ်ဆင့် အသင်းစုချုပ်များသို့ ချေးငွေများပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေများကို မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများသို့ အသင်းအဆင့်ဆင့် လမ်းကြောင်းမှတစ်ဆင့် စနစ်တကျ အမြန်ဆုံး ဆက်လက်ထုတ်ချေးပေးသွားစေလိုပါကြောင်း။

လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များတွင် သမဝါယမကဏ္ဍကို ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် သမဝါယမလုပ်ငန်းများအောင်မြင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအထောက်အကူပြုလျက် ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု အခန်းကဏ္ဍများတွင် သမဝါယမအသင်းများအနေဖြင့် ယခုလက်ရှိအနေအထားထက် ပိုမိုလုပ်ဆောင်ပေးကြစေလိုပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်း၊ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းတို့အနေဖြင့် လယ်ယာသွင်းအားစုများ ရောင်းချခြင်းလုပ်ငန်းကို တောင်သူ ဦးကြီးများ၏ ဆန္ဒနှင့်အညီ တိုးချဲ့ ဖွဲ့စည်းသွားရန်နှင့် လယ်ယာထုတ်ကုန်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးကွင်းဆက် တစ်လျှောက် ကူညီပံ့ပိုး ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ လူမှုစီးပွားဘဝများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ့သမဝါယမများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လက်တွဲညီညီ ဆက်လက်လျှောက်လှမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဌေးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အသေးစားအရင်းအနှီး ချေးငွေများ၊ လယ်ယာမြေ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပံ့ပိုးငွေများ၊ မြို့နယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးချေးငွေများ၊ စက်ကိရိယာချေးငွေနှင့် မျိုးစေ့ထုတ် သမဝါယမအသင်းများ အတွက် ပံ့ပိုးငွေများနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည် အမြင့်မားဆုံးဆုရ သမဝါယမ အသင်းစုချုပ်များနှင့် ကုန်ထုတ်／ ဝန်ဆောင် ／ ကုန်သွယ်မှုတွင် ဘက်စုံထူးချွန်ဆုရအသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Cooperative Alliance-ICA) ကို နိုင်ငံတကာရှိ သမဝါယမအသင်းများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာရေးတို့ကို ရည်ရွယ်၍ ၁၈၉၅ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်ဖွံ့ဖြိုး ပြည့်အကျိုး၊ ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက် - Sustainable societies through cooperation" နှင့်အညီ သမဝါယမအသင်းအဖွဲ့များ အနေဖြင့် အသင်းသား၊ အသင်းဝင်များ အချင်းချင်း၊ အသင်းအချင်းချင်း အလျားလိုက် ဒေါင်လိုက် အချိတ်အဆက်မိမိ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်သွားကြရန် အပြည်ပြည်ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ်ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် အရောင်းပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်



၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဈေးရောင်းပွဲတော်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ သတင်းစဉ်

# ပေကျင်းမြို့တွင် ကျင်းပသည့် (၆)ကြိမ်မြောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၇

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Zhao Kezhi ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၆)ကြိမ်မြောက် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**




ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Zhao Kezhi နှင့်အတူ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပေကျင်းမြို့ Diaoyutai State Guest House ၏ အထူးအစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည့် (၆)ကြိမ်မြောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးနှင့် ပရိကာဆာများထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ လောင်းကစားမှုနှင့် ဆိုက်ဘာမှုခင်းများ တိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ လူဝင်လူထွက်မှုများ ထိန်းချုပ်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအပေါ် နှစ်ဖက်စလုံးမှ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည့် အချက် ၁၁ ချက်ပါရှိသည့် အစည်းအဝေးမှတ်တမ်းနှင့် မြန်မာ-တရုတ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှု စာချွန်လွှာတို့အား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Diaoyutai State Guest House အတွင်းရှိ သံတမန်ဆောင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးနှင့် ဥပဒေရေးရာဗျူရိုဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး Mr. Guo Sheng Kun အား သွားရောက်တွေ့ဆုံ၍ ဝန်ကြီးအဆင့် အစည်းအဝေးရလဒ်များ၊ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင် ခိုင်မြဲစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့သည် တရုတ်နိုင်ငံခရီးစဉ်အတွင်း ယူနန်ပြည်နယ် ကူမင်းမြို့၊ ကျန်းစူးပြည် နန်ကျင်းမြို့နှင့် ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့များသို့ ရောက်ရှိခဲ့ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဆွေးနွေးသဘောတူညီခဲ့သည့် ရလဒ်များအား ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများအကြား သတင်းအချက်အလက် ဖလှယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် ပြည်နယ်အဆင့်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု ခွင့်ပြု

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၉ / ၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ရှစ်ဦး တက်ရောက်ကြသည်။

**ဆွေးနွေးခြင်းများဆောင်ရွက်**

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်သုံးခုနှင့် အတည်ပြုမိန့်သုံးခု ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်အတွက် စာအုပ်နှင့်ငွေများပေးအပ်လှူဒါန်း

**ပခုက္ကူ ဇူလိုင် ၇**

ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေများပေးအပ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အမှတ် ၁၀ ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်အတွက် ငွေကျပ် ၁၇၅၀၀၀ တန်ဖိုးရှိ ကျော်လင်း(ဆောက်လုပ်ရေး) ရေးသားသည့် "သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံများ" စာအုပ်အသစ် ၅၀ အုပ်ကို စာရေးဆရာ ကျော်လင်း(ဆောက်လုပ်ရေး)ကိုယ်စား စာအုပ်စီစဉ်သူ ခရမ်းစိုးမြင့်ကလည်းကောင်း၊ စာကြည့်တိုက်အတွက် အလှူငွေကျပ် တစ်သိန်းကို ပခုက္ကူခရိုင် လမ်းဦးစီးဌာနမှ ခရိုင်အင်ဂျင်နီယာမှူး ဦးနေလင်းထွန်းနှင့်ဇနီးတို့ကလည်းကောင်း ပေးအပ်ရာ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင့်ဆွေတို့က ကျေးဇူးတင်စကားပြောကြား၍ မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာသက်လွင်က မှဒိတာစကားပြောကြားသည်။

**ခရမ်းစိုးမြင့်**

❊ *ကျောဖုံးမှ*

မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍဆွေးနွေးခြင်း၊ ညီလာခံသဘာပတိကိစ္စ၊ ညီလာခံအတွင်း ကဏ္ဍအလိုက် အစည်းအဝေးနှင့် အစုအဖွဲ့အလိုက် အစည်းအဝေး အခင်းအကျင်းကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စ၊ (၁၆)ကြိမ်မြောက် UPDJC Agenda ကိစ္စ၊ UPDJC Agenda အလိုက် တင်ပြမည့် ပုဂ္ဂိုလ်သတ်မှတ်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ညီလာခံမှာ နိုင်ငံရေးအရလည်း တစ်ချက်သဘောတူပါတယ်။ ကျန်တဲ့ ခြောက်ချက်ကို Option အနေနဲ့ တက်လာတယ်။ အတွင်းရေးမှူးမှာတော့ ဖြတ်လို့မရဘူး။ အဓိက အရေးကြီးတာကတော့ UPDJC အစည်းအဝေးကတော့ အဆုံးအဖြတ်ဖြစ်လာမှာပါ။ နောက် စီးပွားရေးမှာလည်း အလားတူပဲ Option တွေများတယ်။ တစ်ချက်ပဲ သဘောတူနိုင်တယ်။ ကျန်တာတွေက Option အနေနဲ့ တက်လာတော့ UPDJC မှာပဲ ဖြတ်ရမယ်။ နောက် မြေယာမှာလည်း အနည်းငယ်တော့ ရတယ်။ သို့သော် နောက်ထပ် ထပ်ပြီးတော့ Option တွေ ထပ်ဖြစ်လာတယ်။ နောက်ဆုံးလူမှုရေးမှာလည်း အလားတူပဲ ထပ်ပြီးတော့ ဆွေးနွေးရမယ့်ဟာတွေ ဖြစ်လာတော့ UPDJC မှာပဲ ဖြတ်ရတော့မှာပါ။ ဒါပေမယ့် ငြိမ်းချမ်းရေးညီလာခံအတွက် အဓိက ဆုံးဖြတ်ကြတာက အခုတနင်္လာနေ့မှာ ကျင်းပမယ့် UPDJC ရယ်၊ နောက် ညီလာခံကာလ ငါးရက်မြောက်နေ့မှာ ကျင်းပမယ့် UPDJC ရယ်ပေါ့။ အဲဒီအပေါ်မှာ အဓိကမူတည်သွားမှာပါ။ ပြီးရင်တော့ ကျွန်တော်တို့ရသလောက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၂ ကို ချုပ်ဆိုဖို့ အဲဒါ ဆက်သွားမှာပါ"ဟု ပြောကြားသည်။

အလားတူ စိုင်းကျော်ညွန့်က "မူဝါဒအဆိုပြုချက် နိုင်ငံရေးမှာဆို ခုနစ်ချက် ရှိပါတယ်။ စီးပွားရေးမှာဆိုရင် ၁၁ ချက်၊ လူမှုရေးမှာဆိုရင် ကိုးချက်၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှာဆိုရင် ငါးချက်၊ လုံခြုံရေးကတော့ ဆွေးနွေးချက်ပဲရှိပြီးတော့ မူဝါဒအဆင့်အထိ အဆိုပြုချက်မရှိပါဘူး။ ဒီအဆိုပြုချက်တွေထဲမှာကလည်း တချို့တချို့ အချက်တွေဆိုရင်တော့ အစုအဖွဲ့အားလုံးက သဘောတူထားတဲ့ အချက်အလက်တွေလည်းပါပါတယ်။ တချို့ တချို့အစုအဖွဲ့တွေကတော့ အစုအဖွဲ့အားလုံး သဘောမတူထားသေးဘူးဆိုတော့ Option အနေနဲ့ တပ်မတော်က ဘယ်လို၊ တိုင်းရင်းသားလက်နက်ကိုင်က ဘယ်လို၊ နိုင်ငံရေးပါတီက ဘယ်လို အဆိုပြုတယ်ဆိုပြီးတော့ အဆိုပြုချက်အပြိုင်တွေ အဲဒီလိုပုံစံနဲ့ စုစည်းထားတာရှိပါတယ်။ ပြီးတော့ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းလမ်းညွှန်အရလည်း လုပ်ငန်းကော်မတီက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ဖို့ မဟုတ်ပါဘူး။ ရှိတဲ့ သဘောတူထားတဲ့ဟာပါမယ်။ မတူသေးတဲ့ ဟာကိုလည်း UPDJC ကို တင်သွင်းပြီးတော့ ဆက်လက်အတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ အခု ၉ ရက်နေ့မှာ ကျင်းပမယ့် UPDJC အစည်းအဝေးကို လုံခြုံရေးကဏ္ဍကတော့ သူတို့ရဲ့ ဆောင်ရွက်မှုတွေပဲ တင်ပြမယ့်ပုံစံဖြစ်ပြီးတော့ ကျန်တဲ့လုပ်ငန်းကဏ္ဍ ကော်မတီလေးခုကတော့ သူတို့ရဲ့ အဆိုပြုလွှာနဲ့အတူ UPDJC ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ ဦးမင်းကျော်ဇေယျာဦးက "ပြည်နယ်တွေမှာ အကျိုးဖြစ်ထွန်းလာဖို့ စီးပွားရေးစီမံကိန်းတွေရေးဆွဲဖို့အတွက် အားလုံးသဘောတူညီပါတယ်။ အဲ့ဒီမှာမှ ကျွန်တော်တို့က Principle ဖြစ်မယ်။ ဒီ Principle ကိုကျွန်တော်တို့က UPDJC ကို ထပ်ပြီးတော့ တင်ပါမယ်။ UPDJC မှာ အတည်ပြုခဲ့တယ်ဆိုရင် အဲ့ဒီ Principle ရဲ့ အောက်မှာမှ ကိုယ့်ပြည်နယ်မှာ ဘယ်လိုမူဝါဒတွေနဲ့ သွားချင်တယ်ဆိုတဲ့ Policy တွေ ဆက်ရေးမယ်ဆိုတဲ့သဘောပါ။ ပြည်သူကို အကျိုးပြုမယ့် စီးပွားရေးစီမံကိန်းတွေ ရေးဆွဲဖို့၊ ရေးဆွဲခွင့် အဲဒီတစ်ချက်ကိုတော့ အားလုံးသဘောတူပါတယ်။

**မျိုးမြင့်(သတင်းစဉ်)**

# ဥတ္တရသီရိမြို့နယ်၌ မျိုးသန့်ထုတ်လုပ်မည့် တောင်သူများအား မျိုးစေ့များထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု ဘုန်းကြီးကျောင်းတွင် ၂၀၁၈-၂၀၁၉ မိုးစပါးရာသီ မျိုးသန့်မျိုးပွားထုတ်လုပ်မည့်တောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဥတ္တရခရိုင် ဦးစီးမှူး ဦးထိန်လင်းဟန်နှင့် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်တို့က စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မျိုးစေ့တာဝန်ခံ ဦးထင်ဝင်းက မျိုးသန့်မျိုးပွားများ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်မြဦးက ပိုးမွှားများကျရောက်နိုင်မည့် အန္တရာယ်များ၊ ပိုးမွှားကာကွယ်ရေးနည်းလမ်းများကို တောင်သူများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်သူများကို မျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# တရုတ်ယဉ်ကျေးမှုစင်တာဖွင့်ပွဲ ရန်ကုန်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

**တရုတ်ယဉ်ကျေးမှုစင်တာဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ အဆိုပါ စင်တာနေရာ၌ ကျင်းပသည်။**



အခမ်းအနားတွင် တရုတ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Jinzao ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တရုတ်ယဉ်ကျေးမှုစင်တာကို တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့် တာဝန်ရှိသူများက တရုတ်ယဉ်ကျေးမှုစင်တာ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်တို့မှ အတူတကွ တင်ဆက်ထားသည့် အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်ယဉ်ကျေးမှုစင်တာအတွင်း ပြသထားသည့် တရုတ်နိုင်ငံနှင့် ကမ္ဘာကို ချိတ်ဆက်ထားသည့် တံတားနှင့် တရုတ်ခရီးသွားလာရေးလုပ်ငန်းအကြောင်း ဓာတ်ပုံပြပွဲနှင့် လက်ဖက်ခြောက်နှပ်သည့်အနုပညာ၊ ဂျုံမှုန့်ရုပ်လုံးသွင်း အနုပညာ၊ တရုတ်စာရေးနည်းနှင့် တရုတ်ရိုးရာ ပန်းချီရေးဆွဲခြင်း အနုပညာတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

တရုတ်ယဉ်ကျေးမှုစင်တာသည် တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်စေရန်၊ နှစ်နိုင်ငံ ပြည်သူပြည်သားများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်မှုတို့ကို တိုးမြှင့်စေရန်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားကြောင်းသိရသည်။

အဆိုပါယဉ်ကျေးမှုစင်တာသည် အမှတ်(၃၉) ဒုတိယထပ် မင်းရဲကျော်စွာလမ်း အလုံမြို့နယ်တွင် တည်ရှိပြီး သင်တန်းခန်းများနှင့် စာကြည့်တိုက်တို့ပါဝင်ကာ အဆိုအက ဖျော်ဖြေပွဲများ၊ ပြပွဲများ၊ သင်တန်းများ၊ နှစ်နိုင်ငံမှ သုတေသီ ပညာရှင်အချင်းချင်း ဖလှယ်ပွဲနှင့် ရုပ်ရှင်ပြပွဲများ၊ ယဉ်ကျေးမှု လှုပ်ရှားမှုများကို ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်သူပြည်သားများအတွက် တရုတ်ရိုးရာ ယဉ်ကျေးမှုကို ဖော်ပြပေးနိုင်မည့်အပြင် တရုတ်ပြည်သူပြည်သားများအတွက်လည်း မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုကို မိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်ဖွင့်လှစ်ပြသမည်

**နေပြည်တော် ဇူလိုင် ၇**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက် (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အာဇာနည်ဗိမာန်ကို မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)တို့ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း၊ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားမည်ဖြစ်သည်။

ထို့ပြင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဇူလိုင် ၁၉ ရက်အပြင် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက် အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ဖွင့်လှစ် ပြသသွားမည်ဖြစ်၍ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးများ ရုံးဟောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမောင်မောင်သိမ်းက ပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပန်းချီကားများအား အကဲဖြတ်ပေးသော ဒိုင်လူကြီးများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။



**ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ပန်းချီပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

အဆိုပါ အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲသည် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး ပန်းချီနယ်ပယ်မှ ကျွမ်းကျင် အနုပညာရှင်များ၊ ပညာရေးအဖွဲ့အစည်းမှ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၂၀ အား စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**

❍ *ကျောဖုံးမှ*

အရေးပါလျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် အဖွင့်ပွဲတွင် တီမောနှင့် နှစ်ဂိုးစီသရေကျပြီး ဒုတိယပွဲတွင် ကမ္ဘောဒီးယားကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘရူနိုင်းအသင်းမှာမူ သုံးပွဲစလုံး ရှုံးနိမ့်ထားသောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ယခုပွဲတွင် ဂုဏ်သိက္ခာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းက "ကမ္ဘောဒီးယားကို အနိုင်ရခဲ့တဲ့အတွက် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို ချီးကျူးပါတယ်။ ဒါပေမယ့် ခံစစ်မှာ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ဆီမီးဖိုင်နယ် တက်ရောက်ဖို့ လက်ကျန်ပွဲတွေမှာ အကောင်းဆုံး ကြိုးစားမှာပါ။ ဘရူနိုင်းအသင်းနဲ့ပွဲမှာလည်း နိုင်ပွဲရဖို့ အကောင်းဆုံးယှဉ်ပြိုင်မှာပါ"ဟု ပြောကြားသည်။

**ရဲရင့်ရှိန်း**

## တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၇**

တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေး ဌာန ဝန်ကြီး H.E.Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ **(ဝဲပုံ)**



**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ရော်ဘာမိုးဦးမြေဩဇာကျွေးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်းနှင့် မြေနိမ့်ကော်ဖီစိုက်ပျိုးခြင်း နည်းပညာပေးကွင်းသရုပ်ပြ

**ဖာပွန် ဇူလိုင် ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဖာပွန်ခရိုင် ဖာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာရှိ ဦးစိုင်းမင်းညွန့်၏ ရော်ဘာခြံတွင် ရော်ဘာမိုးဦး မြေဩဇာကျွေးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်းနှင့် ဝင်ငွေရကြားသီးနှံ မြေနိမ့်ကော်ဖီစိုက်ပျိုးခြင်း နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင်ပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်ဆွေက ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးရေးနည်းပညာများ အပြည့်အဝရရှိနိုင်ရေးအတွက် ယခုလိုကွင်းသရုပ်ပြပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် ဒေသခံတိုင်းရင်းသားတို့၏ နှစ်ရှည်သီးနှံရော်ဘာစိုက်ခင်းများကို ရေရှည်ဒေသစီးပွားဖြစ် အစေးလိုးထုတ်လုပ်နိုင်ရေးအတွက် မိုးဦးဓာတ်မြေဩဇာအချိုးညီအချိန်ကိုက် ထည့်သွင်းခြင်း၊ ရော်ဘာပင်ပြုစုထိန်းသိမ်းခြင်းနည်းစနစ်များ၊ ဝင်ငွေရသော ကြားသီးနှံအဖြစ် မြေနိမ့်ကော်ဖီ ရိုဘတ်စတာမျိုးများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးစေခြင်းဖြင့် ဒေသခံတိုင်းရင်းသားတို့၏ လူနေမှုဘဝ၊ စီးပွားရေးဝင်ငွေတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးနည်းစနစ်ဆိုင်ရာ အခက်အခဲများကို အချိန်မရွေး ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ကော်ဖီပျိုးပင်များကို ဒေသခံတောင်သူများထံ ပေးအပ်ခဲ့ပြီး ရော်ဘာမြေဩဇာကျွေးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း၊ ကော်ဖီစိုက်ပျိုးခြင်းများကို လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ရာ တက်ရောက်လာသော တောင်သူများက သိလိုသည်များအား ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# နောင်တကြီး

## အန်ကယ်ပညာ

"ကျွန်တော်သည် ကျွန်တော့်ကိုယ်ရေးကိုယ်တာအတွက် လောကကြီးကိုစိတ်ပျက်သဖြင့် အသက်ရှင်၍ မနေလိုတော့သဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ပါသည်"

ဤစာသားသည် လွန်ခဲ့သော ၇၁ နှစ်ကျော်က ဂဠုန်ဦးစော၏နေအိမ်တွင် စုစည်းနေထိုင်ကြသည့် ၃၀ ခန့်သောလူတို့ကိုယ်တိုင် ရေးသားထားကြရသော စာတစ်စောင်ချင်းစီ၏ ဖော်ပြချက်ဖြစ်လေသည်။

**ဖော်ပြချက်၏အဓိပ္ပာယ်**

လျှို့ဝှက်ကြံစည်ထားသည့် အမှုကိစ္စ မပေါက်ကြားစေရေးနှင့် သက်ာမကင်းဖွယ် အမှုအရာပေါ်လာရုံမျှနှင့် ထိုသူအား လက်စတုံးပစ်နိုင်ရန် စီမံထားသည့် ဂဠုန်ဦးစော၏ ရက်စက်သောအကြံပင် ဖြစ်သည်။ ဤသို့ဖြစ်လျှင် ထိုသူကို သေနတ်ဖြင့် ပစ်သတ်ပြီး အင်္ကျီအိတ်ထဲတွင် စာနှင့် လက်ထဲတွင် သေနတ်တစ်လက်ထည့်၍ တစ်နေရာတွင်စွန့်ပစ်ကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသည့်သဏ္ဍာန် ဖန်တီးမည့်အဓိပ္ပာယ် ဖြစ်လေသည်။ ဦးစောသည် သူ့အိမ်ဝင်းအတွင်း စုစည်းနေထိုင်ကြသည့် လူ ၃၀ ခန့်ကို မည်သို့မှ ရုန်းမထွက်နိုင်အောင် ဤနည်းဖြင့် စီမံထားနိုင်ခဲ့ပေသည်။

**မအောင်မြင်ခဲ့သည့်ကြံစည်မှုတစ်ခု**

ဂဠုန်ဦးစောသည် အကြံကြီးသူ၊ အငြိုးအတေးကြီးသူတစ်ဦး ဖြစ်သည်။ မည်မျှ အကြံကြီးသနည်းဆိုလျှင် ထမင်းစားရင်းပင် အကြံထုတ်နေလေ့ရှိ၏။ ထမင်းကို တစ်ယောက်တည်း စားလေ့ရှိ၏။ ထမင်းတစ်ခါစားလျှင် အနည်းဆုံး တစ်နာရီခန့် ကြာတတ်၏။ ထမင်းစားရင်း အိမ်ဘေးရှိ အင်းလျားကန်ရေပြင်ကိုကြည့်ကာ အကြံထုတ်နေတတ်သည် ဆို၏။

လုပ်ကြံမှုကြီးမတိုင်မီ ရက်ပိုင်းခန့်အလိုတွင် နယ်ချဲ့အင်္ဂလိပ်ပိုင် မာကင်တိုင်ဘဏ်ကို ဓားပြတိုက်ရန် ကြံစည်ခဲ့သေး၏။ ဓားပြတိုက်မည့်အဖွဲ့ကို အင်းလျားကန်အတွင်းရှိ ကျွန်းတစ်ကျွန်းတွင် အသေးစိတ် ဇာတ်တိုက်လေ့ကျင့်စေခဲ့၏။ ဘဏ်အတွင်းသို့ လက်နက်ကိုင်ဆောင်ပြီး ဝင်ရမည်ဖြစ်၍ ဘေးလူမရိပ်မိစေရန် ဘဏ်ဖွင့်ချိန်အတွင်း မိုးရွာသည့်အချိန်တွင်မှ မိုးကာဝတ်၍ဝင်ရန် စီမံခဲ့လေ၏။

တစ်ပတ်ခန့်ကြာသည်အထိ မိုးမရွာသဖြင့် ဘဏ်ဓားပြတိုက်ရန်ကြံစည်မှုမှာ အထမမြောက်ခဲ့ပေ။ ယခင်က ဦးစောကို ယုံကြည်လေးစားမိသူအချို့ပင် ဓားပြတိုက်ရန်ကြံစည်သည်ကို မယုံနိုင်အောင်ဖြစ်ကြရသည်။ သို့ရာတွင် ဦးစောကိုစွန့်ခွာရန်ကား မဖြစ်နိုင်တော့ပေ။ ထိုအကြောင်းကို အချင်းချင်းပင် မဝေဖန်ဝံ့၊ မဆွေးနွေးဝံ့ကြပေ။ မည်သူက သူတစ်ပါး၏လက်ချက်ဖြင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူအဖြစ် စတေးခံလိုပါမည်နည်း။

**လက်နက်ခဲယမ်းများ**

၁၉၄၇ ခုနှစ် ဇွန်လ နောက်ဆုံးရက်သတ္တပတ်တွင် ဦးစောနေအိမ်သို့ ဘရင်းဂန်း အလက် ၂၀၀၊ ပြောင်းပို ၂၀၀ နှင့် လက်နက်ငယ်ကျည် ၁၃၀၀၀၀ ရောက်ရှိလာခဲ့သည်။ အဆိုပါ လက်နက်ခဲယမ်းများ မရောက်မီကတည်းကပင် ဘဏ်ဓားပြတိုက်ရန် ကြံစည်ခဲ့သည်ဖြစ်၍ ယခင်ကတည်းက ဦးစောထံတွင် လက်နက်ခဲယမ်းများ ရှိနှင့်နေသည်ကို သိနိုင်ပေသည်။ ရောက်ရှိလာသည့် ဘရင်းဂန်းများကို အင်းလျားကန်အတွင်းနှင့် နယ်မြို့များသို့ဖြန့်ခွဲ၍ ဝှက်ထားခဲ့လေသည်။

ထို့အပြင် အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်၍ အခြားသော လက်နက်ခဲယမ်း မြောက်မြားစွာ ထပ်မံရရှိရေးကိုလည်း ဆောင်ရွက်ထားခဲ့သေးသည်။ နေအိမ်ခြံဝင်းအတွင်းတွင် ဦးစော အပါအဝင် လက်နက်ငယ်ပစ်ခတ်မှုများ လေ့ကျင့်ခဲ့ကြသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ဦးစော၏ အကြံမှာ မည်မျှအထိရှိနိုင်သည်ကို ဦးစောသာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

**အသုံးချခံလက်ပါးစေများ**

လုပ်ကြံမှုကြီးတွင် ကြံရာပါဆိုသူများ ပါသကဲ့သို့ အသုံးချခံ လက်ပါးစေများလည်း ပါဝင်ခဲ့သည်ကို တွေ့ရပေသည်။ မည်သူက ကြံရာပါ၊ မည်သူက အသုံးချခံဆိုသည်ကို ခွဲခြားသုံးသပ်နိုင်ရန်အတွက် တစ်ဦးချင်းစီ၏ ကိုယ်ရေးအကျဉ်းနှင့် ဆောင်ရွက်ချက်တို့ကို ဆက်စပ်လေ့လာရန် လိုအပ်မည်ထင်ပါသည်။



ပြည်သူတစ်ရပ်လုံး ဝမ်းနည်းပူဆွေးရသည့် ဗိုလ်ချုပ်အောင်ဆန်း ဈာပနအခမ်းအနားတွင် လိုက်ပါပို့ဆောင်ကြသော ရဟန်းရှင်လူများ၏ မှတ်တမ်းဓာတ်ပုံ။

**ကိုစိုး။** ။ ဦးစော၏ တပည့်ရင်းဖြစ်သည်။ လုပ်ကြံမှုကြီးအတွက် ဦးစောနှင့် တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်သည်။ မင်းလှမြို့နယ်သားဖြစ်ပြီး စားနိုင်သောက်နိုင် ချောင်လည်သူဖြစ်သည်။ အတွင်းဝန်ရုံးကို ဝင်ရောက်ပစ်ခတ်ရာတွင် ပါဝင်ခဲ့သည်။ ထိုစဉ်က အသက် ၄၀ ဖြစ်သည်။

**ဘညွန့်။** ။ အသက် ၃၀ရှိပြီး အိုးသည်ကုန်းမြို့ တရားရုံးတွင် ရှေ့ဖတ်စာရေး လုပ်ဖူးသည်။ အကြံဉာဏ်ကောင်းသူဖြစ်၍ ဦးစော၏ အယုံကြည်ရဆုံးသူဖြစ်သည်။ ဦးစော၏အိမ်တွင် အတူနေခွင့်ရသူဖြစ်သည်။ အတွင်းဝန်ရုံးသို့ ဝင်ရောက်ပစ်ခတ်ရာတွင် ပါဝင်ခြင်းမရှိဘဲ လုပ်ကြံနိုင်ရန် ကြိုတင်ကင်းထောက်သည့်အဖွဲ့တွင် ပါဝင်ခဲ့သည်။

**သက်နှင်း။** ။ ကျိုက်လတ်မြို့ မျိုးချစ်ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ဦးစောနှင့် အပြန်အလှန် ယုံကြည်မှုရှိသူဖြစ်သည်။ ထိုအချိန်က အသက် ၄၀ ကျော်ဖြစ်ပြီး ဝင်ရောက်ပစ်ခတ်ရာတွင် ပါဝင်သူဖြစ်သည်။

**မှုံကြီး။** ။ အသက် ၃၀ ရှိပြီး ပညာမတတ်ပေ။ အိမ်၏အလုပ်ကြမ်းသမား၊ အိမ်တွင်းအခိုင်းအစေအဖြစ် ဦးစောက ခေါ်ယူကျွေးမွေးထားသူဖြစ်သည်။ ထိုနေ့က ဗိုလ်ချုပ် ရုံးတက်၊ မတက်နှင့် ဗိုလ်ချုပ်၏ လှုပ်ရှားမှုကို စောင့်ကြည့်သတင်းပို့ရသူအဖြစ် ပါဝင်ခဲ့သည်။

**ရန်ကြီးအောင်။** ။ အသက် ၁၆ နှစ်သာ ရှိသေးသည်။ ဦးစော၏ တူတော်စပ်ပြီး နိုင်ငံရေးအကြောင်း နားမလည်၊ ဗိုလ်ချုပ်ကို မြင်ဖူးခြင်းမရှိ၊ အတွင်းဝန်ရုံး ဘယ်တွင်ရှိသည်ကိုမျှ မသိသူဖြစ်သည်။ သို့ရာတွင် လက်ရဲဇက်ရဲ ပစ်ရဲခတ်ရဲ မိုက်သွေးရဲသည့် လူငယ်ဖြစ်သဖြင့် လုပ်ကြံမှုစတင်ရန် ကားထွက်ခါနီးမှ သေနတ်သမားတစ်ယောက် လိုနေသဖြင့် ပစ်ခတ်သည့်အဖွဲ့တွင် ပါသွားခဲ့သူဖြစ်သည်။

**စိန်ကြီး။** ။ ထိုစဉ်က အသက် ၂၂ နှစ်သာ ရှိသေးသည့် စိန်ကြီးမှာ ကြံ့ပြင်ကောက်ဇာတိဖြစ်၏။ လူရည်သန့်သူ၊ သပ်ရပ်စွာ ဝတ်ဆင်တတ်သူ၊ ဆက်ဆံရေးကောင်းသူတစ်ဦး ဖြစ်လေသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် တော်လှန်ရေးတပ်သားအဖြစ် ပါဝင်ခဲ့၏။ တော်လှန်ရေးအပြီး၌ ပြည်သူ့ရဲဘော်အဖွဲ့တွင် တက်ကြွသည့် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ စိန်ကြီး၏မိဘများသည် ချမ်းသာကြွယ်ဝသူများဖြစ်ပြီး ဦးစောကို ပုဂ္ဂိုလ်ရေးအရ အလွန်လေးစားကြည်ညိုကြသူများ ဖြစ်ကြသည်။ မိဘများက စိန်ကြီးကို ဦးစောထံ အပ်နှံကြ၏။ စိန်ကြီးက နိုင်ငံရေးအယူအဆမတူသူနှင့် လက်တွဲ၍မလုပ်နိုင်ကြောင်း၊ ဦးစော၏ ဝါဒကို မကြိုက်ကြောင်း အပြင်းအထန် ငြင်းဆန်ခဲ့သော်လည်း မိဘနှင့်ဦးစောကို အားနာ၍ လက်ခံခဲ့ရလေ၏။ သို့ရာတွင် ဦးစောထံမှ သုံးကြိမ်တိုင်တိုင် ထွက်ပြေးခဲ့သေး၏။ နောက်ဆုံးတွင် ဦးစောနှင့် မြဲနေရခြင်းမှာ တော်လှန်ရေးကာလတွင် တွေ့ရှိ ချစ်ကျွမ်းဝင်ခဲ့သည့် ရန်ကုန်ရှိ သူနာပြုဆရာမလေးကို ရှာဖွေတွေ့ရှိခြင်းနှင့် ဦးစော၏ သမီး ဘေဘီစောကို နှမရင်းသဖွယ် သံယောဇဉ်တွယ်ခဲ့ခြင်းတို့ကြောင့် ဖြစ်လေသည်။ လုပ်ကြံမှုကြီးတွင် အတွင်းဝန်များရုံးသို့ ဝင်ရောက်ပစ်ခတ်သည့်အဖွဲ့တွင် ပါဝင်ခဲ့သည်။

**သုခ။** ။ ကျိုက်လတ်မြို့တွင် မိသားစုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူဖြစ်သည်။ တစ်မြို့တည်းနေ သက်နှင်းနှင့် ခင်မင်ရင်းနီးရာမှ ဦးစောနှင့် ဆက်စပ်သွားရသူဖြစ်သည်။ ဦးစောအိမ်သို့ လုပ်ကြံမှုကြီးမတိုင်မီ ရက်ပေါင်း ၄၀ ကျော်ကမှ ရောက်ရှိခဲ့သူဖြစ်သည်။ လုပ်ကြံမှုကြီးဖြစ်ပေါ်သည့်နေ့က အတွင်းဝန်များရုံးကို ဝင်ရောက်ပစ်ခတ်မည့် ကိုစိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို တင်ဆောင်သည့် ဂျစ်ကားကို မောင်းနှင်ရသူဖြစ်၏။ ဦးစောအိမ်မှ အတွင်းဝန်များရုံးသို့သွားရာတွင် စိန်ကြီး လမ်းညွှန်သည့်အတိုင်း မောင်းနှင်ပေးခဲ့ပြီး ပစ်ခတ်သည့်အဖွဲ့ အမြန်ပြန်ထွက်နိုင်ရန် ကားစက်နှိုးထားရင်း စောင့်နေခဲ့ရသူဖြစ်၏။ အသက် ၄၁ နှစ်ဖြစ်သည်။

**ခင်မောင်ရင်။** ။ ဦးစော၏အိမ်တွင် နေထိုင်ကြသူများအနက် ခင်မောင်ရင်၊ စိန်ကြီးနှင့် သုခတို့ သုံးဦးသာ ကားမောင်းတတ်လေ၏။ ဦးစော အပြင်သွားတိုင်း အများဆုံး ကားမောင်းရသူမှာ ခင်မောင်ရင်ဖြစ်၏။ လုပ်ကြံမှုကြီးနေ့က ပစ်ခတ်မည့်အဖွဲ့ မထွက်ခွာမီ မှုံကြီး၊ ကိုနီ၊ ဘညွန့်နှင့် ခင်မောင်ရင် တို့မှာ ကားတစ်စီးနှင့် ဦးစောအိမ်မှ ကြိုတင်၍ ထွက်ခွာခဲ့ကြပြီး ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဗိုလ်ချုပ်၏လှုပ်ရှားမှုကို စောင့်ကြည့်သတင်းပို့ရန်နှင့် ပစ်ခတ်ရေးအဖွဲ့ အတွင်းဝန်များရုံးမှ အမြန်ပြန်ထွက်နိုင်ရေး ကြိုတင်စီစဉ်ရန် ဖြစ်လေသည်။

**လုပ်ကြံမှုကြီး**

ကာလမှာ နယ်ချဲ့အင်္ဂလိပ်တို့လက်မှ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေစဉ်ကာလ ဖြစ်သည်။ အချိန်မှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ် ဖြစ်သည်။ နေရာမှာ ရန်ကုန်မြို့ အတွင်းဝန်များရုံး အနောက်ဘက်အဆောင်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ အစည်းအဝေးခန်းမတွင်ဖြစ်သည်။ လုပ်ကြံမှုကြီး မဖြစ်ပွားမီ အခြေအနေမှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ဝန်ကြီးအဖွဲ့အစည်းအဝေး ကျင်းပနေချိန်ဖြစ်သည်။

ထိုအစည်းအဝေးခန်းမအတွင်းသို့ ဦးစော၏ စေခိုင်းချက်အရ ကိုစိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့က တော်မီဂန်းသုံးလက်၊ စတင်းဂန်း တစ်လက်တို့ဖြင့် အတွဲလိုက် ဝင်ရောက်ပစ်ခတ်ခဲ့ကြသည်။ တိုင်းပြည်အကျိုးအတွက် ဆွေးနွေးဆောင်ရွက်နေကြသော အစည်းအဝေးခန်းမသည် အခိုက်အတန့်သော အချိန်ကလေးအတွင်းမှာပင် သွေးပင်လယ်အဖြစ်သို့ ပြောင်းလဲသွားခဲ့ရလေပြီ။

> "လုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက် ငါးနာရီခန့်အကြာတွင် ဦးစောအိမ်ရှိ လူအားလုံး ထိန်းသိမ်းခံလိုက်ရသည်။ စစ်ဆေးမှုများစတင်ရာတွင် ခင်မောင်ရင်ကို ဦးစွာစစ်ဆေးကြသည်။ ခင်မောင်ရင်က လုပ်ကြံမှုကြီးတစ်ခုလုံးကို ပထမဆုံး အလုံးစုံ ဖော်ခဲ့သူဖြစ်လေသည်။ သို့ရာတွင် တရားရုံး၌ စာရေးလုပ်ခဲ့ဖူးသော ဘညွန့်က တရားသူကြီးထံ အလုံးစုံဖြောင့်ချက်ပေးမည်ဖြစ်၍ ဖော်ကောင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ရာ တရားသူကြီးကလည်း ထုတ်ပေးခဲ့သည်။ ဤသို့ဖြင့် ပထမဆုံး အလုံးစုံဖော်ခဲ့သော ခင်မောင်ရင်မှာ ဖော်ကောင်မဖြစ်ဘဲ နောက်မှဖော်သည့်ဘညွန့်က ဥပဒေကို နားလည်သောကြောင့် ဖော်ကောင်ဖြစ်ခဲ့လေသည်"

**ဖော်ကောင်ဘညွန့်**

လုပ်ကြံမှုကြီးပြီး၍ အိမ်ပြန်ရောက်ချိန်တွင် ဦးစော၏မျက်နှာမှာ ရွှင်ပျခြင်းမရှိလှပါ။ လူတို့သည် ကိုယ်မှန်သည်ထင်သည့်အရာကို လုပ်ကြသည်။ ပြုလုပ်သည့် ကုသိုလ်နှင့် အကုသိုလ်က ပြုလုပ်သူအတွက် ဝမ်းသာပီတိနှင့် နောင်တကို တစ်ဖန်ပြန်၍ ဖန်တီးပေးလေသည်။ ကြံစည်ခဲ့သည့် လုပ်ကြံမှုကြီး အောင်မြင်ခဲ့သော်လည်း အကုသိုလ်အလုပ်ဖြစ်၍ ဝမ်းသာပီတိကို မည်သည့်နည်းနှင့်မျှ မရနိုင်ပေ။ သို့ဖြစ်၍ မှန်သည်ထင်၍လုပ်ခဲ့သော ဦးစောသည်ပင် နောင်တ တစ်ဖန် ပူပန်နေခဲ့သည့်သဘော ဖြစ်ပေလိမ့်မည်။

လုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက် ငါးနာရီခန့်အကြာတွင် ဦးစောအိမ်ရှိ လူအားလုံး ထိန်းသိမ်းခံလိုက်ရသည်။ စစ်ဆေးမှုများ စတင်ရာတွင် ခင်မောင်ရင်ကို ဦးစွာစစ်ဆေးကြသည်။ ခင်မောင်ရင်က လုပ်ကြံမှုကြီးတစ်ခုလုံးကို ပထမဆုံး အလုံးစုံဖော်ခဲ့သူဖြစ်လေသည်။ သို့ရာတွင် တရားရုံး၌ စာရေးလုပ်ခဲ့ဖူးသော ဘညွန့်က တရားသူကြီးထံ အလုံးစုံ ဖြောင့်ချက်ပေးမည်ဖြစ်၍ ဖော်ကောင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ရာ တရားသူကြီးကလည်း ထုတ်ပေးခဲ့သည်။ ဤသို့ဖြင့် ပထမဆုံး အလုံးစုံဖော်ခဲ့သော ခင်မောင်ရင်မှာ ဖော်ကောင်မဖြစ်ဘဲ နောက်မှဖော်သည့် ဘညွန့်က ဥပဒေကိုနားလည်သောကြောင့် ဖော်ကောင်ဖြစ်ခဲ့လေသည်။

**နောင်တကြီး**

လုပ်ကြံမှုကြီးကို အထူးခုံရုံးနှင့် စစ်ဆေးစီရင်ခဲ့သည်။ ပြစ်မှုအလျောက် သေဒဏ်၊ တစ်သက်တစ်ကျွန်းထောင်ဒဏ်နှင့် နှစ်ကြီးထောင်ဒဏ်တို့ ကျခံခဲ့ကြရသည်။ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ဦးစော၊ ကိုစိုး၊ သက်နှင်း၊ မှုံကြီး၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ကြိုးပေးခဲ့လေသည်။ ခင်မောင်ရင်၊ သုခနှင့် ကိုနီတို့မှာ တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ခံကြရလေသည်။ ကြိုးမိန့်ပေးခံရသူများ အနေဖြင့် ဘဝဇာတ်သိမ်းသွားခဲ့ကြပြီဖြစ်သော်လည်း သက်ရှိထင်ရှား ထောင်ဒဏ်ကျခံနေကြသူများအနေဖြင့် ထိုကိစ္စကို မည်သို့ပင် မေ့ပျောက်ထားကြစေကာမူ နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့ ရောက်တိုင်း နောင်တ တစ္ဆေ၏ ခြောက်လှန့်ခြင်းကို ခံရမည်မလွဲပေ။

ထိုစဉ်က အင်းစိန်ထောင်အတွင်း ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနေရသည့် သုခက "လုပ်ကြံမှုကြီးတွင် တရားခံတစ်ယောက် ဖြစ်ခဲ့ရသည့်အတွက် ကျွန်တော့်မှာလည်း လူဖြစ်ရှုံးပါပြီ၊ ဤရာဇဝင်ကြွေးဆိုးကြီးကို ဆပ်၍ ကျေနိုင်တော့မည်မထင်ပါ၊ ယခု ထောင်နှစ် ၂၀ ကျခံပြီးသည်နောက် အကယ်၍ ထောင်ထဲမှာမသေဘဲ လွတ်ခဲ့သည့်တိုင်အောင် ဤအပြစ်ကြီးအတွက် အပြစ်မရှိတော့ဟု မဆိုနိုင်ပါ၊ ကျွန်တော် သေသွားသည့်တိုင်အောင်လည်း ဤအမည်းမှတ်ကြီးသည် ပျောက်တော့မည်မဟုတ်ပါ၊ သားစဉ်မြေးဆက် ထိခိုက်ဝမ်းနည်းဖွယ်ဖြစ်ပါသည်၊ ဤနိုင်ငံရေးအကုသိုလ်ကြီး ပပျောက်သွားမည့် ကုစားမှုအလုပ်ဆိုလျှင် ယခုချက်ချင်းပင် သေရပါစေ၊ ကျွန်တော် ထမ်းဆောင်မည်သာဖြစ်ပါသည်"ဟု ဆိုခဲ့ပါသည်။ သို့ရာတွင် သုခ မျှော်လင့်သလို ကုစားမှုကို ရှာတွေ့နိုင်ပါမည်လား။

လူတို့သည် မိမိအမြင်တွင် မှန်သည်ထင်သည့်အလုပ်တို့ကို ပြုလုပ်လေ့ရှိကြသည်။ ထိုပြုမိသည့်အလုပ်ကို ပြန်လှည့်ကြည့်လျှင် ဝမ်းသာပီတိ ဖြစ်ရပါ၏လား၊ သို့မဟုတ်လျှင် နောင်တ တစ်ဖန် ပူပန်နေရပါသလား။ ဤကား ကုသိုလ်၊ အကုသိုလ်ဟု ထိုစိတ်ခံစားမှုများက ခွဲခြားပေးကြလိမ့်မည် ထင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ လူမိုက်တို့ကို ဝေးစွာရှောင်ကြဉ်ခြင်းသည် မင်္ဂလာဟု ဆိုကြသကဲ့သို့ ဆန့်ကျင်ဘက်အားဖြင့် လူမိုက်တို့နှင့် ပေါင်းသင်းမိခြင်းသည် မိမိနှင့် သူတစ်ပါးတို့အတွက် ကြီးစွာသောအန္တရာယ် ဖြစ်စေတတ်သည်ကို ဤလုပ်ကြံမှုကြီးတွင် လေ့လာ၍ သင်ခန်းစာယူသင့်လှပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

**(၁၉၅၇ ခုနှစ် စာပေဗိမာန် စာပဒေသာဆုရ လူထုဦးလှ၏ ထောင်နှင့်လူသားစာအုပ်ကို မှီငြမ်း၍ ရေးသားထားပါသည်)**

# ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက တစ်ကိုယ်ရေမိခင်တွေကို စောင့်ရှောက်ပေးနိုင်တဲ့ မြင့်မိုရ်မေတ္တာခိုနားရာဂေဟာကို လာပြီးလေ့လာတာပါ၊ လေ့လာရင်းနဲ့ ပံ့ပိုးလို့ရတာကို ပံ့ပိုးပေးမယ်

**ပါမောက္ခ ဒေါက်တာမြသီတာ**

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အပြင်တွင် မိုးသည်းနေသော်လည်း အိမ်ထဲတွင် နွေးနွေးထွေးထွေး ခြောက်ခြောက်သွေ့သွေ့၊ မွေးကင်းစနှင့် လသားအရွယ် ကလေးငယ်လေးများကို အိမ်ရှေ့ခန်းတွင် စီတန်း၍ တွေ့ရသည်။ အသံလာရာဆီသို့ မော့ကြည့်နေသည့် ကလေးငယ်လေးများရှိသလို နှစ်နှစ်ခြိုက်ခြိုက် ခြေပစ်လက်ပစ် အိပ်ပျော်နေသည်လည်းရှိသည်။ သူတို့ ကြားနေကျအသံများမဟုတ်၍ ထူးဆန်းနေ၍လားမသိ ကလေးတစ်ဦးက ''ဝါး''ခနဲ အော်ငိုနေပြီး ကောက်ချီလိုက်ရာ ချက်ချင်းပင်အငိုတိတ်သွားသည်။ နောက်မှ သိရသည်မှာ လက်ကြိုက်နေသူကလေးဖြစ်ပြီး နာမည်မှာ ဘုတ်ဆုံ၊ တစ်လပင်မပြည့်သေးရက်သားကလေးလေးဖြစ်သည်။**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြင့်မိုရ်မေတ္တာခိုနားရာဂေဟာတွင်ဖြစ်ပြီး ကလေးငယ်ကလေးများကို ယခုကဲ့သို့ တွေ့မြင်ရခြင်းဖြစ်သည်။ မြင့်မိုရ်မေတ္တာခိုနားရာဂေဟာသည် ခင်ပွန်းသည်မရှိသည့် တစ်ကိုယ်ရေမိခင်များကို ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီးသည်အထိ ပြုစုစောင့်ရှောက်မှုပေးနေသည်။ တည်ထောင်သူမှာ ဒေါက်တာမြတ်စန္ဒာသန့်ဖြစ်ပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဝင်တစ်ဦးလည်းဖြစ်သည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် ဧပြီလက စတင်ဖွဲ့စည်းခဲ့ပြီး အသိပညာပေးလုပ်ငန်းစဉ်များ၊ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေမိခင်များကို ပြုစုစောင့်ရှောက်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့ မွန်းလွဲပိုင်းက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ ဦးဆောင်သည့် အဖွဲ့ဝင် ငါးဦးပါဝင်သောအဖွဲ့သည် မြင့်မိုရ်မေတ္တာခိုနားရာဂေဟာရှိ တစ်ကိုယ်ရေမိခင်များနှင့် မွေးကင်းစကလေးငယ်များ စောင့်ရှောက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုပြီး ကူညီစောင့်ရှောက်မှုများ တိုးချဲ့နိုင်ရေးနှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာနှင့် အသင်းအဖွဲ့ဝင်တစ်ဦးဖြစ်သော မြင့်မိုရ်မေတ္တာခိုနားရာ ဂေဟာတည်ထောင်သူ ဒေါက်တာမြတ်စန္ဒာသန့်တို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။



ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မြသီတာနှင့် အဖွဲ့ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြင့်မိုရ်မေတ္တာ(နားခိုရာ)တွင် ကလေးငယ်များအား ကြည့်ရှုစဉ်။ သတင်းစဉ်

### ပါမောက္ခ ဒေါက်တာမြသီတာ



ကျွန်မတို့ အဖွဲ့က ပြီးခဲ့တဲ့နှစ်က စတင်ဖွဲ့စည်း ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဧပြီလလောက်မှာ ပထမအကြိမ် အစည်းအဝေးလုပ်တာပါ။ ဒီအဖွဲ့ကြီး ဖြစ်ပေါ်လာတာကလည်း မကြာခဏ ကလေးစွန့်ပစ်တာတွေ၊ ပရဟိတဂေဟာတွေနဲ့ ဆေးရုံတွေမှာ စွန့်ပစ်တာများလာတာတဲ့အခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်က ဒီကလေးတွေကိစ္စကို အမြန်ဆုံးကိုင်တွယ်ဖြေရှင်းဖို့လိုပြီ၊ အဲဒီတော့ ဝိုင်းဝန်းလုပ်ကြပါလို့ တာဝန်ပေးလာတဲ့အတွက် ၂၀၁၇ ခုနှစ် ဧပြီလလောက်ကစပြီး လုပ်ငန်းတွေစခဲ့ကြတယ်။ မလိုချင်တဲ့ ကိုယ်ဝန်မရအောင် ကာကွယ်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေလုပ်ဖို့ ဩဂုတ်လမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ လူငယ်သုံးဦးစီပါဝင်သော နည်းပြသင်တန်းကို ပြုလုပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆက်လက်ပြီးလုပ်ဖို့က သိပ်ပြီး အင်အားမတောင့်တင်းသေးတဲ့အတွက် ကျွန်မတို့ဗဟိုအဖွဲ့ကပဲ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ လှည့်ပတ်ပြီး အသိပညာပေးလုပ်ငန်းတွေကို လုပ်ပါတယ်။ ပထမဆုံးက ရန်ကုန်မှာ ကျင်းပတဲ့ လူငယ်ပွဲတော်၊ မကွေး၊ မော်လမြိုင်နဲ့ ရန်ကုန်ပြည်သူ့ရင်ပြင်မှာ စုစုပေါင်း လေးကြိမ် ပြုလုပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဒါကို ဆက်လက်ဆင့်ပွားအနေနဲ့ လုပ်ဖို့ဆိုတာက ကျွန်မတို့ လက်လွှဲထားခဲ့ဖို့ အသင်းအဖွဲ့က မရှိဘူး။ အဲဒါနဲ့ အခု ကျွန်မတို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အသင်းတွေ ဖွဲ့စည်းဖို့ ကြိုးစားနေပါတယ်။ ပြည်သူထဲက ပြည်သူ့ခွန်အားကို အသုံးပြုပြီး ပြည်သူတွေကို ပြန်ပြီးပံ့ပိုးနိုင်ဖို့ ကြိုးစားနေတဲ့ အသင်းတစ်ခု ဖြစ်ပါတယ်။

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို)အဖွဲ့က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒေါက်တာမြတ်စန္ဒာသန့်ရဲ့ ရင်ခွင်မဲ့အဖြစ်ကို ရောက်နိုင်တဲ့၊ တစ်ကိုယ်ရေမိခင်တွေကို စောင့်ရှောက်ပေးနိုင်တဲ့ မြင့်မိုရ်မေတ္တာ ခိုနားရာဂေဟာကို လာပြီးလေ့လာတာပါ။ လေ့လာရင်းနဲ့ ပံ့ပိုးလို့ရတာကို ပံ့ပိုးပေးမယ်။ ဒေါက်တာမြတ်စန္ဒာသန့်ကလည်း ကျွန်မတို့ အဖွဲ့ဝင်တစ်ယောက်ပါ။ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်ကလည်း ကျွန်မတို့လုပ်ရမယ့် လုပ်ငန်းစဉ်တွေထဲက လုပ်ငန်းစဉ်တစ်ခုပါ။ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချဖို့မှာ ရင်ခွင်မဲ့ဖြစ်နိုင်ခြေရှိသော မိခင်များပေါ့၊ အဲဒါတွေကတော့ တစ်ကိုယ်ရေမိခင်များပေါ့။ တစ်ကိုယ်ရေမိခင်တွေက ကိုယ့်ရဲ့လူမှုရေး အခက်အခဲတွေနဲ့ ကိုယ့်သားသမီးကို မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်ရတာတွေ အများကြီးရှိတယ်ဆိုတော့ ဒီလူတွေကို ဒေါက်တာမြတ်စန္ဒာသန့်က ပြုစုသလိုပဲ မမွေးခင်၊မွေးဖွားစဉ်နဲ့ မွေးပြီး ၄၅ ရက်အထိ စောင့်ရှောက်မှုတွေပေးရင်း ဒီအမေတွေသည် ကိုယ့်ကလေးကို မစွန့်ပစ်ဘဲ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကိုယ့်ရင်ခွင်မှာပဲ မွေးမြူခြင်းဖြင့် ရင်ခွင်မဲ့တွေ လျော့ကျသွားမှာဖြစ်ပါတယ်။ သူတို့တွေသည် ဘဝမှာ အဆိုးရွားဆုံးအခက်အခဲတွေ ကြုံတွေ့ရတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ ကျွန်မတို့ တိုင်းပြည်ရဲ့ဓလေ့ထုံးတမ်းအစဉ်အလာအရ စောင့်ရှောက်တာထက် ပြစ်တင်ပြောဆိုတယ်။ ကိုယ့်မိသားစုကိုယ်တိုင်က ပြစ်တင်ပြောဆို ဆူပူတယ်။ သူငယ်ချင်း အပေါင်းအသင်း၊ မိတ်ဆွေတွေကလည်း တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုးပြောဆိုတယ်။ အဲဒီအချိန်ခါမျိုးမှာ သူတို့တွေ ခံစားနေရတယ်။ တချို့လည်း သတ်သေချင်လောက်ကို ဖြစ်ခဲ့ကြတယ်။ တချို့လည်း သတ်သေသွားကြတယ်ပေါ့နော်။ အဲဒီလို အခြေအနေမျိုးမှာ ဒီလို အတိဒုက္ခရောက်နေတဲ့ အမေတွေကို မြန်မာပြည်သူပြည်သားအချင်းချင်း၊ ပြည်သူက ပြည်သူကို ကူညီဖေးမစောင့်ရှောက်ပေးခြင်းအားဖြင့် သူတို့ကို စိတ်ဓာတ်ခွန်အားတွေပေးမယ်။ ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေလုပ်ပေးမယ်။ စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုတွေ လုပ်ပေးခြင်းအားဖြင့် ကလေးကို မစွန့်ပစ်ရအောင် မိဘရင်ခွင်မှာပဲ ကြီးပြင်းရအောင်ပေါ့။

အခု လာကြည့်လိုက်တဲ့အခါ ကလေးတွေသည် တကယ့်သန့်သန့်ပြန့်ပြန့်၊ သန့်သန့်ရှင်းရှင်းနဲ့ ခြင်ကိုက်ရာတစ်ခုမရှိတဲ့ ကလေးလေးတွေဖြစ်လာတယ်။ ဒီအခုအချိန်မှာ ဒီလိုအခြေအနေ ကြီးလာခြင်းအားဖြင့် နိုင်ငံ့သားကောင်းတွေဖြစ်လာနိုင်မယ်။ အဲဒီလို မဟုတ်ဘဲ မိဘရင်ခွင်မဲ့သွားပြီဆိုကတည်းက ဒီကလေးတွေသည် အသက်ရှင်ရပ်တည်ဖို့က သိပ်မလွယ်တော့ဘူး။ အဲဒါအပြင် စောင့်ရှောက်ခံပိုင်ခွင့်ဆိုတာ သူတို့ကို စောင့်ရှောက်မယ့်သူသည် အမေအရင်းတော့မဟုတ်တော့ဘူး။ သူတို့ကို စောင့်ရှောက်ပေးမယ့်သူက အမေအရင်းကဲ့သို့ စောင့်ရှောက်တယ်ဆိုတာ ရဖို့သိပ်ခဲယဉ်းပါတယ်။ အဲဒီမှာမှ ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုတာ ဒီမှာ ကလေးလေးတွေသည် နှစ်လ၊ သုံးလအထိုက်အလျောက်သူတို့ ဖွံ့ဖြိုးတိုးတက်နေပြီ၊ ခေါင်းလေးတွေထောင်နေပြီ။ မြူလိုက်ရင် ရယ်ပြတတ်နေပြီ။ ဒီလို ဖွံ့ဖြိုးတိုးတက်လာတာသည် ပုံမှန် မိခင်ရဲ့စောင့်ရှောက်မှုရလို့ပါပဲ။ မိခင်ရဲ့စောင့်ရှောက်မှုမရဘဲ မေတ္တာငတ်နေတဲ့ ကလေးတွေရဲ့ ဖွံ့ဖြိုးမှုကတော့ ဒီလိုမျိုးလာမှာ မဟုတ်ဘူး။ အမြဲတမ်းမေတ္တာငတ်နေတဲ့ အတွက်ကြောင့် ဒေါသတွေဖြစ်နေမယ်၊ စိတ်တွေဆိုးနေမယ်၊ ရန်လိုနေမယ်။ ဒီကလေးလေးတွေ ကြီးပြင်းလာရင် ကျွန်မတို့ တိုင်းပြည်အတွက် တကယ့်ကိုစိတ်ပူရတဲ့ အခြေအနေပေါ့။ ဒါကြောင့် ဒီလုပ်ငန်းက တကယ်ကို လုပ်သင့်တဲ့ လုပ်ငန်းဖြစ်ပါတယ်။

ဒီမှာဆိုရင် အများစုကို ကြည့်လိုက်ရင် ဒီလို ဒုက္ခမျိုးစုံကလာတယ်။ အချင်းချင်းမျှဝေခံစားခြင်းနဲ့ သူတို့က စိတ်ဓာတ်ခွန်အားတွေ ရလာတယ်။ ဒီက စောင့်ရှောက်ခြင်းနဲ့ အမြဲတမ်းအားပေးနေတဲ့အတွက် သူတို့တွေ ပျော်ပျော်ပါးပါး နေကြတယ်။ ဒါပေမယ့် ကျွန်မတို့ အလုပ်က သူတို့တွေ ၄၅ ရက်ပြည့်ပြီးရင် ဒီအမေတွေ ရပ်တည်နိုင်ဖို့ ကျွန်မတို့ ဆက်လက်စောင့်ရှောက်ရပါဦးမယ်။ သူတို့တွေ အလုပ်အကိုင်ရရှိရေး၊ သူတို့ ကျွမ်းကျင်မှု မြင့်မားလာရေး၊ စိတ်ဓာတ်ပိုမိုကြံ့ခိုင်လာရေး ၊ ဒါတွေ ကျွန်မတို့ အဖွဲ့တွေက ဆက်လက်လုပ်ပေးမှာပါ။ ဒီလုပ်ငန်းကို မြန်မာပြည်အနှံ့အပြားမှာ၊ လိုအပ်ရင်လိုအပ်တဲ့ နေရာတွေမှာ ကျွန်မတို့ အဖွဲ့တွေက ဆက်လက်ပြီး လုပ်သွားဖို့ရှိပါတယ်။ ဒီနေ့လာရတာ ရှေ့လုပ်ငန်းစဉ်အတွက် အလုပ်တွေ အများကြီးပေါ်သလို ဒီလုပ်ငန်းအတွက်လည်း နှစ်ထောင်းအားရ ဖြစ်မိပါတယ်။

### မြင့်မိုရ်မေတ္တာခိုနားရာဂေဟာ တည်ထောင်သူ ဒေါက်တာမြတ်စန္ဒာသန့်

မြင့်မိုရ်မေတ္တာခိုနားရာဂေဟာကို ဂေဟာအနေနဲ့ တည်ထောင်တာက တစ်နှစ်ကျော်ပဲရှိပါသေးတယ်။ မြန်မာတစ်နိုင်ငံလုံးက လာကြတယ်။ ထားဝယ်၊ လားရှိုး၊ ရှမ်းပြည်နယ်တောင်ပိုင်းဘက်တွေက လာကြတယ်။ တက္ကသိုလ် လာတက်ကြတယ်၊ ကျောင်းသားအချင်းချင်းတွေ့တယ်၊ ကြိုက်တယ်၊ ညားတယ်ပေါ့၊ အဲဒီလိုကနေ ကောင်လေးတာဝန်မယူလို့ ကိုယ်ဝန်နဲ့ကျန်ခဲ့ပြီးတော့ ဒီမှာလာမွေးကြတယ်၊ ပြီးတော့ စက်မှုဇုန်က အလုပ်သမလေးတွေ၊ တစ်နိုင်ငံလုံးကနေ စက်မှုဇုန်တွေမှာ လာပြီးအလုပ်လုပ်ကြတယ်။ အချင်းအချင်း တစ်ယောက်နဲ့ တစ်ယောက် သိပ်မသိဘဲ ကြိုက်ကြတယ်။ ညားကြတယ်။ ပြီးတော့ ကောင်လေးပစ်ပြေးတယ်။ အဲဒါမျိုးဆိုလာမွေးကြတာများပါတယ်။ အခုလက်ရှိအချိန်မှာတော့ ၁၅ ဦးလောက်ရှိပါတယ်။ မမွေးခင် ကိုးယောက်၊ မွေးပြီး ခြောက်ယောက်ပါ။ ပြီးတော့ မွေးထားတဲ့ကလေး ခုနစ်ယောက်ရှိပါတယ်။

ထွေထွေထူးထူး စည်းကမ်းချက်မရှိဘူး၊ ဒီမိန်းကလေးသည် ခင်ပွန်းသည်မရှိကြောင်းကို မိဘက သန်းခေါင်စာရင်းနဲ့



မှတ်ပုံတင်နဲ့ ကိုင်ပြီးတော့ အာမခံပေးရတယ်။ မိဘမရှိတဲ့သူဆိုရင် အလုပ်ရှင် (သို့မဟုတ်) ရပ်မိ၊ ရပ်ဖကလာပြီး အကူအညီ တောင်းရင် စရိတ်ငြိမ်း ကူညီပေးတယ်။ နေစရိတ်၊ စားစရိတ်၊ မွေးစရိတ် အကုန်ငြိမ်းပါတယ်။ သန်လျင်ဆေးရုံက ကိုယ်ဝန်ဆောင်တွေကို ပြုစုစောင့်ရှောက်ပေးတယ်။ သန်လျင်ဆေးရုံမှာမွေးတယ်။ အစ်မက ခဏဒီဂေဟာရဲ့ အိမ်ထောင်ဦးစီးအနေနဲ့ တာဝန်ယူထားတယ်။ သူတို့ ကိုယ်ဝန်ရလာတဲ့အတွက် မနှိမ့်ချဘူး၊ ပင့်ထားစရာလည်းမလိုဘူး။ ပင့်ထားတယ်ဆိုရင်လည်း ကလေးတွေက လမ်းမှားရောက်သွားနိုင်တယ်။ သူတို့ကို ပုံမှန်မိန်းမတစ်ယောက်အနေနဲ့ ဆက်ဆံပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်တဲ့အတွက် အစ်မတို့ ဂေဟာမှာ အားလုံးက ခွဲဝေလုပ်ကိုင်ကြတယ်။ စုပေါင်းတာဝန်ယူကြတယ်။ အဲဒီစနစ်နဲ့ပဲ လည်ပတ်တာပါ။

ပညာယူတတ်ရင်တော့ ပညာရစရာရှိပါတယ်။ မြန်မာအမျိုးသမီးလေးတွေအနေနဲ့ ဒီလိုအဖြစ်မျိုးတွေ ကြုံတတ်နေပြီဆိုတာ မိဘတွေ သတိထားစေချင်တယ်။ ကိုယ့် သား၊ သမီးတွေကိုလည်း မျိုးဆက်ပွားကျန်းမာရေးပညာပေးတွေ သင်ပေးစေချင်တယ်။ခေတ်ရေစီးကြောင်းကို တားလို့မရတော့တဲ့ အနေအထားမှာ ဘယ်လိုအလိုက်သင့် စီးမျောမလဲ။ ဘယ်လိုစီးမျောရင် သက်သောင့်သက်သာနဲ့ အကောင်းဆုံးဖြစ်မလဲဆိုတာကို မိဘတိုင်း၊ ယောကျ်ားလေးတိုင်း၊ မိန်းကလေးတိုင်းတာဝန်ယူရတော့မယ်၊ ကိုယ့်တာဝန်ကို ကိုယ်ယူရတော့မယ်။ ပြီးတော့ အခုခေတ်မှာ ယောကျ်ားလေးတွေရဲ့ ပြောစကားရှိသေးတယ်။ ကျွန်တော်တို့အချင်းချင်း နှစ်ဦးနှစ်ဖက်မျှလို့

*စာမျက်နှာ ၈ သို့*

**ဒုက္ခရောက်နေတဲ့ အမေတွေကို မြန်မာပြည်သူပြည်သား အချင်းချင်း၊ ပြည်သူက ပြည်သူကို ကူညီဖေးမစောင့်ရှောက်ပေးခြင်းအားဖြင့် သူတို့ကို စိတ်ဓာတ်ခွန်အားတွေပေးမယ်။ ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေလုပ်ပေးမယ်။ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတွေ လုပ်ပေးခြင်းအားဖြင့် ကလေးကို မစွန့်ပစ်ရအောင် မိဘရင်ခွင်မှာပဲ ကြီးပြင်းရအောင်ပေါ့ . . .**

# ရာပြည့်သမိုင်းဒေဝီ ဆရာမကြီး ဒေါ်ကြန်(မကြန်) အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

**ရာပြည့်သမိုင်းဒေဝီ ဆရာမကြီး ဒေါ်ကြန်(မကြန်)၏ အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။**



**ဆရာမကြီး ဒေါ်ကြန်(မကြန်)က အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲတွင် မွေးနေ့ကိတ်မုန့်လှီးဖြတ်စဉ်။** သတင်းစဉ်

ရှေးဦးစွာ ဦးအေးချို(မဟာဝိဇ္ဇာ)က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ ဒေါက်တာ ခင်မောင်ညွန့်နှင့် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့က မွေးနေ့ဂုဏ်ပြုစကား အသီးသီးပြောကြားကြသည်။

**မွေးနေ့ဂုဏ်ပြုစကား**

ဆက်လက်၍ ဆရာမကြီး ဒေါ်ကြန်(မကြန်)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ကြရာ ဆရာမကြီးက ဆုပေးစကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဆရာမကြီး ဒေါ်ကြန်(မကြန်)က မွေးနေ့ကိတ်မုန့်လှီးဖြတ်ပြီး အခမ်းအနားတက်ရောက်လာကြသူများက ဆရာမကြီးအတွက် မွေးနေ့ဆုတောင်းသီချင်းများ သီဆိုကြကာ ဂုဏ်ပြုပွဲကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားကို ဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာသူရဇော်၊ ဆရာ အောင်မိုးဆောင်း၊ ဒီဇင်ဘာမွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်တို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။

**ရှားပါးဓာတ်ပုံများ ခင်းကျင်းပြသ**

ဂုဏ်ပြုပွဲတွင် ဆရာမကြီး ဒေါ်ကြန်(မကြန်)၏ ရေးသားခဲ့သောစာအုပ်များနှင့် ဆရာမကြီး၏ အမှတ်တရ ရှားပါးဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ဂုဏ်ပြုပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဂါရဝပြုကြသည်။

ဆရာမကြီး ဒေါ်ကြန်(မကြန်)ကို ၁၉၁၈ ခုနှစ် ဇူလိုင် ၁ ရက်(တနင်္လာနေ့)တွင် ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့၌ အဘ ဦးကျော်ထွန်း+ အမိ ဒေါ်ငွေနှစ် တို့က မွေးဖွားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းကို (က)အဆင့်မှအောင်မြင်ခဲ့ပြီး ထိုကျောင်း၌ပင် အလယ်တန်းဆရာမအဖြစ် ခေတ္တဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ် စာတိုက်ဌာန (သံတွဲနှင့် စစ်တွေမြို့)တွင် အထက်တန်းစာရေးအဖြစ် အမှုထမ်းဆောင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် တက်ရောက်ပြီး ပညာဆက်လက်ဆည်းပူးခဲ့ရာ ၁၉၅၄ ခုနှစ်တွင် အထူးတန်းအခွင့်အရေးရရှိသဖြင့် ရန်ကုန်တက္ကသိုလ်၏ ဝိဇ္ဇာ(ဘီအေ)ဘွဲ့ကို သုံးနှစ်အတွင်း အောင်မြင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မြန်မာသမိုင်းကော်မရှင်(ယခု သမိုင်းသုတေသနဌာန)တွင် ကျမ်းပြုအရာရှိ ရာထူးဖြင့် စတင်ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (သမိုင်းအထူးပြု) ရရှိအောင်မြင်ကာ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် နှစ်နှစ်ထမ်းဆောင်ခဲ့သည်။

၁၉၅၇ နှင့် ၁၉၅၉ ခုနှစ် နှစ်များတွင် မြန်မာ့သမိုင်းအထောက်အထားများ ကူးယူစုဆောင်းရေး စီမံကိန်းအရ အင်္ဂလန်နိုင်ငံသို့သွားရောက် အမှုထမ်း လေ့လာနိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် သမိုင်းသုတေသနဌာနတွင် အကြီးတန်းသုတေသန ရာထူးကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် Cultural Award Scheme ဖြင့် ဩစတြေးလျနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်လေ့လာခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ပြီး သမိုင်းသုတေသနဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် လေးနှစ်မျှ ဆက်လက်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် "မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း" အတွဲများ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အကြံပေးပညာရှင်(ပုဂ္ဂိုလ်)အဖြစ် ပါဝင်ရေးသားပြုစု ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ မြန်မာစာအဖွဲ့ဝင် အချိန်ပြည့်တာဝန်အဖြစ် ယနေ့အထိ ပါဝင်ထမ်းဆောင်လျက် ရှိသည်။ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။

**စည်သူဘွဲ့တံဆိပ်များ ရရှိ**

သမိုင်းသုတေသနစာတမ်းများ၊ ဆောင်းပါးများ၊ စာအုပ်များစွာကို ရေးသား၊ စီစဉ်ပြုစု၊ တည်းဖြတ်ခဲ့ခြင်းများကြောင့် ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၁၈၈၆)



**ဆရာမကြီး ဒေါ်ကြန်(မကြန်)၏ အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲတွင် ဆရာ ဒေါက်တာခင်မောင်ညွန့် မွေးနေ့ဂုဏ်ပြုစကားပြောကြားစဉ်။** သတင်းစဉ်

စာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇ္ဇာ)ဆု၊ ၂၀၀၂ ခုနှစ်တွင် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများစာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇ္ဇာ)ဆု၊ ၂၀၀၃ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆-၁၉၉၇) စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇ္ဇာ)ဆု၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူ ဦးအုန်းဖေ တစ်သက်တာစာပေဆု၊ ၂၀၀၅ ခုနှစ်တွင် ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၁၉၉၇) စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇ္ဇာ)ဆု၊ ၂၀၀၆ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု(ပထမဆင့်)၊ ၂၀၀၇ ခုနှစ်တွင် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု Selected Writing of Daw Kyan (Bilingual)စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇ ခုနှစ်များတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ချီးမြှင့်သော ထူးချွန်အမျိုးသမီးဆုများ၊ ၂၀၀၉ ခုနှစ်တွင် ကုန်းဘောင်ခေတ် အခွန်တော်ရေးရာစာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီးထံမှ စည်သူဘွဲ့တံဆိပ်များကို ရရှိခဲ့သည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

*စာမျက်နှာ ၇ မှ*

ဒီလို စည်းကျော်ခဲ့ကြတာပါဆိုပြီးတော့၊ အဲဒါကို ယောကျ်ားလေးအများစုက သူတို့ရဲ့ (Right) ရပိုင်ခွင့်လို့ ယောကျ်ားလေးအများစုက ထင်နေတယ်။ (Right) ရှိပြီးရင် အခွင့်အရေးဆိုပြီးရင် (Responsible) တာဝန်ယူမှုရှိရမယ်။ ဒီ Right ကို ယူပြီးရင် နောက်မှာ Responsible ကို ယူရမယ်ဆိုတာ သူတို့နားလည်ရမယ်။ တာဝန်ယူမှုမရှိဘူးဆိုရင် အစ်မကတော့ သတ်မှတ်တယ်။ ဒါသည် မုဒိမ်းမှုပဲဖြစ်တယ်။ သမီးရည်းစား၊ ခေတ်ရေစီးကြောင်းသွားကြတယ်။ ချိန်းကြတယ်။ အစ်မတို့ ဒါကို သွားတားလို့မရတော့ဘူး။ ဒါပေမယ့် တာဝန်ယူမှုရှိအောင်တော့ သားယောကျ်ားလေးကို သင်ပေးရဦးမယ်။ ထိန်းသိမ်းတတ်ဖို့တော့ သမီးမိန်းကလေးကို သင်ပေးရဦးမယ်ဆိုတာ မိဘတွေကိုလည်း နှိုးဆော်ချင်ပါတယ်။

မွေးကင်းစကလေးက မွေးခါစမှာ စွန့်ပစ်ဖို့က အတော်လွယ်ပါတယ်။ အစ်မဆီမှာလာတဲ့ မိန်းကလေးတိုင်းသည် မမွေးခင်မှာ ဒီကလေးကိုယူသွားဖို့ အစီအစဉ်လုံးဝမရှိဘူး။ ဒီမှာ လာမွေးမယ်။ ပြီးတော့ထားခဲ့လို့ရတယ်ဆိုလို့ လာမွေးကြတာ။ ဒါပေမယ့် အစ်မတို့မှာက ကလေးမွေးပြီးရင် မိခင်နို့တိုက်ပါ့မယ်ဆိုတဲ့ ကတိတစ်ခုပေးရတယ်။ မိခင်နို့တိုက်နေတဲ့အချိန်မှာ ဒီမိန်းကလေးမှာ လုပ်စရာ အလုပ်တစ်ခုပဲရှိတယ်။ ဒီကလေးမျက်နှာလေးကို ငုံ့ကြည့်ကြတယ်။ အဲဒီမှာ အနိုင်ရသွားတာပဲ။ အမေနို့တိုက်ရတယ်။ သူကိုယ်တိုင်ပြုစုရတယ်။ အဲဒီအချိန်မှာ သူသည် စိတ်လက်အေးချမ်းနေတယ်။ သူ့ကို ဝိုင်းပြီးလက်ညှိုးထိုးတဲ့သူ အစ်မတို့ ပတ်ဝန်းကျင်မှာ မရှိဘူး။ သူစိတ်လက်အေးအေးချမ်းချမ်းနဲ့ အမေနို့တိုက်နေတုန်းမှာ သူ့ကလေးအတွက် သူစဉ်းစားမယ်။ မိခင်နဲ့ ကလေးရဲ့ သံယောဇဉ်စိတ်ကို အချိန်အတိုင်းအတာတစ်ခုနဲ့ မိခင်နို့ကနေ နှိုးဆော်တာ။အဲဒီအချိန်မှာ သူမစွန့်ပစ်နိုင်တော့ဘူး။

ဒီကြားထဲမှာ အဘိုးအဘွားတွေက သူတို့သမီး မီးဖွားနေတဲ့အခါမှာ လာပြီးကြည့်တယ်။ ဘယ်သူနဲ့ တူတယ် ဆိုတဲ့အတွေးလေး ရတယ်။ အဲဒီအခါမှာ အဘိုးအဘွားတွေရဲ့ သံယောဇဉ်က လည်းရတယ်။ အဖေ၊ အမေလုပ်သူက မလိမ္မာလို့ ခက်ခက်ခဲခဲလူဖြစ်လာရတဲ့ဒီကလေး အဘိုးနဲ့အဘွားကကောင်းရင် ပတ်ဝန်းကျင်က မပစ်ပယ်ပါဘူး။ ဒီကလေးတစ်ယောက် ငါ့အိမ်မှာ မရှိမှုဖြစ်မယ်ဆိုတဲ့ အတွေးဝေးသွားတယ်။ အစ်မတို့ဂေဟာရောက်ပြီးမှ ဒီကလေးသည် ငါတို့အိမ်က ကလေးပဲဆိုတာ ဆင်ခြင်နိုင်တဲ့အချိန်အတိုင်းအတာတစ်ခုကို အစ်မတို့က ဆွဲဆန့်ပေးလိုက်တာ၊ သွေးအေးသွားအောင် သံယောဇဉ်ကို ပြန်နှိုးဆွပေးလိုက်တာ၊ အဲဒီအနေအထားလေးနဲ့ ကလေးတွေကို အစ်မတို့က အိမ်ပြန်ပို့ပေးတယ်။ အိမ်ပြန်ရောက်စေတယ်။ တကယ်လို့ အိမ်ပြန်မရောက်ဘူးဆိုတဲ့ ကလေးတွေကိုတော့ ပေးမယ့်ကလေးနဲ့ ယူမယ့်မိဘကိုတွဲပြီး လူကယ်ပြန်ကို သွားအပ်လိုက်တယ်။ ဒီကလေးကိုအပ်တယ်။ ယူမယ့်မိဘသည် လူကယ်ပြန်ပြန်ပြီးမွေးစားတယ်။ ဒီကလေး ဒီမိဘက မွေးစားသွားတယ်။ နိုင်ငံတော်ကလည်း အသိအမှတ်ပြုတယ်။ ကလေးတွေ ရင်ခွင်သစ်လည်းရရှိစေတယ်။ ကျန်ခဲ့ရင်တော့ ရင်ခွင်သစ်ရရှိရေးကို ဦးစားပေးတယ်။ တကယ်ဦးစားပေးတာသည် မိခင်ဆီ ပြန်ပါစေရေး၊ မိသားစုအသိုင်းအဝန်းက မစွန့်ပစ်ရေးကို ဦးစားပေးတာပါ။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ရသေ့တောင်မြို့နယ်အတွင်းရှိ တောင်သူများအား လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးသည့် အခမ်းအနားသို့တက်ရောက်

**စစ်တွေ ဇူလိုင် ၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရသေ့တောင်မြို့သို့ရောက်ရှိပြီး ရသေ့တောင်မြို့ မေယုခန်းမ၌ ကျင်းပသည့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း ရှင်းလင်း**

ယင်းနောက် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးတို့က ကာကွယ်ရေးဝန်ကြီးဌာနက စွန့်လွှတ်သောမြေယာများနှင့်ပတ်သက်သည့် ပုံစံ(၇)အား တောင်သူ ၃၈ ဦးကိုယ်စား တောင်သူလယ်သမားကိုယ်စားလှယ်




**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲတွင် တောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦးအား လက်မှတ်ပေးအပ်စဉ်။**

တစ်ဦးကို လည်းကောင်း၊ ကူတောင်ကျေးရွာအုပ်စု၊ ကပ်ချောင်းကျေးရွာအုပ်စု၊ ကြက်ရိုးဆိပ်ကျေးရွာအုပ်စု၊ ဖြူချောင်းကျေးရွာအုပ်စု၊ အောက်ကျောင်းတောင်ကျေးရွာအုပ်စု၊ စေတီပြင်ကျေးရွာအုပ်စု၊ သိမ်တောင်ကျေးရွာအုပ်စု၊ ကြိမ်တန်းကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များကို လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အားပေးအပ်ရာ တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ခံရယူကြပြီး တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် လျှပ်စစ်ဓာတ်အားခွဲစက်ရုံ၊ ရသေ့တောင်တံတားချဉ်းကပ်လမ်းမြေထိန်းနံရံတည်ဆောက်နေမှု လုပ်ငန်းခွင်တို့သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရသေ့တောင်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကိုတွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**လျှပ်စစ်ဓာတ်အား ရရှိရေး**

ဆက်လက်ပြီး ကူတောင်ကျေးရွာနှင့် ဦးဂါကျေးရွာများသို့ သွားရောက်ပြီး ဒေသခံရွာသူ ရွာသားများ၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရွာသူ ရွာသားများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးတို့နှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

# မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများ

ခင်ချိုအုန်း (ပြည်ထောင်စုရှေ့နေချုပ်ရုံး)

**တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အများပြည်သူ၏ လုံခြုံမှုနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ပေးမည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။**

ထို့ကြောင့် **တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး**ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသည့် ဥပဒေအရာရှိများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်၏ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက် ပန်းတိုင်တစ်ရပ်ဖြစ်သော တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရေး၊ တရားမျှတမှုကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကိုမြှင့်တင်နိုင်ရေးနှင့် ဥပဒေအရာရှိများ လေ့လာသိရှိနိုင်ရေးတို့အတွက် မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းများ စာအုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေခဲ့ပါသည်။

နိုင်ငံအသီးသီးတွင်ကျင့်သုံးသည့် ဥပဒေစနစ်တစ်ခုနှင့်တစ်ခု တူညီမှုမရှိသည့်အတွက် ပြည်တွင်းဥပဒေများပါပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အတည်ပြုလက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များအပေါ် အခြေခံ၍မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများကို ကျင့်သုံးမှု ကွဲပြားနိုင်ပါသည်။ သို့ရာတွင် မျှတသောတရားစီရင်ရေးစံနှုန်းများနှင့် သက်ဆိုင်သော အခွင့်အရေးများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသော စံနှုန်းများဖြစ်ပြီး ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစီရင်ခြင်းတို့ဆောင်ရွက်ရာ၌ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ လွတ်လပ်ခွင့်နှင့် အခြေခံရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါစာအုပ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ တည်ဆဲပြည်တွင်း ဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများ၊ နိုင်ငံတကာသဘောတူစာချုပ်များဖြစ်သည့် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်**နှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် မျှတသော တရားစီရင်ရေးစံနှုန်းများကို အခြေပြု၍ မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်း ၁၂ ခု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**ပထမအချက်ဖြစ်သည့် "ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခြင်းနှင့် ဥပဒေအရညီမျှစွာဆက်ဆံခြင်း"**နှင့်စပ်လျဉ်း၍ "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်"ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် ပြဋ္ဌာန်းပါရှိသောကြောင့် ပြစ်မှုဖြင့်စွပ်စွဲခံရသူတစ်ဦးကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့် ဘာသာ၊ ယဉ်ကျေးမှု စသည်တို့ကို အခြေခံ၍ခွဲခြားဆက်ဆံခြင်းမပြုရန်နှင့် ဥပဒေပါအခွင့်အရေးများကို လူတိုင်းတန်းတူညီမျှစွာ ရရှိခံစားနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားပါသည်။

ထို့အတူ နိုင်ငံတကာ သဘောတူစာချုပ်တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၇ တွင် "လူတိုင်းသည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ် စောင့်ရှောက်မှုကို မည်သည့် ခွဲခြားဆက်ဆံမှုမျှမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းပါရှိပါသည်။ ထို့ကြောင့် အမှုလိုက်ပါဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ရာထူးအဆင့်အတန်း၊ ကျား မ၊ ဆင်းရဲချမ်းသာ ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ဥပဒေပါအခွင့်အရေးများကို လူတိုင်း တန်းတူညီမျှစွာရရှိခံစားနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

**ဒုတိယအချက်ဖြစ်သည့် "နောက်ကြောင်းပြန်အာဏာသက်ရောက်မှု မရှိစေခြင်း"**နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေများတွင် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုကို တားမြစ်ထားခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၃တွင် "မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရ"ဟု လည်းကောင်း၊ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃(င)နှင့် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄ တို့တွင် "မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရ"ဟု လည်းကောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ထိုသို့ နောက်ကြောင်းပြန်အာဏာသက်ရောက်သည့် ပြစ်မှုဆိုင်ရာဥပဒေများပြဋ္ဌာန်းခြင်းကို တားမြစ်ထားခြင်းမရှိပါက လူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်များအပေါ် တရားမျှတမှုမရှိသော ဝင်ရောက်စွက်ဖက်မှုများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**တတိယအချက်ဖြစ်သည့် "အပြစ်မရှိဟုမှတ်ယူခြင်းနှင့် သံသယအကျိုး ခံစားခွင့်"**သည် မျှတသောတရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးသည် ပြစ်မှုကျူးလွန်သည်ဟု တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမခံရသေးသရွေ့ အပြစ်မရှိဟု မှတ်ယူရမည်ဖြစ်ပါသည်။

တရားစွဲဆိုမှုတွင် ပြစ်မှုကျူးလွန်ကြောင်းစီရင်ချက်ချမှတ်နိုင်ရန် ပြစ်မှု ကျူးလွန်သည်ဟု အလွယ်တကူပြောရုံမျှဖြင့် မလုံလောက်ပါ။ အပြစ်မရှိဟု မှတ်ယူခြင်းကို ချေဖျက်နိုင်ရန်သက်သေပြရမည့် အတိုင်းအတာကို စွပ်စွဲခံရသူသည် စွဲဆိုထားသောပြစ်မှုကို ကျူးလွန်သူဖြစ်ကြောင်း သံသယကင်းရှင်းစွာ ယုံကြည်လက်ခံနိုင်လောက်သည်အထိ သက်သေပြရန်လိုအပ်ကြောင်း သက်သေခံအက်ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၁ တွင် ပါရှိသော "ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသောလူတိုင်းသည် တရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ပြစ်မှုထင်ရှားစီရင်မှု မခံရမချင်း အပြစ်မဲ့သူဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်" ဟူသော နိုင်ငံတကာစံနှုန်းပါ ပြဋ္ဌာန်းချက်အချို့ကိုလည်း ဖော်ပြထားပါသည်။

**စတုတ္ထအချက်ဖြစ်သည့် "ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း"**အတွက် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးအား အမှုနှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်းစသည့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားမပြုလုပ်မိစေရေးအတွက် ဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်သော သို့မဟုတ် မတော်တဆဖြစ်သော နာကျင်မှုနှင့် ခံစားရမှုများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြုမူဆက်ဆံခြင်းဟု ခေါ်ဆိုနိုင်မည် မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၊ **ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (၂၀၁၀) ပုဒ်မ ၃၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ** ပုဒ်မ ၁၇ စသည့် တည်ဆဲဥပဒေများနှင့် နိုင်ငံတကာစံနှုန်းများပါ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူများအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသည့် ပြုမူဆက်ဆံခြင်းများ မပြုလုပ်နိုင်စေရန် အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်အချို့ကို လေ့လာသိရှိစေရေးအတွက် ဖော်ပြထားပါသည်။

**ပဉ္စမအချက်ဖြစ်သည့် "မတရားဖမ်းဆီးချုပ်နှောင်မှုမှကာကွယ်ခြင်း"** ပြုနိုင်ရန် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူပုဂ္ဂိုလ်တစ်ဦး၏ ဥပဒေပါ အခွင့်အရေးများကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ခြင်းကို ဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ဖမ်းဆီးချုပ်နှောင်ရသည့် ဥပဒေဆိုင်ရာ အကြောင်းပြချက်များ ရှိရမည်ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်လည်း ဖြစ်ရန်လိုအပ်ပါသည်။

ဥပဒေအရာရှိများအနေဖြင့် တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံခြင်းအပေါ် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ ဥပဒေ၊ နည်းဥပဒေများအရ စိစစ်ခြင်းသည် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှု မရှိစေရေးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် မည်သူ့ကိုမျှ ဥပဒေပြဋ္ဌာန်းချက် မရှိဘဲ ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းမပြုရဆိုသည့် **ဥပဒေနှင့်အညီဆောင်ရွက်ရေးမူ** သဘောတရားနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံး ဥပဒေစသည့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာစံနှုန်းအချို့ကို လေ့လာသိရှိစေရေးအတွက် ဖော်ပြထားပါသည်။

**ဆဋ္ဌမအချက်ဖြစ်သည့် "ဝန်ခံထွက်ဆိုခြင်းမပြုဘဲ နှုတ်ဆိတ်နေခွင့်"** သည် စွပ်စွဲခံရသူထံမှ အပြစ်ရှိကြောင်း အစစ်ခံချက် သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်ရရှိရန် အတင်းအကျပ်ဆောင်ရွက်ခြင်းနှင့် စွပ်စွဲခံရသူ နှုတ်ဆိတ်နေခြင်းကို ဆန့်ကျင်ဘက်အမြင်ဖြင့် အပြစ်ရှိသည်ဟု ကောက်ယူခြင်း မရှိစေရန် ကာကွယ်ပေးသည့် မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းတစ်ရပ် ဖြစ်ပါသည်။

စွပ်စွဲခံရသူပြစ်မှုကျူးလွန်ကြောင်းကို သက်သေပြရန်တာဝန်သည် ယေဘုယျအားဖြင့် တရားစွဲဆိုသည့်ဘက်တွင် ကျရောက်ပါသည်။ တရားမျှတမှုမရှိသော ဖြောင့်ချက်များ သို့မဟုတ် ပြစ်မှုနှင့်ငြိစွန်းစေသည့် အစစ်ခံချက်များ အတင်းအကျပ် ရယူခြင်းသည် နှုတ်ဆိတ်စွာနေပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်း လေ့လာသိရှိစေရေးအတွက် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာစံနှုန်းအချို့ကို ကောက်နုတ်ဖော်ပြထားပါသည်။

**သတ္တမအချက်ဖြစ်သည့် "ဥပဒေအကြံဉာဏ်ရယူခွင့်"**နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇၅ ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်သော "ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်"ရရှိစေရေးအတွက် ပြစ်မှုဆိုင်ရာစစ်ဆေး စီရင်ခြင်းလုပ်ငန်းစဉ်အဆင့်တိုင်း ဥပဒေအကျိုးဆောင်နှင့် တွေ့ဆုံဆက်သွယ်၍ ဥပဒေအကြံဉာဏ်ရယူခွင့်ရှိရန် လိုအပ်ပါသည်။

ဥပဒေအကျိုးဆောင်၏အကူအညီသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အနိုင်အထက်ပြုမှုများဖြစ်သည့် အတင်းအကျပ်ဖြောင့်ချက်ပေးစေမှု၊ အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်မှု၊ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပေါ်စေရေးနှင့် တရားခွင်၌ ပြည့်စုံလုံလောက်သောခုခံချေပခွင့်များ ပြုလုပ်နိုင်ရေးတို့အတွက် အရေးကြီးသည့် ကာကွယ်စောင့်ရှောက်မှုဖြစ်ပါသည်။

**"ဥပဒေအကျိုးဆောင်၏အကူအညီသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အနိုင်အထက်ပြုမှုများဖြစ်သည့် အတင်းအကျပ်ဖြောင့်ချက်ပေးစေမှု၊ အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်မှု၊ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပေါ်စေရေးနှင့် တရားခွင်၌ ပြည့်စုံ လုံလောက်သော ခုခံချေပခွင့်များ ပြုလုပ်နိုင်ရေးတို့အတွက် အရေးကြီးသည့်ကာကွယ်စောင့်ရှောက်မှု ဖြစ်ပါသည်"**

ထို့ကြောင့် ဥပဒေအကြံဉာဏ်ရယူခွင့်စံနှုန်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ (၂၀၁၆) စသည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာစံနှုန်းအချို့ကို ဖော်ပြထားပါသည်။

**အဋ္ဌမအချက်ဖြစ်သည့် "စကားပြန်နှင့် ဘာသာပြန်အကူအညီ ရယူပိုင်ဆိုင်ခွင့်"** သည် မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းတစ်ရပ် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သည့် တာဝန်ရှိသူများပြောဆိုသည့် ဘာသာစကားကို ကောင်းစွာနားလည်နိုင်ခြင်းမရှိသည့် စွပ်စွဲခံရသူများအတွက် စုံစမ်းစစ်ဆေးမှု စတင်ချိန်မှစ၍ တရားစွဲတင်သည့်အချိန်အထိ စကားပြန်နှင့် ဘာသာပြန်ဆိုပေးမည့်သူကို အခမဲ့စီစဉ်ပေးခြင်းဖြစ်ပါသည်။

စွပ်စွဲခံရသူများအနေဖြင့် ပြောဆိုသည့် ဘာသာစကားကို ကောင်းစွာနားလည်နိုင်ခြင်းမရှိသောကြောင့် ၎င်းအပေါ် စွဲဆိုထားသောပြစ်မှု၏ အကြောင်းအရာကိုဖြစ်စေ၊ တရားရုံးစွဲချက်ကိုဖြစ်စေ နားလည်နိုင်စွမ်း မရှိပါက မှန်ကန်သောခုခံချေပခြင်းနှင့် သက်ဆိုင်သည့်အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပါသည်။

ထို့ကြောင့် စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့်ဆိုင်ရာ မျှတသော တရားစီရင်ရေးစံနှုန်းအခွင့်အရေးများကို မထိခိုက်စေရေးအတွက် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ တရားရုံးများလက်စွဲနှင့် နိုင်ငံတကာ စံနှုန်းများပါပြဋ္ဌာန်းချက်အချို့ကို လေ့လာသိရှိနိုင်စေရေးအတွက် ဖော်ပြထားပါသည်။

**နဝမအချက်ဖြစ်သည့် "တရားသူကြီးများ၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှု"** သည် ကောင်းမွန်သော မျှတသည့်တရားစီရင်ရေးဆိုင်ရာ စံနှုန်းတစ်ရပ် ဖြစ်ပါသည်။ ဥပဒေနှင့်အညီ လွတ်လပ်သောတရားစီရင်ရေးသည် နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာမူတစ်ရပ်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရာတွင် သမာသမတ်ကျခြင်းနှင့် ဘက်လိုက်မှုမရှိခြင်းသည် တရားစီရင်ရေးအပေါ် ပြည်သူများအသိအမှတ်ပြုလေးစားခြင်း ကိုဖြစ်ပေါ်စေသည့် အခြေခံအချက်များဖြစ်ပါသည်။

ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူများကို အမှုစစ်ဆေးကြားနာရာတွင် တရားသူကြီးများ၏ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ သမာသမတ်ကျမှုတို့နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် နိုင်ငံတကာ စံနှုန်းများပါ ပြဋ္ဌာန်းချက်အချို့ကို ဖော်ပြထားပါသည်။

*စာမျက်နှာ ၁၀ သို့*

# မယ်ဆိုင်လိုဏ်ဂူအတွင်းရှိ လူငယ်များအား ရေလမ်းကြောင်းမှ ခေါ်ထုတ်ရာတွင် ခက်ခဲနေသဖြင့် နီးစပ်ရာဂူထွက်ပေါက်အား ပူးပေါင်းအဖွဲ့များက ကူညီရှာဖွေပေးနေ

**တာချီလိတ် ဇူလိုင် ၇**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့်လိုဏ်ဂူအတွင်းမှ လူငယ် ၁၃ ဦးအား ရေလမ်းကြောင်းဖြင့် ပြန်လည်ခေါ်ထုတ်ရာတွင် အခက်အခဲများရှိနေ၍ နီးစပ်ရာဂူထွက်ပေါက်များမှ တစ်ဆင့် ခေါ်ထုတ်နိုင်ရေး စီစဉ်နေခြင်းဖြစ်ရာ ယင်းလိုဏ်ဂူနှင့်ဆက်စပ်နိုင်သည့် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်း၌ ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းမှစ၍ ကူညီရှာဖွေပေးနေကြောင်း သိရသည်။

ထိုသို့ ကူညီရှာဖွေရာတွင် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အလင်းရောင်ပရဟိတအသင်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ အပါအဝင် နယ်မြေကျွမ်းကျင်သည့် ကျေးရွာနေပြည်သူများဖြင့် ပူးပေါင်းပါဝင်ရှာဖွေနေခြင်း ဖြစ်သည်။

ယခုလက်ရှိ မယ်ဆိုင်လိုဏ်ဂူအတွင်းမှ လူငယ် ၁၃ ဦးအား ခေါ်ထုတ်ရာ၌ ရေနှင့် လိုဏ်ဂူလမ်းကြောင်းအရ လူငယ်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုဏ်ဂူ၏ အခြားထွက်ပေါက်များမှတစ်ဆင့် ခေါ်ထုတ်နိုင်ရေး စီစဉ်ခြင်းဖြစ်ရာ ယင်းဂူနှင့် ဆက်စပ်နိုင်သည့် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီးကျေးရွာအတွင်းရှိ လိုဏ်ဂူအတွင်းမှ အဆင်ပြေပါက ခေါ်ထုတ်နိုင်ရေးအတွက် လိုဏ်ဂူထွက်ပေါက်နှင့်လမ်းကြောင်း ရှာဖွေပေးနိုင်ရန် ထိုင်းနိုင်ငံ၏ အကူအညီတောင်းခံမှုအရ ရှာဖွေနေခြင်း ဖြစ်သည်။

ဇွန် ၂၃ ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်းသို့ ဝင်ရောက်သွားပြီး ပိတ်မိနေသည့် လူငယ်ဘောလုံးအသင်းမှ ၁၃ ဦးကို ရှာဖွေကယ်ဆယ်နိုင်ရေး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံက လိုအပ်သည်များ အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရက နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကို ညွှန်ကြားထားခဲ့ရာ တာချီလိတ်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုနှင့်အတူ တာချီလိတ်မြို့မှ ပူးပေါင်းအဖွဲ့များက ပုန်းထွန်ရပ်ကွက်အတွင်းရှိ လိုဏ်ဂူများတွင် သုံးကြိမ်ရှာဖွေပေးခဲ့ပြီး ယခုရှာဖွေမှုမှာ လေးကြိမ်မြောက်အဖြစ် လိုဏ်ဂူထွက်ပေါက်များအား ကူညီရှာဖွေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

*ယမန်နေ့မှ အဆက်*

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၅၀)အား မြန်မာစံချိန်စံညွှန်းများ အဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

| | |
|---|---|
| (၃၁) | MMS IEC 60335-2-15:2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- ဘေးအန္တရာယ်ကင်းရှင်းရေး အပိုင်း(၂-၁၅)- အရည်များ အပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၂) | MMS IEC 60335-2-23:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၃)-အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်းပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၃) | MMS IEC 60335-2-26:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ -ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၆)-နာရီများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၄) | MMS IEC 60335-2-43:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၄၃)- အဝတ်အထည်ခြောက်သွေ့စက်နှင့် ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၅) | MMS IEC 60335-2-40:2005 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၀)- လျှပ်စစ်အပူပေးပန့်၊ လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၆) | MMS IEC 60898-1:2003 လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ-အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ အပိုင်း(၁) အေစီပတ်လမ်းဖြတ်ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း။ |
| (၃၇) | MMS IEC 60898-2:2003 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ တပ်ဆင်ရာတွင် လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ အပိုင်း(၂) အေစီလျှပ်စီးနှင့် ဒီစီလျှပ်စီးနှစ်မျိုးလုံးအတွက် ပတ်လမ်းဖြတ်ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း။ |
| (၃၈) | MMS ISO 9162:2013 ရေနံထုတ်ကုန်များ- လောင်စာ(အဆင့် စ) ရေနံဓာတ်ငွေ့ရည်များ၏ သတ်မှတ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၉) | MMS ISO 506:1992 သဘာဝရော်ဘာစေးရည်၊ ရော်ဘာအနှစ် - အငွေ့ပြန်နိုင်သော ဖက်တီးအက်စစ် ကိန်းတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၀) | MMS ISO 127:2012 ရော်ဘာ၊ သဘာဝရော်ဘာစေးရည်အနှစ် ပိုတက်ဆီယမ်ဟိုက်ဒြောဆိုဒ် ကိန်းတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၁) | MMS ISO 247:2006 ရော်ဘာ - ပြာအဖြစ် ကျန်ရှိမှုပမာဏ တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၂) | MMS ISO 706:2004 ရော်ဘာစေးရည် -အခဲဒြပ်ထုပါဝင်မှုပမာဏ တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း (ဇကာဖြင့်စစ်ပြီး ကျန်ရစ်သောအကြွင်းအကျန်)။ |
| (၄၃) | MMS ISO 1802:1992 သဘာဝရော်ဘာစေးရည်အနှစ် - ဘိုရစ်အက်ဆစ်ပါဝင်မှုပမာဏ တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၄) | MMS ISO 2930:2009 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း - ပလတ်စတစ်ဂုဏ်သတ္တိခံနိုင်ရည်ညွှန်းကိန်း တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၅) | MMS ISO 248-1:2011 ရော်ဘာ၊ အစိမ်း- အငွေ့ပျံနိုင်သော ဒြပ်ပစ္စည်းပါဝင်မှုပမာဏ တိုင်းတာသတ်မှတ်ခြင်း- အပိုင်း(၁) ကြိတ်စက်အပူ အသုံးပြုသော နည်းလမ်းနှင့် အလုံပိတ်မီးဖိုအသုံးပြုသော နည်းလမ်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၆) | MMS ISO 4660:2011 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း- အရောင်ညွှန်းကိန်း စမ်းသပ်မှုဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၇) | MMS ISO 2007:2007 ရော်ဘာ၊ ကန့်ရောစပ်ထားခြင်းမရှိသော-ပလတ်စတစ် ဂုဏ်သတ္တိတိုင်းတာသတ်မှတ်ခြင်း- ရက်ပစ်ဒ်-ပလတ်စတစ်မီတာ နည်းလမ်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၈) | MMSO ISO 1656:2014 ရော်ဘာ၊ သဘာဝရော်ဘာနှင့် ရော်ဘာစေးရည်၊ သဘာဝ- နိုက်ထရိုဂျင်ပါဝင်မှုပမာဏ တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၄၉) | MMS ITU-T G 652:2009 ဆင်ဂယ်လ်မုဒ်ဖန်မျှင်နှင့် ကေဘယ်ကြိုး၏ လက္ခဏာရပ်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၅၀) | MMS ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ်- လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |

*စာမျက်နှာ ၉ မှ*

**ဒသမအချက်ဖြစ်သည့် "အများပြည်သူရှေ့မှောက်တွင်ကြားနာခြင်း"**သည် တရားရုံးက အမှုများကို မည်ကဲ့သို့ စစ်ဆေးစီရင်ဆုံးဖြတ်ပြီး ယင်းစီရင်ဆုံးဖြတ်ချက်များအပေါ် မည်မျှလက်ခံယုံကြည်နိုင်သည်ဆိုသောအချက်ကို အမှုသည်များအပါအဝင် အများပြည်သူတို့က မျက်မြင်သိသာထင်ရှားစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် အများပြည်သူရှေ့မှောက်တွင် ကြားနာခြင်းသည် တရားရုံး၏ လွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် တရားမျှတမှုတို့ကို မှတ်ကျောက်တင်ခံခြင်းဖြစ်ပြီး တရားစီရင်ရေးအပေါ် ပြည်သူများ၏ ယုံကြည်မှုကို မြှင့်တင်ခြင်းဖြစ်ပါသည်။

အများပြည်သူရှေ့မှောက်တွင် ကြားနာခြင်းနှင့်စပ်လျဉ်းသည့် လမ်းညွှန်စီရင်ထုံးများထဲမှ "တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။" **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ(ခ) မောင်ရှေ ပါ ၂၊ ၁၉၆၆ ခုနှစ်၊ မတစ၊ စာ ၆၁၆** စီရင်ထုံးနှင့် **"တရားစီရင်သည်ဆိုရာ၌ တရားမျှတမှုကိုပြုပုံနှင့်မပြီး၊ တရား မျှတမှုပြုကြောင်း နှစ်ဖက်အမှုသည်များနှင့်တကွ အများပြည်သူသို့ မြင်စေရသည်။" မခင်ညွန့်နှင့် ဦးချစ်ဆိုင်၊ ၁၉၆၆ ခုနှစ်၊ မတစ၊ စာ ၁၁၈** တရားစီရင်ထုံးနှစ်ခုကို လေ့လာသိရှိနိုင်စေရေးအတွက် ကောက်နုတ်ဖော်ပြထားပါသည်။

**ကေဒသမအချက်ဖြစ်သည့် "အမှုစစ်ဆေးစီရင်ရာတွင် စွပ်စွဲခံရသူ ရှိနေခွင့်"**သည် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများတွင် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် စွပ်စွဲခံရသူအနေဖြင့် ထိရောက်စွာ ခုခံချေပခွင့်ရရှိရေးအခွင့်အရေးကို မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းတစ်ရပ်အဖြစ် နိုင်ငံတကာ ဥပဒေပညာရှင်များက အသိအမှတ်ပြုထားသော အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။

စွပ်စွဲခံရသူမရှိဘဲ အမှုစစ်ဆေးခြင်းသည် စွပ်စွဲခံရသူ၏ ခုခံချေပခွင့်များဖြစ်သည့် သက်သေကို အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းနှင့် စွဲဆိုထားသောအမှုကို ပြန်လည်ချေဖျက်နိုင်သည့် သက်သေအထောက်အထားတင်ပြနိုင်မှုတို့ကို တားဆီးပိတ်ပင်ရာရောက်သကဲ့သို့ တရားစီရင်ရေးရလဒ်များအပေါ်တွင်လည်း ယုံမှားသံသယဖြစ်စေနိုင်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာသိရှိနိုင်စေရေးအတွက် ကောက်နုတ်ဖော်ပြထားပါသည်။

**ဒွါဒသမအချက်ဖြစ်သည့် "လုံလောက်သောအကြောင်းမရှိဘဲ တရားစီရင်မှုကို နှောင့်နှေးကြန့်ကြာမှုမရှိစေရေး"**အတွက် ရာဇဝတ်မှုများကို တရားစွဲ မတင်မီအဆင့်မှစ၍ နောက်ဆုံးအယူခံအဆင့်အထိ ဆောင်ရွက်ချက်များကို သင့်လျော်သောအချိန်ကာလတစ်ခုအတွင်း ပြီးပြတ်စေနိုင်ရန်နှင့် စီရင်ချက်များ ချမှတ်နိုင်ရန်ဆောင်ရွက်ခြင်းသည် မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းတစ်ခုဖြစ်ပါသည်။

နှောင့်နှေးကြန့်ကြာမှုမရှိသော အမှုစစ်ဆေးခြင်းသည် အမှု၏မရေရာ မသေချာမှုများကို လျှော့ချနိုင်ပြီး စွပ်စွဲခံရသူအား ချုပ်နှောင်ထားသည့် အချိန်ကာလကိုလည်း ကန့်သတ်လျှော့ချခြင်းပြုနိုင်မည်ဖြစ်ပါသည်။ ထို့အတူ အမှုစစ်ဆေးသည့် အချိန်ကြာမြင့်ခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် သက်သေအထောက်အထားများပျောက်ပျက်ခြင်း၊ သက်သေများ၏ မှတ်ဉာဏ်များ မေ့လျော့ခြင်းနှင့် မလိုလားအပ်သော အခြားကိစ္စရပ်များမဖြစ်ပေါ်စေရန် ကာကွယ်မှုပေးနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ လေ့လာသိရှိနိုင်စေရေးအတွက် ကောက်နုတ်ဖော်ပြထားပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားမျှတမှု၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေပြုပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ဥပဒေအရ ရပိုင်ခွင့်များ၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးရန် မျှော်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းမျှော်မှန်းချက်နှင့်အညီ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန်၊ ပြည်သူများရရှိခံစားနိုင်သည့် တရားမျှတမှုဆိုင်ရာအခွင့်အရေးများကို လေ့လာသိရှိနိုင်ရန်နှင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးမူဝါဒများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ဤမျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်ကို ပြုစုထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ရူပဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**PHYSICS** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET**

**The symbols in this paper have their usual significance**

**SECTION (A)**

(Answer **ALL** questions)

1. Choose the correct answer from the followings. **(4 marks)**
   (i) Electrical forces bind .......... and nuclei to form atoms.
   (**A** electrons **B** protons **C** neutrons)
   (ii) The resistance of a /an..........increases with increasing temperature.
   (**A** insulator **B** semiconductor **C** conductor)
   (iii) When the ray of light passes from water to air, the velocity of light .......... .
   (**A** increases **B** is constant **C** decreases)
   (iv) When electrons strike a tungstentarget, .......... are emitted.
   (**A** X-rays **B** gamma rays **C** cathode rays)

2. Match the followings. **(4 marks)**

| | | |
|---|---|---|
| (i) | one coulomb | A. pressure difference |
| (ii) | dioptre | B. density of liquid |
| (iii) | hydrometer | C. 6.25 x$10^{18}$ electrons |
| (iv) | manometer | D. power of lens |

3. Define efficiency of a machine. Write down the relationship between efficiency, mechanical advantage and velocity ratio.
   A crane is lifting a 500 N load with a velocity of 200cms$^{-1}$. Calculate the power of the crane in hp. **(4 marks)**

4. Define critical angle. Draw a diagram to illustrate the critical angle and total internal reflection of light. **(4 marks)**

5. Calculate the values of two equal charges if they repel one another with a force of 0.2 N when situated 50 cm apart in vacuum. ( $K = \frac{1}{4\pi\varepsilon_0} = 9\times10^9$ N m$^2$ C$^{-2}$) **(4 marks)**

6. Which device can be used as rectifier? Does it obey Ohm's law? Why? Draw a full-wave rectifier circuit using it. **(4 marks)**

7. What is an available voltage? Which is more fundamental, the resistance or the resistivity?
   Draw diagrams to show the distance between two successive nodes is $\lambda/2$ and the distance from a node to the nearest antinodes is $\lambda/4$, where $\lambda$ is the wavelength. **(4 marks)**

8. The temperature of the filament is 2500 K when the bulb is switched on. The diameter of the filament is 0.1 mm and it is made of metal of emissivity 0.35. If the emissive power is 40 W find the length of the filament.
   ($\sigma = 5.685\times10^{-8}$ W m$^{-2}$K$^{-4}$) **(4 marks)**

9. Explain how alpha particles are scattered in Rutherford's alpha scattering experiment. Answer with the diagram. **(4 marks)**

**SECTION (B)**

(Answer any **FOUR** questions)

10. (a) Define the pressure. Is it scalar or vector? "Although Pascal's law is not a fundamental law, it is a very useful law for practical purposes." Is this statement correct? Discuss.
    The pressure at the height of 1 m from the floor is the normal atmospheric pressure 1.01x$10^5$ Pa. If the temperature is 0°C, what is the pressure on the floor? (Density of air = 1.29 kg m$^{-3}$, g = 10 ms$^{-2}$) **(8 marks)**
    (b) (i) Define the terms heat and heat conduction. Which of the heat transfer processes are involved in a vacuum flask? **(8 marks)**
    (ii) Find the first three harmonics which will be formed in a closed organ pipe of length 0.4 m. Velocity of sound in air is 340 ms$^{-1}$.

11. (a) Write down the expressions for Coulomb's force and Newton's gravitational force in vector notations.
    How far apart are two protons if the force each exerts on the other is equal to the weight of a proton?
    (g = 10 ms$^{-2}$, mass of proton = 1.67×$10^{-27}$ kg, charge of proton = 1.6×$10^{-19}$ C) **(8 marks)**
    (b) What do you understand the equipotential surface due to a charge? **(8 marks)**
    Express the electric potential at a distance '*r*' from a point charge + Q. The points A and B are situated in an electric field due to the charge +Q. A and B are at distances of $r_a$ and $r_b$, ($r_a < r_b$) from + Q respectively. Write the equation for electric potential difference between A and B. Draw the electric lines of force that are perpendicular to the equipotential surfaces.

12. (a) Define the principal focus and focal length of convex lens. Is the focus of a convex lens real or virtual? Why?
    (i) The angle of a glass prism is 60° and the angle of minimum deviation is 39°. Find the refractive index of glass. (ii) If the refractive index of glass is 1.5 and the angle of prism is 60°, find the angle of minimum deviation. **(8 marks)**
    (b) Draw ray diagrams to show how the real and virtual images can be formed by a convex lens.
    An image, which is five times the size of an object, is to be produce by a convex lens of power +2D on the same side as the object. How far should the object be placed from the image? **(8 marks)**

13. (a) What is an electric current? How is an electric current defined? Is an electric current a vector quantity? Why?
    A cell having an e.m.f of 1.5 V and an internal resistance of 1Ω is connected to 2 Ω and 3Ω resistors in series. Find the current in the electric circuit and the potential difference across the ends of each resistor. **(8 marks)**
    (b) Show that the equivalent resistance of the resistors in series is equal to the sum of the resistances of the individual resistor.
    If a 60 W electric lamp is connected to a 240 V mains line find
    (i) the current in the lamp (ii) the resistance of tungsten wire of the lamp (iii) the amount of heat produced by the filament in 1 min. **(8 marks)**

14. (a) What are the carriers of charge in a metal and in a semiconductor? Give the examples of these materials. Why does a pure semiconductor have poor conductivity at normal temperature?
    How is an *n*-type semiconductor formed? What is the majority carrier in an *n*-type semiconductor? **(8 marks)**
    (b) State Bohr's atomic model. Why does an electron moving around the nucleus not fall into the nucleus? Draw the structures of helium (He) and lithium (Li) atoms.
    How do you understand the terms nuclear reaction and fission? **(8 marks)**

15. (a) State the Fleming's left-hand rule. Why is a compass needle placed near a current-carrying wire deflected?
    A moving-coil galvanometer of resistance 20Ω gives a full-scale deflection when a current of 5 mA passes through it. What modification must be made to it so that it will give a full-scale deflection for (i) a current of 1 A and (ii) a potential difference of 100 V? **(8 marks)**
    (b) What are radioisotopes? How are artificial radioisotopes produced in a nuclear reactor? Give two medical uses of radioisotopes.
    The highly unstable nucleus splits into two lighter nuclei by shooting out neutrons. Draw a diagram to illustrate the splitting process. **(8 marks)**

**(OR)**

15. (a) Define work and energy. Is it true that work is related to the energy? A man carries a bucket of water horizontally at constant velocity. Does he work on the bucket? Explain.
    When an object is placed 12 cm from a convex lens a real image formed is three times the size of the object. If a real image which is four times the size of the object is required, how far must the object be moved? **(8 marks)**
    (b) What electrical device is a capacitor? Express the energy of the capacitor using its capacitance and potential difference between the conductors.
    How should three capacitors and two batteries be connected so that the capacitors will store the maximum possible energy?
    The plates of a parallel-plate capacitor in air are 50cm$^2$ in area and 1 mm apart, (i) What is its capacitance? (ii) When the capacitor is connected to a 45 V battery, what is the charge on either plate? (iii) What is the energy of the capacitor? **(8 marks)**

## မနော်ရတနာကားဂိတ်၌ ခရီးသွားအာမခံလျော်ကြေး ပေးအပ်

**မန္တလေး ဇူလိုင် ၇**

Capital Life Insurance Ltd မန္တလေးရုံးခွဲ၌ ခရီးသွားအာမခံထားရှိသော လုံးခင်း-မန္တလေးခရီးစဉ် မနော်ရတနာယာဉ်လိုင်း မော်တော်ယာဉ် အမှတ် 8J/3717 သည် ခရီးသည် ၁၃ ဦး တင်ဆောင်ပြီး ဇူလိုင် ၁ ရက် နံနက် ၉ နာရီခွဲမှ ထွက်ခွာလာရာ ဇူလိုင် ၂ ရက် နံနက် ၅ နာရီတွင် စဉ့်ကူးမြို့နယ် ရွာတော်လေးကျေးရွာအနီးတွင် ရှေ့မှ ရပ်ထားသောသစ်တင်ကားကို ဝင်တိုက်မိသဖြင့် ယာဉ်မောင်းအပါအဝင်ခရီးသည် သုံးဦး သေဆုံးကာ ခရီးသည်ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။



အဆိုပါ ဒဏ်ရာရရှိသူများအား စဉ့်ကူးမြို့နယ်ဆေးရုံ၌ ဆေးဝါးကုသပြီး မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်းပေးပို့ကုသလျက်ရှိရာ ရန်ကုန်မြို့ရုံးချုပ်မှ Capital Life Insurance Ltd အထွေထွေမန်နေဂျာ ဦးအောင်သိန်းထွန်းနှင့် အဖွဲ့ဝင်များ လာရောက်၍ မန္တလေးမြို့ ဒေါ်နဘွားအဝေးပြေးကားကြီးကွင်း မနော်ရတနာကားဂိတ်၌ ဇူလိုင် ၅ ရက်က လျော်ကြေးငွေပေးအပ်ပွဲ ကျင်းပရာ အထွေထွေမန်နေဂျာက သေဆုံးသူ သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ နှုန်းစီဖြင့် ငွေကျပ်သိန်း ၉၀ ဒဏ်ရာရရှိသူများအား ဒဏ်ရာရှိမှုအခြေအနေအလိုက် စုစုပေါင်း ငွေကျပ် ၉၆ သိန်းကို အကျိုးခံစားခွင့်ရှိသူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ထူးချွန်ကျောင်းသူများ တရုတ်သို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၇**

နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန် နောက်ဆုံးနှစ် ဘီဒီအက်စ် ၁/၂၀၁၈ သင်တန်းမှ ထူးချွန်ကျောင်းသူများဖြစ်ကြသော မဆုမြတ်ချိုနှင့် မဇင်နှင်းပွင့်အောင်တို့သည် ဇူလိုင် ၈ ရက်မှ ၂၁ ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Slchuan တက္ကသိုလ်၌ ကျင်းပမည့် 2018 International Exchange Camp သို့ တက်ရောက်ရန်အတွက် ဇူလိုင် ၇ ရက် နေ့လယ်ပိုင်းက Air Asia လေကြောင်းလိုင်းဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကာ မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပသော ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (စီ)(ဃ) ၌ အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲများအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကချင်ပြည်နယ်အသင်းကို ၂-၀ ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ မွန်ပြည်နယ်အသင်းကို ၂-၀ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်အမှုဆောင် ဦးအောင်ကျော်မိုးက လည်းကောင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ်အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးယောနသန်က လည်းကောင်း၊ ပထမဆုရရှိသော ပဲခူးတိုင်းဒေသကြီး အသင်းအား အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးက လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၏ ရှုံး/ထွက် ပြိုင်ပွဲများကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (စီ)(ဃ)၌ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ပါသဖြင့် အားကစားကို စိတ်ပါဝင်စားသူ မိတ်ပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

---

**✪ကျော့ဖုံးမှ**

ပထမပိုင်းတွင် ဇွဲကပင်အသင်းပုံစံကောင်း ပြသနိုင်ခြင်းမရှိသလို တိုက်စစ်တွင် သန်းထက်အောင်နှင့် အခြားကစားဖော်များအချိတ်အဆက်လွဲနေ၍ ဂိုးသွင်းခွင့် ထင်သလောက်မရခဲ့ပေ။ မကွေးအသင်းသည် နိုင်ပွဲပြန်ရရေးအတွက် တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ၁၄ မိနစ်တွင် စိုးမင်းအောင်က ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန်ကြိုးပမ်းခဲ့ သော်လည်း တိုက်စစ်တွင်ကစားသည့် သန်းထက်အောင်၊ ကင်မ်နှင့် ရန်ကျော်ထွေးတို့ ခြေစွမ်းမပြနိုင်ရန် မကွေးနောက်တန်း ဖျက်ထုတ်နိုင်ခဲ့သည်။ မကွေးအသင်း၏ ခြေစွမ်းမှာလည်း ပုံမှန်ထက်ပိုမကောင်းသည့်အပြင် ဂိုးသွင်းခွင့်လည်း မဖန်တီးနိုင်၍ ဂိုးထပ်ရရန်ထက် ဦးဆောင်ဂိုးကို ထိန်းရန်သာကြိုးပမ်းခဲ့ သည်။ မိနစ် ၇၀ ကျော်တွင် ဇွဲကပင်အသင်းကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး ၈၃ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ဇွဲကပင်အတွက် ချေပဂိုးကို စစ်မုန်းက သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် စစ်ကိုင်းအသင်းက ရောဝတီအသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုးများကို ဘမ်ဘာက ၃၆၊ ၄၅+၂၊ ၉၀+၂ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးကို ၄၃ မိနစ်တွင် အောင်လှိုင်ဝင်းက သွင်းယူသည်။

ရောဝတီအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် အောင်ဟိန်းကျော်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၈ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရန်ကုန်၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် Southern၊ သုဝဏ္ဏကွင်း၌ GFA နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

**❇ ကျော့ဖုံးမှ**

အတွင်းရေးမှူး ဦးမျိုးသီဟ၊ ဦးဆောင် သော လူငယ်အားကစားသမားအမျိုးသားရှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား အသက် ၁၃ နှစ်ပြိုင်ပွဲတွင် မင်းသံလွင်အောင် (Boy A)နှင့် အမျိုးသမီးအသက် ၁၄ နှစ်ပြိုင်ပွဲတွင် သံလွင်မိုးသက်တို့က ချန်ပီယံဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။ ထို့အပြင် အမျိုးသား အသက် ၁၄ နှစ်ပြိုင်ပွဲတွင် ကောင်းမြတ်ကျော်က ဒုတိယ၊ အသက်၁၇ နှစ် ပြိုင်ပွဲတွင် ရာဇာအောင်က တတိယနှင့် သီဟမျိုးဆက်က ပဥ္စမဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင်ရာဇာအောင်နှင့် ကောင်းမြတ်ကျော်တို့အတွဲက ဒုတိယ၊ သီဟမျိုးဆက်နှင့် မင်းသံလွင်အောင်တို့ အတွဲကတတိယဖြင့်လည်းကောင်း၊ အသက်၁၃နှစ်ပြိုင်ပွဲတွင် ထွန်းသူရိန်(အဆင့်၇)၊ အသက် ၁၄ နှစ်တွင် မင်းထက်အောင်က (အဆင့်၈)၊ အသက် ၁၆ နှစ်တွင် စိုင်းအောင်စိုင်ဖက(အဆင့်၉)၊ အသက် ၁၅ နှစ်တွင် ဇွဲထက်အောင်က (အဆင့် ၁၃)အသီးသီးရရှိခဲ့ကြသည်။

အဆိုပါအဖွဲ့မှရာဇာအောင်၊သီဟမျိုးဆက်၊ စိုင်းအောင်စိုင်ဖ၊ ဇွဲထက်အောင်၊ ကောင်းမြတ်ကျော်၊ မင်းထက်အောင်တို့နှင့်အတူလှိုင်မင်းထက်၊ သီဟဌေး၊ ဖုန်းပြည့်ချမ်းဟန်တို့သည် စင်ကာပူနိုင်ငံ (Singapore Island Country Club) တွင်ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် 71th Singapore Open Amateur Championship ပြိုင်ပွဲသို့ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် အနာဂတ်မျိုးဆက်သစ်ဂေါက်သီးအားကစားသမားအကျော်အမော်များ ပေါ်ထွန်းလာစေရေးနှင့် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်တွင်းပြည်ပပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

# အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း သုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်

**နေပြည်တော် ဇူလိုင် ၇**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ကျင်းပရာ မြန်မာအမျိုးသမီးအသင်း သုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် စင်ကာပူအသင်းကို သက်သောင့်သက်သာကစားပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် သုံးပွဲစလုံး ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ကစားပုံပျက်မသွားဘဲ လိုအပ်နေသည့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဗီယက်နမ်နှင့် နောက်ဆုံးပွဲတွင် ပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင် ခင်မာလာထွန်း၊ ခင်မိုးဝေစသည့် အမာခံကစားသမားအချို့ကို အနားပေးကာ သန်းသန်းထွေးကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး ကစားသမားအချို့အပြောင်းအလဲပြုလုပ်ကာ ပွဲထွက်ခဲ့သည်။ စင်ကာပူအသင်းသည် မြန်မာအသင်းကို အဘက်ဘက်မှ ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ပွဲစကတည်းက ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့ရသည်။ မြန်မာအသင်းသည် ၁၂ မိနစ်တွင် အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ရီရီဦးက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၂၂ မိနစ်တွင် ရီရီဦးနှင့် ၄၁ မိနစ်တွင် နီလာဝင်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက သုံးဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး လေးဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅၄ မိနစ်တွင် နီလာမြင့်၊ ၇၁ မိနစ်တွင် ခင်မိုးဝေ၊ ၇၆ မိနစ်တွင် ဂျူလိုင်ကျော်၊ ၈၉ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စုနှစ်ခုစလုံးမှ ဆီမီးဖိုင်နယ်တက်ရောက်သည့်အသင်းများ ထွက်ပေါ်လာပြီဖြစ်ပြီး အုပ်စု (က) တွင် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် ထိုင်းအသင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်နှင့် မြန်မာအသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်နှင့်အတူ ကိုးမှတ်စီရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နှင့် နောက်ဆုံးပွဲတွင် ပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

---

# ကာမိုင်း-ဖားကန့်သွား ကားလမ်းရေကျော်မှု ပိုမိုဆိုးရွားလာ၍ ခရီးသွားယာဉ်များသွားလာမှု ရပ်တန့်ထား

**ကာမိုင်း ဇူလိုင် ၇**

ကာမိုင်း- ဖားကန့်သွားကားလမ်းမကြီးပေါ်ရှိ ကာမိုင်းမြို့နှင့် မအူပင် ကျေးရွာကြား ခြောက်မိုင်ကားလမ်းပေါ်သို့ ရေကျော်နေမှုမှာ ယနေ့နံနက် ၉နာရီခန့်တွင် ရေအနက် သုံးပေကျော်ခန့်ရှိလာပြီး ကားလမ်းအရှည်ပေ တစ်ထောင်ကျော်ခန့် ရေများဖုံးလွှမ်းလျက်ရှိရာ ရေများ ဆက်လက်မြင့်တက်လာနေကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ရေကျော်မှုဖြစ်စဉ်ကြောင့် ယနေ့နံနက် ၈ နာရီခန့်က ခြောက်ဘီးယာဉ်တစ်စီး လမ်းမှားမောင်းမိ၍ လမ်းချော်တိမ်းစောင်းသွားခဲ့ကြောင်း၊ ကာမိုင်း - ဖားကန့်သွားကားလမ်းမပေါ်သို့ ဇူလိုင် ၄ ရက်မှစတင်၍ ရေကျော်လာခဲ့ရာ ရေစတင်ကျော်သည့်နေ့က အနက် တစ်ပေခန့်နှင့် ပေ ၂၀၀ ကျော်ထိသာ ရေဖုံးလွှမ်းခဲ့ရာ ခရီးသွားယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါရေကျော်နေမှုကြောင့် ခရီးသွားယာဉ်များဖြတ်သန်းသွားလာရန် အန္တရာယ်ရှိနေသဖြင့်နံနက် ၉ နာရီခွဲခန့်မှစ၍ ယာဉ်သွားလာမှုကို ရပ်တန့်ထားကြောင်း၊ ခရီးသွားယာဉ်များအန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်တို့ကိုကူညီဆောင်ရွက်ပေးနိုင်ရန် ကာမိုင်းမြို့နယ်မြေခံစခန်းမှ ဒုတိယရဲအုပ်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကာမိုင်းမြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက အသင့်စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။ ယခု ကားလမ်းရေကျော်မှုမှာ အထက်ဘက်မိုးရွာသွန်းမှုမှ နန့်ကောင်းချောင်းရေ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ကာမိုင်းမြို့၌ ဇူလိုင် ၂ရက်မှ ယနေ့အထိ မိုးသည်းထန်စွာရွာသွန်းမှုမရှိကြောင်း၊ ရေလျော့ကျနိုင်မည့်အခြေအနေမရှိသေးကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ကာမိုင်း (ပြန်/ဆက်)**

---



# ကျိုက္ကလီမြို့ ကံပေါက်ကျေးရွာ ပင်လယ်ကမ်းစပ်တွင် ဝေလငါးအသေတစ်ကောင် သောင်တင်

**ကျိုက္ကလီ ဇူလိုင် ၇**

ကျိုက္ကလီမြို့ရေကျော်ကျေးရွာအုပ်စု ကံပေါက်ကျေးရွာ အနီးရှိပင်လယ်ကမ်းစပ်၌ ဇူလိုင် ၇ ရက် နံနက် ၈ နာရီခန့်က ဝေလငါးအသေတစ်ကောင် သောင်တင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ဝေလငါးမှာ အလျား ၃၃ ပေ၊ လုံးပတ်ကိုးပေခန့်ရှိပြီး ပုပ်ပွလျက်တွေ့ရှိရသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝေလငါးအရိုးများရရှိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# ကမ္ဘာ့ဖလားကွာတားဖိုင်နယ် အင်္ဂလန်တို့ ဆွီဒင်ကို အနိုင်ရ၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ် အကြိုဗိုလ်လုပွဲ တွေ့ဆုံ

ရုရှားနိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇူလိုင် ၇ ရက် ညပိုင်းတွင် ယှဉ်ပြိုင်သည့် ဆွီဒင်နှင့် အင်္ဂလန်ပွဲတွင် အင်္ဂလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အတွက် အနိုင်ဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် အက်ရှလေယန်း၏ ဖြတ်တင်ဘောမှတစ်ဆင့် နောက်တန်းကစားသမား မက်ဂူရီက ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၉ မိနစ်တွင် လင်ဂတ်၏ ဖြတ်တင်ပေးမှုကို ဒယ်လီအလီက ခေါင်းတိုက်သွင်းယူခဲ့သည်။ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဘရာဇီးနှင့် ဘယ်လ်ဂျီယံပွဲတွင် နှစ်ဂိုး- တစ်ဂိုးဖြင့် ဘယ်လ်ဂျီယံအသင်း အနိုင်ရရှိခဲ့သည်။

ကမ္ဘာကျော်ဘောလုံးသမား အများအပြားပိုင်ဆိုင်ထားသည့် ယင်းနှစ်သင်းတွေ့ဆုံပွဲတွင် ဘရာဇီးသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဂါဘရီရယ်ဂျီးဆပ်ကို အထောင်ထား ပွဲထွက်လာသည်။ ဘယ်လ်ဂျီယံအသင်းတွင် အင်္ဂလန်ပရီမီယာလိဂ်တွင် ကစားနေသည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ၃-၄-၃ ကစားကွက်ကိုပုံဖော်ကာ တိုက်စစ်ပိုင်းတွင် ဟာဇက်၊ လူကာကူနှင့် ဒီဘရိုင်းတို့ ပါဝင်လာသည်။ ယင်းနှစ်သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပွဲစစချင်းပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ဘယ်လ်ဂျီယံအသင်းထောင့်ကန်ဘော ဖြတ်တင်ရာ ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ဘယ်လ်ဂျီယံတို့ ဦးဆောင်ဂိုး ရရှိခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် လူကာကူဖန်တီးမှုမှတစ်ဆင့် ဒီဘရိုင်းက ၁၈ ကိုက်အစပ်မှ အပြင်းကန်သွင်းခဲ့သဖြင့် ဘယ်လ်ဂျီယံအသင်းနှစ်ဂိုးအသာဖြင့် ပထမပိုင်းတွင် ဦးဆောင်ခဲ့သည်။

ဘရာဇီးအသင်းသည် ချေပဂိုး ရရှိရန် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၆ မိနစ်တွင် လူစားဝင်လာသော အော်ဂတ်စ်တိုက ခေါင်းတိုက်သွင်းယူခဲ့၍ ဘရာဇီးတို့ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။

ဘရာဇီးအသင်းသည် ချေပဂိုးများ ထပ်မံရရှိရန် အခွင့်အရေးတချို့ကို အဆုံးသတ်မသေချာမှုကြောင့် နစ်နာခဲ့ရသည်။ ယင်းပွဲသည် နှစ်သင်းစလုံးတန်ပြန်တိုက်စစ်များဖြင့် ပွဲကိုမြိုင်စေခဲ့ပြီး ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုမှာ ဘရာဇီးက အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ကြိမ်အနက် ၁၀ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းမှာ ခုနစ်ကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ဇူလိုင် ၆ ရက်ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သော ဥရုဂွေးနှင့် ပြင်သစ်ပွဲတွင် ပြင်သစ်အသင်း နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် မိနစ် ၄၀ တွင် ဗာရာနီက သွင်းယူခဲ့ပြီး ပွဲချိန် ၆၁ မိနစ်တွင် ဂရေစ်မန်းက သွင်းယူခဲ့သည်။

ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည့် အကြိုဗိုလ်လုပွဲ၌ ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ တွေ့ဆုံမည်ဖြစ်သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၈ - ၇ -၂၀၁၈ (တနင်္ဂနွေ)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ **နောက်တီးနောက်တောက်**
- ၉း၂၀ - ကျန်းမာရေးမဂ္ဂဇင်း **အသည်းခြောက်ရောဂါ အကြောင်းသိကောင်း စရာ** (အပိုင်း-၁)
- ၉း၄၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၁၅ - **မူလတန်းအဆင့်သင်ရိုးသစ် မိတ်ဆက်**
- ၁၁း၃၀ - ဇူလိုင်လအတွက်လပတ် မိုးလေဝသအစီအစဉ်
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ထို့ကြောင့်ဤအရာကို အချစ်ဟုခေါ်သည်** ကျော်ဟိန်း၊ ခင်သီတာထွန်း (ဒါရိုက်တာ- ကြီးမြင့်)

**ညပိုင်း**

- ၁၅း၄၅ - **Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Yadanabon FC Vs Yangon United Fc)**
- ၁၈း၅၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ**(၆၆)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးမပြေ** (အပိုင်း -၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **In&Out** (Taiwan ခရီးစဉ်) (အပိုင်း-၇) (လေးဖြူနှင့်အဖွဲ့)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **အကယ်၍သာ** (အပိုင်း-၂)
- - **မဟာဇနကဇာတ်တော်ကြီး** (ဒုတိယပိုင်း)

# ဟိုပင်၊ ဟိုပုံး၊ မောင်တော၊ မူဆယ်နှင့် မိုင်းပွန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ည ၇ နာရီက မိုးညှင်းမြို့နယ် ဟိုပင်မြို့ (၈) မိုင်တောင်ခြေတွင် ဇော်ဒမ်(ခ) မလ မောင်းနှင်လာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၉၂၅ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၃ နာရီခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဦးစောလှကျွန်း၏တောင်ဘက် နတ်မြစ်အတွင်း လှော်ခတ်နေသည့် လှေတစ်စင်းကို တွေ့မြင်ရ၍ မီးအချက်ပြခေါ်ယူရာ လှေပေါ်ပါသူများသည် ရေထဲခုန်ဆင်း ထွက်ပြေးသွားကြပြီး ကျန်ရှိနေသည့် သစ်သားလှေပေါ်၌ စိတ်ကြွရူးသွပ်



မောင်တောမြို့နယ် နတ်မြစ်အတွင်း ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား လောင်းလှေနှင့်အတူ တွေ့ရစဉ်။

ဆေးပြား ၂၉၂၅၀ ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဈေးရပ်ကွက်တွင် ထွေးမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၅ ရက် ညနေ ၄ နာရီခွဲက ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လုံဟေးကျေးရွာအုပ်စု ဟိုတိညောင်ခမ်းကျေးရွာနေ ကျော်ဝင်း(ခ) ဦးစိုင်း၏ နေအိမ်ကိုရှာဖွေရာ မနန်းရွှေဦး (ခ) မနန်းငဲကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅ ပြားကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၆ ရက် နံနက် ၃ နာရီက မိုင်းပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ဆင်ခြေဖုံးကျေးရွာအုပ်စု စစ်စီကျေးရွာအနီး လုံအောင်လမ်းဆုံတွင် တဆောင်းမောင်းနှင်ပြီး လုံးတိလိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့၌ တရားမဝင် ကျွဲ၊ နွားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၁) အုတ်ဖိုရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မေယုမြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၆ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ခန့်က ရသေ့တောင်မှ ဘူးသီးတောင်သို့ မောင်းနှင်နေသော စက်လှေတစ်စင်းတွေ့ရှိ၍ မီးအချက်ပြ၍ခေါ်ယူသော်လည်း မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ တရားမဝင်သယ်ဆောင်လာသော ကျွဲ၊ နွားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ ခန့်က ပူးပေါင်းအဖွဲ့များသည် ဘူးသီးတောင်မြို့နယ် ညောင်ချောင်းကျေးရွာနေ ကျော်သန်း (၄၀နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ စိုးမင်း(၂၂နှစ်)လိုက်ပါကာ တရားမဝင် သယ်ဆောင်လာသော ကျွဲ ၂၆ ကောင်နှင့် နွားနှစ်ကောင်တို့နှင့်အတူ စက်လှေကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်မေးရာ စက်လှေနှင့် ကျွဲ၊ နွားပိုင်ရှင်မှာ တစ်ရွာတည်းနေ ရွှေမောင်(စိစစ်ဆဲ)နှင့် ခင်သန်း(စိစစ်ဆဲ) တို့ဖြစ်ကြောင်း သိရှိရသောကြောင့် ကျော်သန်းပါ လေးဦးအား စေတီပြင် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာ ရဲကင်း စခန်းမှတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် တရားမဝင်နယ်မြေဖြတ်ကျော်၍ နွားများသယ်ဆောင်သူ မောင်တောမြို့နယ် အောင်သပြေကျေးရွာနေ ဦးမောင်ကျော်လှ (၄၅နှစ်) ပါ၀င်ဦးအား နွား ၁၆ ကောင်နှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မိတ္ထီလာမြို့၌ မြေပြိုပိမိ၍ တစ်ဦးသေဆုံး

**မိတ္ထီလာ ဇူလိုင် ၇**

ထားဝယ်မြို့နယ် မိတ္ထီလာမြို့ ဟိန္ဒားကျေးရွာရှိ မြန်မာ့ပွန်ပီပက်သတ္တုကုမ္ပဏီလုပ်ကွက် အမှတ် (B) အနောက်ဘက် လျှိုအတွင်းတွင် ဇူလိုင် ၇ ရက် နံနက် ၉ နာရီခန့်က ဒေါ်အေးအေးသက် (၄၀ နှစ်) အိမ်အမှတ် ၁၁၉ အမှတ် ၆ ရပ်ကွက် ဟိန္ဒားကျေးရွာနေသူသည် ခဲသတ္တုကျင်နေစဉ် မြေပြို၍ ပိမိခဲ့သဖြင့် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်စစ်ဆေးနိုင်ရန် ထားဝယ်မြို့နယ် မိတ္ထီလာရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ထက်အာကာကျော်က တရားလို ပြုလုပ်တိုင်တန်းခဲ့သဖြင့် မိတ္ထီလာရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မိတ္ထီလာ(မြန်/ဆက်)**

## စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်တို့၌ တရားမဝင် ရှော့ခ်တိုက် ငါးဖမ်းဆီးမှု ၂၁ မှု ဖမ်းဆီးနိုင်

**စဉ့်ကူး ဇူလိုင် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရားမဝင်ရှော့ခ်တိုက် ငါးဖမ်းဆီးမှုတို့ကို ဦးစီးဌာန မှတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်း မြို့နယ်အတွင်း ရှောင်တခင်ကွင်းဆင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားမဝင် ငါးဖမ်းမှု ၂၁ မှု ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့တွင် တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းဆီးမှုမှ ငါးဖမ်းလှေ ၁၂ စင်း၊ စက်အင်ဂျင် ၁၂လုံး၊ ပိုက်ကွန် ၁၄ ခု၊ ရှော့ခ်တိုက်ဘက်ထရီ ၂၈ လုံးနှင့် ရှော့ခ်ပုံး ၁၉ ပုံး၊ ငါးပိဿာ ၁၉ ပိဿာတို့ကို သိမ်းဆည်းရမိခဲ့ပြီး၊ လေလံတင်ရောင်းချနိုင်ခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေကျပ်သိန်း ၂၉၇၉၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## နိုင်ငံခြားသား လင်မယားထံမှ ပိုက်ဆံအိတ်လုယူထွက်ပြေးသူကို ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၇**

မန္တလေးမြို့တွင် ရောက်ရှိနေသော တရုတ်နိုင်ငံသား လင်မယားထံမှ ပိုက်ဆံအိတ်ကို ဆိုင်ကယ်ဖြင့် လုယူထွက်ပြေးသွားသူကို ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် ည ၁၁နာရီခန့်က ကျုံးဘေး၌ လေညင်းခံ လမ်းလျှောက်ပြီး တည်းခိုရာ ဟိုတယ်သို့ ပြန်လာသည့် တရုတ်နိုင်ငံသား လင်မယားသည် ချမ်းအေးသာစံမြို့နယ် ၂၈×၂၉လမ်းကြား ၇၃ လမ်းအရောက်၌ ၎င်းတို့နောက်မှ မျက်နှာအားဖုံးအုပ်ထားပြီး ဆိုင်ကယ်မောင်းနှင်လာသူက တရုတ်နိုင်ငံသားအမျိုးသမီးလွယ်ထားသည့် ပိုက်ဆံအိတ်ကို လုယူခဲ့ရာ ယင်းအမျိုးသမီးမှာ တရွတ်တိုက်ပါသွားခဲ့ပြီး လုယူသူ၏ ဆိုင်ကယ်မှာလည်း လဲကျသွားခဲ့သည်။

ထိုသို့ လဲကျစဉ် အမျိုးသမီးက အော်ဟစ်အကူအညီတောင်းခဲ့ရာ ပတ်ဝန်းကျင်ရှိပြည်သူများနှင့်လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီးခဲ့ရာ ပိုက်ဆံအိတ်လုယူရန်ကြံစည်အားထုတ်သူ မင်းဆက်သာ(ခ)ဆက်လင်းမောင်(၂၁ နှစ်) ၂၆×၅၇လမ်း နေသူအား ဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၈)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်စံမောင်**

## ပင်လည်ဘူး၌ ဘိန်းဖြူနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်တောင်ကျေးရွာရှိ လယ်တဲ၌ ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီက ရှောင်တခင်ဝင်ရောက် ရှာဖွေစစ်ဆေးရာမှ ဘိန်းဖြူအမှုန့်နှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ်ကျော်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ နယ်ထိန်း တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ပင်တောင်ကျေးရွာရှိ တင့်နွယ် (ခ) ဖိုးနွယ် (၄၉) နှစ်၏ လယ်တဲသို့ရှောင်တခင် ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၇ ဒသမ ၈ ဂရမ်နှင့် ဘိန်းစိမ်း ၆၀ ဂရမ်အား သိမ်းဆည်းရမိသဖြင့် တင့်နွယ် (ခ) ဖိုးနွယ်အား ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရေပူပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင်သစ်ခွဲသားများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၅၄ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၅၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၄၇၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဟွန်ဒါအိုဒက်ဆီယာဉ်တစ်စီး၊ အဲလ်ဖတ်ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၁ ဒသမ ၇၁၅၈ တန်၊ ပိတောက်ခွဲသား ၁ ဒသမ ၀၆၉၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၃၅၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ကမ္ဘောဒီးယားရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးများ စတင်

**ဖနောင်ပင် ဇူလိုင် ၇**

ယခုလနောက်ပိုင်းတွင် ကျင်းပမည့် အငြင်းပွားဖွယ် ကမ္ဘောဒီးယားရွေးကောက်ပွဲအတွက် နိုင်ငံအတွင်းရှိ ပါတီများ သုံးပတ်ကြာ မဲဆွယ်စည်းရုံးရေးများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ဟွန်ဆင်သည် ၎င်း၏ အဓိကအတိုက်အခံပါတီ ဖျက်သိမ်းခံရခြင်းနှင့် ယင်းပါတီမှ ခေါင်းဆောင်များ တိုင်းပြည်မှ မိမိတို့သဘောဆန္ဒအလျောက် ထွက်ခွာသွားပြီးနောက် ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် အနိုင်ရနိုင်ခြေရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံအား ၃၃ နှစ်ကြာ အုပ်စိုးခဲ့သည့် ဟွန်ဆင်သည် ၎င်းအပေါ်ထောက်ခံသူများအား ၎င်း၏အစိုးရအနေဖြင့် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ၏ ထုတ်ကုန်ဖြစ်သည့် အထည်ချုပ်အလုပ်သမားများ၏ လုပ်ခလစာများကိုလည်း တိုးမြှင့်ပေးခဲ့ကြောင်း ဟွန်ဆင်က ပြောခဲ့သည်။

၎င်း၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ) အနေဖြင့် ခမာရက်ဖ်အရောင်တော်လှန်ရေးကို အဆုံးသတ်စေခဲ့ကြောင်း ၎င်းက ပြောခဲ့သည်။

ပြည်တွင်းနှင့် ပြည်ပရှိ မလိုလားသည့်အုပ်စုများက နိုင်ငံပြိုလဲသွားအောင် အခက်အခဲပေါင်းစုံ၊ အတားအဆီးပေါင်းစုံကို ဖန်တီးပြီး နိုင်ငံကို အန္တရာယ်ရှိအောင်ပြုလုပ်သော်လည်းပဲ ယင်းအန္တရာယ်များကြားမှ နိုင်ငံကို ခဲရာခဲဆစ် ဦးဆောင်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

ယခုတစ်ကြိမ်တွင် ၎င်းအနေဖြင့် နိုင်ငံအတွင်းလမ်းများနှင့် ကျောင်းများ ပိုမိုကောင်းမွန်အောင်နှင့် မီတာခများ လျှော့ချပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုချင်လျှင် ၎င်း၏ ပါတီ စီပီပီကို မဲပေးကြပါဟု ၎င်းက ပြောသည်။ ထို့အပြင် စီပီပီ အောင်မြင်ခြင်းသည် ပြည်သူများအောင်မြင်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**အေအက်ဖ်ပီ**

## ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေလှေတိမ်းမှောက်မှုတွင် သေဆုံးသူအရေအတွက် မြင့်တက်လာ

**ဗန်ကောက် ဇူလိုင် ၇**

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေတွင် ဇူလိုင် ၅ ရက်ကဖြစ်ပွားခဲ့သော လှေတိမ်းမှောက်မှုမှ နောက်ထပ်အလောင်း ငါးလောင်းထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း ထိုင်းအစိုးရအရာရှိတစ်ဦးက ပြောသည်။

လှေတိမ်းမှောက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ အခုအခါ ၃၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

လှေနှစ်စင်းတိမ်းမှောက်နစ်မြုပ်ပြီးနောက် ပျောက်ဆုံးနေသည့် တရုတ်နိုင်ငံသားများကို အစွမ်းကုန် ရှာဖွေကယ်ဆယ်ရေးများပြုလုပ်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

မတော်တဆဖြစ်ပြီးနောက် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ရှီက ရှာဖွေကယ်ဆယ်ရေးများအား ပိုမိုလုပ်ဆောင်ရန်နှင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ အားမလျှော့စေရန်နှင့် ဒဏ်ရာရသူများအတွက် လိုအပ်သော ဆေးကုသမှုကို ထောက်ပံ့ပေးရေး ထိုင်းအစိုးရအား ပြောကြားခဲ့ကြောင်း သိရသည်။

ဇူလိုင် ၆ ရက် သတင်းများအရ အဆိုပါလှေတိမ်းမှောက်မှုတွင် တရုတ်နိုင်ငံသားခရီးသည် ၁၂၇ ဦးအနက် ၁၆ ဦးမှာ သေဆုံးခဲ့ပြီး ၃၃ ဦးပျောက်ဆုံးလျက်ရှိကာ ၇၈ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်က ရှာဖွေကယ်ဆယ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး ပြည်ပရောက် တရုတ်နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ၊ ဘေးကင်းလုံခြုံရေးတို့ကို ကာကွယ်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂူအတွင်းပိတ်မိနေသော ထိုင်းဘောလုံးသမားများကို ဂူဖောက်ကယ်ဆယ်မှုများ ပြုလုပ်နေ

**ဗန်ကောက် ဇူလိုင် ၇**

ဂူအတွင်းပိတ်မိနေသော ထိုင်းလူငယ်ဘောလုံးသမားများကို ကယ်ထုတ်ရန် မီးခိုးခေါင်းတိုင်ကဲ့သို့ ဒေါင်လိုက်မြောင်းပေါင်း ၁၀၀ ကျော်ကို တူးနေကြောင်း ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်က ဇူလိုင် ၇ ရက်တွင် ပြောခဲ့သည်။

ဂူအတွင်းပိတ်မိနေသော ကလေးများကို ဂူပေါ်သို့ကယ်ထုတ်နိုင်ရေးအတွက် ကယ်ဆယ်ရေးဆောင်ရွက်ချက်များကို လတ်တလောတွင် ပြုလုပ်လျက်ရှိကြောင်း၊ ဂူအတွင်းပိုင်းတွင် ရေမြုပ်နေသောကြောင့် ရေငုပ်ပြီး ၎င်းကလေးများကို အပြင်သို့ ကယ်ထုတ်ရန်ဆိုသည်မှာ အလွန်အန္တရာယ်များသောကြောင့် အဆိုပါနည်းအစား ယခုကဲ့သို့ ဂူကို အပေါ်မှ ဖောက်ကာ ကယ်ထုတ်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း သိရသည်။



ဂူကိုအပေါ်မှနေ၍ မီးခိုးခေါင်းတိုင်ကဲ့သို့ ဒေါင်လိုက်ဖောက်နေခြင်းမှာ အချို့ဆိုလျှင် မီတာ ၄၀၀ အထိရောက်ရှိခဲ့သော်လည်း ကလေးများတည်ရှိရာ နေရာကို အတိအကျ မတွေ့ရှိသေးကြောင်း နာရန်ဆက်အော်ဆော့တနာကွန်က သတင်းထောက်များကို ပြောခဲ့သည်။ ဘောလုံးသမားလေးများ တည်ရှိရာ နေရာအတိအကျကို ရောက်အောင် လုပ်ဆောင်နိုင်သည့် နည်းပညာလိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မိမိတို့အထင် ဘောလုံးသမားများ တည်ရှိရာနေရာသည် ၆၀၀ မီတာခန့်တွင် ရှိကောင်းရှိနိုင်သော်လည်း ၎င်းတို့ တည်ရှိရာ နေရာအတိအကျကို မသိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တော၀က်အမည်ရှိ ထိုင်းဘောလုံးအသင်းသည် ထမ်လွံဂူအတွင်းနှစ်ပတ်ကြာပိတ်မိပြီးနောက်မှ ခဲရာခဲဆစ် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးသူများမြင့်တက်



**တိုကျို ဇူလိုင် ၇**

ဂျပန်နိုင်ငံတွင် စံချိန်တင်မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ခုနစ်ဦးအထိမြင့်တက်လာခဲ့ပြီး လူပေါင်း ၁ ဒသမ ၆ သန်းကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဇူလိုင် ၇ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုများသည် ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုမှုများနှင့် ရေကြီးမှုများ ဟီရိုရှီးမား၊ အိုကာယာမ၊ ကျိုတိုနှင့် အခြားဒေသများတွင် ဖြစ်ပွားလျက်ရှိသည်။ ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကာ လူပေါင်းများစွာ ပျောက်ဆုံးလျက်ရှိသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်း၏ ဝန်ကြီးအဖွဲ့များကို မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ မြေပြိုမှုများကြောင့် ဒုက္ခရောက်နေသူများကို ကယ်တင်ရန် အကောင်းဆုံးကြိုးစားကြရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ အခြေအနေမှာလည်း အလွန်ဆိုးရွားလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ မြေပြိုမှုများနှင့် ယင်းနှင့်ဆက်စပ်သော ဖြစ်စဉ်များကြောင့် အနည်းဆုံး လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

အင်န်အိတ်ချ်ကေသတင်း၌ သေဆုံးသူအရေအတွက်မှာ ၂၁ ဦးအထိမြင့်တက်လာပြီး အခြား ၄၇ ဦးမှာလည်း ပျောက်ဆုံးနေကြောင်း ဖော်ပြထားသည်။

မိုးရေချိန်စံချိန်တင်ရွာသွန်းသည့် ဒေသများမှ အထူးသဖြင့် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ဒေသခံပြည်သူ ၁၆၁၄၀၀၀ ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မီးသတ်နှင့် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ပြောခဲ့သည်။

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်ပေါင်း ၄၈၀၀၀၊ ရဲနှင့် မီးသတ်သမားများသည် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်လျက်ရှိကြောင်း အစိုးရအဖွဲ့အကြီးအကဲ ယိုရှိဟိုက် ဆူဂါက ပြောခဲ့သည်။

ဂျပန်နိုင်ငံအနောက်ပိုင်းဒေသ အတော်များများမှလွဲ၍ ကျန်ဒေသများတွင် သတိပေးထုတ်ပြန်ချက်များကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း ဂျပန် မိုး/ဇလအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ဂျပန် မိုး/ဇလမှ သက်ဆိုင်ရာတာဝန်ရှိသူ မီနာကို ဆာကူရိုင်က သတင်းထောက်များကို ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## အမေရိကန်တောမီး တစ်ဦးသေဆုံး

**ကယ်လီဖိုးနီးယား ဇူလိုင် ၇**

အမေရိကန်နိုင်ငံအနောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများမှာ ပိုမိုဆိုးရွားလာသဖြင့် ဆန်တီယေဂိုမြို့တွင် မကြာသေးမီက အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခဲ့ရကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ပြောခဲ့သည်။

အဆိုပါမီးမှာ စံချိန်တင်လောင်ကျွမ်းခဲ့သောမီးဖြစ်ကြောင်း သိရပြီး တောမီးလောင်ကျွမ်းမှုကြောင့် တစ်ဦးသေဆုံးခဲ့ကာ လူရာပေါင်းများစွာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှာ ဖလော်ရီဒါမှ အလာစကာအထိ ပျံ့နှံ့ခဲ့ကြောင်း အမျိုးသားမီးသတ်အေဂျင်စီက ကြေညာခဲ့သည်။ တောမီးလောင်ကျွမ်းမှုမှာ အချို့နေရာများတွင် အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထိ ရှိကြောင်း သိရသည်။ လတ်တလောတွင် ပြည်နယ် ၁၃ ပြည်နယ်တွင် ဧကပေါင်း ၈၂၃၀၀၀ ခန့်လောင်ကျွမ်းခဲ့ကြောင်း မီးသတ်အေဂျင်စီက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယူကရိန်းလေတပ် ခေတ်မီ လေယာဉ်တစ်စင်း လက်ခံရရှိ

**ကိယက်ဗ် ဇူလိုင် ၇**
ယူကရိန်းနိုင်ငံလေတပ်သည် ခေတ်မီ စမ်းသပ်ခန်းပါ အေအင်န်-၂၆ ကေပီအေ လေယာဉ်တစ်စင်းကို လက်ခံရရှိခဲ့ကြောင်း နိုင်ငံပိုင် ယူကရင်ဖောင်းသတင်းအေဂျင်စီက ဖော်ပြသည်။ အဆိုပါ လေယာဉ်သည် ကိယက်ဗ်လေယာဉ်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ် ၄၁၀ ကို အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး လေကြောင်းပျံသန်းမှုနယ်ပယ်တွင် ရေဒါကိရိယာများအလုပ်လုပ်ခြင်းကို စုံစမ်းထောက်လှမ်းရန် ပုံစံထုတ်လုပ်ထားခြင်းဖြစ်ကြောင်း အဆိုပါသတင်းအေဂျင်စီတွင် ဆက်လက်ဖော်ပြထားသည်။

အေအင်န်-၂၆ ကေပီအေသည် စစ်ဘက်- အရပ်ဘက် ပို့ဆောင်ရေးအတွက် အင်ဂျင်နှစ်လုံးပါ ဆိုဗီယက် နည်းပညာဖွံ့ဖြိုးရေးအစီအစဉ် အေအင်န်-၂၆ လေယာဉ်ကို ခေတ်မီအောင် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် ခရီးအကွာအဝေး ၂၅၀၀ ကီလိုမီတာအထိ အများဆုံးပျံသန်းနိုင်ကြောင်းနှင့် တစ်နာရီလျှင် ၄၄၀ ကီလိုမီတာဖြင့် အမြန်ဆုံးပျံသန်းမောင်းနှင်နိုင်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးတွင် အေအင်န်-၂၆ ကေပီအေ အမျိုးအစားလေယာဉ် ခန့်မှန်းခြေ အစင်း ၂၀ ခန့်သာရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ကို အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်

**အစ္စလာမ္မာဘတ် ဇူလိုင် ၇**
ပါကစ္စတန်တရားရုံးတစ်ရုံးက ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ကို ဗြိတိန်၌ အိမ်ခြံမြေများဝယ်ယူခဲ့မှုနှင့် ဆက်စပ်သည့် အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ပနားမားစာရွက်စာတမ်းဟု ခေါ်ဆိုသည့် အချက်အလက်ပေါက်ကြားမှုဖြစ်ပြီးနောက် အခွန်ရှောင်တိမ်းမှုနှင့် အခြားစွပ်စွဲမှုများဖြင့် ရှရစ်မှာ ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ ရှရစ်ကို တရားရုံးက အမေရိကန်ဒေါ်လာ ၁၀ သန်းထက်ပိုသော ဒဏ်ကြေးပေးဆောင်ရန်လည်း အမိန့်ထုတ်လိုက်ကြောင်း သိရသည်။

ရှရစ်ကို အမိန့်ချမှတ်စဉ်က ရှရစ်မှာ ၎င်း၏ဇနီး ကျန်းမာရေးကြောင့်ဟုဆိုကာ လန်ဒန်၌ ရောက်ရှိနေခဲ့ကြောင်း သိရသည်။ ရှရစ်မှာ စည်းကမ်းကျင့်ဝတ်နှင့် မညီဟုဆိုကာ လွန်ခဲ့သောနှစ် ဇူလိုင်လကတည်းက ပါကစ္စတန်တရားရုံးက ၎င်းအား ရာထူးမှ ဖယ်ရှားခဲ့သည်။ သို့သော်လည်း ၎င်းသည် နိုင်ငံရေးတွင် ဆက်လက်လွှမ်းမိုးလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် ရှရစ်မှာ အကျဉ်းချခံထားရခြင်းမှရှောင်ရှားရန် ပါကစ္စတန်နိုင်ငံပြင်ပတွင် ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်းရကြောင်း သိရသည်။ ထိုကဲ့သို့ဖြစ်ပွားခဲ့ခြင်းက လာမည့် ဇူလိုင် ၂၅ ရက် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ ယင်းပါတီအတွက် ထိုးနှက်ချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သိရသည်။
**အင်န်အိတ်ချ်ကေ**

# မဝေးတော့သော ကိုရီးယားကျွန်းဆွယ် နျူကလီးယား လုံးဝကင်းစင်ရေး

**တင်လင်းအောင်**



အမေရိကန် ထိပ်တန်းသံတမန်တစ်ဦးဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းစင်ရေး ကတိကဝတ်အတွက် ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာနဲ့ပတ်သက်ပြီး အချေအတင် ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်နေပါတယ်။

**နျူကလီးယားကင်းစင်ရေး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံတော်ဧည့်ဂေဟာမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့ ညာလက်ရုံးတစ်ဆူလို့ အားထားရတဲ့ ကင်ယောင်ချိုနဲ့ တိတိကျကျမရှိသေးတဲ့ နျူကလီးယားကင်းစင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ လုပ်လာတာ ဇူလိုင် ၇ ရက်နဲ့ဆို နှစ်ရက်မြောက်ရောက်ရှိလာပြီ ဖြစ်ပါတယ်။

“ကျွန်မတို့ရဲ့ မြောက်ကိုရီးယားအပေါ်ထားရှိတဲ့ နျူကလီးယားကင်းစင်ရေးမူဝါဒနဲ့ပတ်သက်ပြီး ပြောင်းလဲမှုမရှိပါဘူး ”လို့ မိုက်ပွန်ပီအိုရဲ့ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရက်က သတင်းထောက်တွေကို မကြာသေးမီက ပြောကြားခဲ့ပါတယ်။

**သဘောတူညီခဲ့တဲ့အတိုင်းပါပဲ**

“ကျွန်မတို့ရဲ့ မျှော်လင့်ချက်ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ရဲ့ စင်ကာပူနိုင်ငံမှာ ဇွန် ၁၂ ရက်က ကျင်းပခဲ့တဲ့ သမိုင်းဝင် အစည်းအဝေးမှာ သဘောတူညီခဲ့တဲ့အတိုင်းပါပဲ။ အဲဒါကတော့ မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားကင်းစင်ရေးပဲဖြစ်ပါတယ်” လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါတယ်။

**သမိုင်းဝင် ဇွန် ၁၂ ရက်**

ဇွန် ၁၂ ရက်က စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်မှာ ကျင်းပခဲ့တဲ့ အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေအရည်ပျော်ပြီး ကောင်းမွန်တဲ့ဘက်ကို ရောက်ရှိစေမယ့် အနေအထားကို ဖြစ်စေခဲ့ပါတယ်။ နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့်ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယား ထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည် လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးခဲ့ပါတယ်။

အရင် ၁၉၉၄ ခုနှစ် နျူကလီးယား ပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ အမေရိကန် ညှိနှိုင်းဆွေးနွေးရေးအကြီးအကဲဖြစ်သူ ရောဘတ်ကလေ့စီတို့ နျူကလီးယားအရေး ဆွေးနွေးညှိနှိုင်းမှု လုပ်ခဲ့တယ်လို့ သိရသော်လည်း အခုလို အောင်မြင်မှုမျိုး မရရှိခဲ့ပါဘူး။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့လက်ထက်မှာ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်သွားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုတွေကို ဆက်လက်လုပ်ဆောင်သွားဖို့လိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးမီတွင် အိမ်ဖြူတော်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

လျှော့ချည်တစ်ခါ တင်းချည်တစ်လှည့်နဲ့ အစုန်အဆန် အဝေ့အဝိုက်တွေကြားမှာ အကောင်အထည်ပေါ်လာတဲ့ သမိုင်းတွင်မယ့် အမေရိကန်-မြောက်ကိုရီးယားထိပ်သီးဆွေးနွေးပွဲမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နည်းဗျူဟာကြွယ်တဲ့ သံတမန်ဆိုင်ရာ လုပ်ဆောင်မှုတွေဖြစ်လို့ ရုရှားသမ္မတ ပူတင်ကတောင် ချီးကျူးခဲ့ပါတယ်။

ထို့အတူ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ အလယ်ဗဟိုကနေပါဝင်ခဲ့တဲ့ သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့တရုတ်ခရီးစဉ်အပေါ် သဘောကျကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်းထိစပ်နေတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့် အရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရဖို့အရေးမှာ တရုတ်နိုင်ငံကလည်း ကူညီဖို့ အဆင်သင့်ဖြစ်ခဲ့ပါတယ်။

အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာပါပြီ။ မကြုံစဖူး ထူးကဲလှတဲ့ သမိုင်းဝင်မယ့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတတို့ရဲ့ တွေ့ဆုံမှုမှာ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့တယ်လို့ နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့ပါတယ်။

“ဒီနေ့ ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ သမိုင်းဝင်မယ့် ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်နိုင်ခဲ့ပြီး အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ သဘောတူခဲ့ပါတယ်။ သမိုင်းတွင်မယ့် စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အခုလို အစည်းအဝေး ပေါ်ပေါက်လာခဲ့တဲ့အတွက်လည်း အမေရိကန်သမ္မတ ထရန့်ကို ကျေးဇူးတင်ပါတယ်။ ကမ္ဘာကြီးအနေနဲ့ အဓိကပြောင်းလဲမှုတွေကို တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်” လို့ မြောက်ကိုရီးယားခေါင်းဆောင်က ပြောခဲ့ပါတယ်။

“အဲဒီစာချုပ်ဟာ အလွန်အရေးကြီးပါတယ်။ အတော်လေးပြည့်စုံကျယ်ပြန့်တဲ့ စာချုပ်လည်း ဖြစ်ပါတယ်။ အတိတ်ကို အတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံကြား ကဏ္ဍသစ်တွေကို စတင်ဆောင်ရွက်နိုင်တော့မှာပါ” လို့ အမေရိကန်သမ္မတ ထရန့်က ပြောခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ဖို့ လုပ်ဆောင်မယ်ဆိုတဲ့အကြောင်း မြောက်ကိုရီးယားခေါင်းဆောင်က နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့တဲ့ ပူးတွဲသဘောတူညီချက်မှာ ပြောခဲ့ပါတယ်။ နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲပြီးတဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဘေးမှာရပ်ပြီး “ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကျွန်တော်တို့ နောက်ထပ်အများကြီးတွေ့ဖို့ရှိသေးတယ်”လို့ ပြောခဲ့ပါတယ်။

**ထားခဲ့တဲ့ကတိအတိုင်း**

ခေါင်းဆောင်နှစ်ဦးတို့ အရင်အစည်းအဝေးက ပြောခဲ့တဲ့ ကတိစကားအတိုင်းပါပဲ။ အခုလည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နှစ်ဖက်နိုင်ငံတွေအနေနဲ့ အမှန်တကယ် အကောင်အထည်ဖော်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အရင်က ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ နျူကလီးယား ကင်းစင်ဖို့ပဲပါဝင်ပြီး ဘယ်လို အကောင်အထည်ဖော်ရမလဲဆိုတဲ့ အသေးစိတ်အချက်အလက်တွေ မပါသေးတဲ့အတွက် အခုဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုဟာ အဲဒီကျန်ရှိနေသေးတဲ့ အသေးစိတ် အချက်အလက်တွေကို မြောက်ကိုရီးယားနိုင်ငံမှာ သွားရောက်ဆွေးနွေးခဲ့တာပဲ ဖြစ်ပါတယ်။

အကယ်၍သာ မြောက်ကိုရီးယားနိုင်ငံအနေနဲ့ နျူကလီးယားကို အပြည့်အဝ ဖျက်သိမ်းလိုက်မယ်ဆိုရင် အမေရိကန်ကလည်း မြောက်ကိုရီးယားနိုင်ငံကို ချမှတ်ခဲ့တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တဖြည်းဖြည်းနဲ့ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံသမိုင်းဝင် ထိပ်သီးအစည်းအဝေး ပြုလုပ်နိုင်ခဲ့တဲ့ အကျိုးရလဒ်ကြောင့် နျူကလီးယားဒုံးကျည်ထိပ်ဖူး ၂၄ ခုထက်မနည်း ပိုင်ဆိုင်ခဲ့တဲ့ မြောက်ကိုရီးယားဟာ အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်မယ့် တိုက်ချင်းပစ်နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တည်ဆောက်ခြင်းကို ပိတ်သိမ်းလိုက်မယ်လို့ ကြားသိရတာ နျူကလီးယား စစ်ပွဲဖြစ်ပွားခြင်းကို ရှောင်ရှားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ကောင်းမွန်တဲ့အလားအလာပဲ ဖြစ်ပါတယ်။

> **“မြောက်ကိုရီးယားနိုင်ငံအနေနဲ့ နျူကလီးယားကို အပြည့်အဝ ဖျက်သိမ်းလိုက်မယ်ဆိုရင် အမေရိကန်ကလည်း မြောက်ကိုရီးယားနိုင်ငံကို ချမှတ်ခဲ့တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တဖြည်းဖြည်းနဲ့ ဖယ်ရှားပေးသွားမှာဖြစ်”**

**မဝေးတော့သော နျူကလီးယားလုံးဝကင်းစင်ရေး**

မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ အားထားရသူတစ်ဦးဖြစ်သူ ကင်ယောင်ချိုက မိုက်ပွန်ပီအိုနဲ့ အခုပြုလုပ်နေတဲ့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးနဲ့ ပတ်သက်ပြီး “ကျွန်တော်တို့ အလွန်အရေးကြီးတဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်” လို့ ပြောခဲ့ပါတယ်။

ကိုရီးယားကျွန်းဆွယ် အပြည့်အဝ နျူကလီးယားကင်းစင်ရေးဟာ နှစ်နိုင်ငံဆက်ဆံရေးမှာ အသက်တမျှအရေးကြီးပြီး မြောက်ကိုရီးယားနိုင်ငံရဲ့အနာဂတ်ကို ပိုမိုတောက်ပစေမှာဖြစ်သလို ဒါဟာလည်း ခေါင်းဆောင်နှစ်ဦး မျှော်မှန်းထားတဲ့ ဆန္ဒလည်းဖြစ်မှာပါလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ အမေရိကန်နဲ့ မြောက်ကိုရီးယား ခေါင်းဆောင်နှစ်ဦး သဘောတူခဲ့တဲ့ နျူကလီးယားကင်းစင်ဖို့အတွက် အဓိကအရေးပါတဲ့သူတွေဖြစ်သလို နျူကလီးယားကင်းစင်ရေးမူဝါဒကို အကောင်အထည်ဖော်ရာမှာလည်း မပါမပြီး ကြီးနှစ်ကြီးလည်း ဖြစ်ပါတယ်။ သိပ်မဝေးတော့တဲ့ အနာဂတ်ကို မျှော်ကြည့်ရင်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားအပြည့်အဝကင်းစင်ဖို့ ဘယ်အချိန်မှာ အကောင်အထည်ပေါ်လာမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။ ။

**ကိုးကား- အေအက်ဖ်ပီ**

# လူမှုတာဝန်သိလုပ်ငန်းများနှင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အကြောင်း

**စံကားဝါ**

*(ယမန်နေ့မှ အဆက်)*

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က "ကျွန်တော်တို့ ဒီစနစ်ကို စပြီးကျင့်သုံးလိုက်တဲ့အချိန်မှာ ကျွန်တော်တို့ ရေနံမြေနဲ့ ထိစပ်ကျေးရွာတွေမှာနေတဲ့ ပြည်သူတွေက ကျေးရွာမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေကနေတစ်ဆင့် ကျွန်တော်တို့ဆီကို တိုက်ရိုက်တင်ပြခွင့်ရတဲ့အတွက် ဒေသခံတွေ လိုအပ်တဲ့အပိုင်း၊ ဆောင်ရွက်စေချင်တဲ့အပိုင်းတွေကို ဆောင်ရွက်ပေးနိုင်တာကြောင့် လုပ်ငန်းအောင်မြင်ပါတယ်"ဟု လုပ်ငန်းစဉ်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ရှင်းပြသည်။**

အဆိုပါမြှင့်တင်ရေးလှုပ်ရှားမှုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်သုံးဆင့်ဖြင့် ဒုတိယအကြိမ် ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၈ ခုနှစ် မတ်လအထိ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများရှိ ဒေသခံလူဦးရေ ၃၁၂၃ ဦး ကို လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာ ဖွံ့ဖြိုးမှုမြှင့်တင်ရေးဆောင်ရွက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ အကြံပြုဆွေးနွေးလိုသည့် အကြောင်းအရာ ၈၂ ခုအပေါ် ဆွေးနွေးဖြေရှင်းနိုင်ခဲ့ပြီး ဒေသခံများ၏ လုပ်ငန်းစဉ်အပေါ် ကျေနပ်မှု ရာနှုန်းပြည့်ရသည်အထိအောင်မြင်ခဲ့သည်။

ဆက်လက်၍ Country Manager ဦးစည်သူမိုးမြင့်က "ကျွန်တော်တို့ ဒီစနစ်ကို စမိတ်ဆက်တော့ Training တွေ အများကြီးပေးရပါတယ်။ ဒီစနစ်ကို ရွာသူရွာသားတွေ၊ ဒေသခံတွေအနေနဲ့ ကျင့်သုံးတတ်ဖို့နဲ့ နောက်တစ်ချက်က သူတို့အနေနဲ့ ဒါကို ကျင့်သုံးရာမှာ သူတို့ရဲ့အရင်က စိုးရိမ်မှုတွေ ရှိနိုင်ပါတယ်။ တကယ်တမ်း ကုမ္ပဏီအနေနဲ့ လိုက်လျောပြီးတော့ ဆောင်ရွက်ရမယ့် တာဝန်ကိုရော ဆောင်ရွက်ပါ့မလား၊ ဒီလိုကျင့်သုံးတဲ့အတွက် သူတို့မှာလည်း ဒုက္ခရောက်မလားဆိုတဲ့ စိုးရိမ်မှုလေးတွေ ရှိပါတယ်။ သူတို့ကို Training ပေးရင်းနဲ့ တစ်နှစ်လောက်နေတဲ့အခါမှာ ဒီဒေသခံတွေဆီက Feedback တွေ အများကြီးရပါတယ်။ ကုမ္ပဏီအနေနဲ့ကလည်း Grievance ဆိုတာကို ပြဿနာတစ်ခုလို့ မမြင်ဘူး။ ဒါတွေကို နားထောင်ပြီးတော့ တက်တက်ကြွကြွ ဖြေရှင်းပေးခဲ့တယ်။ တော်တော်များများ တင်ပြတာတွေက ကျွန်တော်တို့မှာ တာဝန်ရှိတဲ့ အပိုင်းလေးတွေလည်းဖြစ်ပါတယ်။ အစတုန်းကဆိုရင် Grievance တစ်လကို ၁၃ ခု ၁၅ ခု လစဉ်ရပြီးတော့ အခုဆိုရင် တစ်လကိုရရင် အလွန်ဆုံး နှစ်ခု သုံးခုလောက်ပဲ ရတော့တယ်။ ဒီလိုလက်ခံရရှိတာမှာ အချက်နှစ်ချက်ရှိပြီး တစ်ချက်က ဒေသခံတွေအနေနဲ့ လုပ်ငန်းစဉ်ကို အသုံးမချတတ်တာလားဆိုတာကို ကျွန်တော်တို့ သေချာလေ့လာစိစစ်ကြည့်တော့လည်း မဟုတ်ပါဘူး။ ကျင့်လည်း ကျင့်သုံးတတ်ပါတယ်၊ တင်ပြဖို့ကိစ္စတွေ ရှိရင်လည်း ဒီလုပ်ငန်းစဉ်နဲ့ တင်ပြပါတယ်။ အမှန်တကယ်တော့ လက်တွေ့မှာ ဒီလို ဖြေရှင်းသွားရင်းနဲ့ အောင်မြင်လာတဲ့အတွက် Grievance တွေ လျော့သွားလို့သာ တင်တဲ့ Case တွေ နည်းသွားတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့နဲ့ ဒေသခံတွေကြားမှာ ယုံကြည်မှု တော်တော်ခိုင်ခိုင်မာမာ ပိုရှိလာတယ်လို့လည်း မြင်ပါတယ်"ဟု လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းပြသည်။

သို့ဖြစ်၍ မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဒေသခံများနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MPRL E&P ကုမ္ပဏီတို့အကြားတွင် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပြီး အရင်းအမြစ်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် အများပြည်သူဆိုင်ရာ ပဋိပက္ခများကို လျှော့ချနိုင်ခဲ့သည်။

### လုပ်ငန်းစဉ်ပါဆောင်ရွက်ချက်များ

**အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်တွင် အကျိုးဝင်ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ညှိနှိုင်းဖြေရှင်းမှုရလဒ်များကို ရှင်းလင်းတင်ပြရာတွင် MPRL E&P သည် ဒေသခံကျေးရွာလူထုနှင့် အိမ်တိုင်ရာရောက်တွေ့ဆုံခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်ပိုစတာများ၊ ပညာပေးလက်ကမ်းစာစောင်၊ ဗီဒီယို မှတ်တမ်းတိုများ အသုံးပြုဆောင်ရွက်လျက်ရှိသည်။**

မန်းရေနံမြေ ထိစပ်ကျေးရွာတစ်ခုဖြစ်သည့် မန်းကျိုးကျေးရွာ၏ စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးဝင်းကိုက "ကျွန်တော်တို့ရွာမှာ ကြာသပတေးနေ့တိုင်း ဒီအကြံပြုစာရှိ၊ မရှိ ကြည့်ရပါတယ်။ အကြံပြုစာရတာနဲ့ MPRL E&P , CSR ရုံးကို သွားပို့ရတယ်။ နောက် စာနဲ့တင်မဟုတ်ဘဲ ဖုန်းနဲ့လည်း အရေးကြီးရင် ကြီးသလို ဆက်သွယ်လို့ရတယ်။ ဒီအကြံပြုစာမှာ ပေးပို့တဲ့သူ၊ ကျေးရွာ၊ အမည်၊ နေ့စွဲ၊ ဖြစ်ပွားရာနေရာ ၊ အကြံပြုလိုတဲ့ အကြောင်းအရာတွေကို အုပ်ချုပ်ရေးမှူးလက်မှတ်ထိုးပြီး ပုံစံလေးနဲ့ ပို့ရပါတယ်" ဟု အကြံပြုစာပေးပို့ပုံကို ရှင်းပြသည်။

အကြံပြုစာပေးပို့သည့် ကဏ္ဍတွင်လည်း ကုမ္ပဏီပိုင် သီးခြားစာတိုက်ပုံးများကို ကျေးရွာတိုင်းတွင် ထားရှိထားပြီး အကြံပြုစာပေးပို့လိုသူ ကိုယ်တိုင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ ကြားခံဆက်သွယ်ဆောင်ရွက်မည့် ကျေးရွာ စေတနာ့ဝန်ထမ်းများမှ တစ်ဆင့်ဖြစ်စေ အချိန်တိုအတွင်း သိရှိဖြေရှင်းနိုင်ရန် ဆောင်ရွက်ထားသည်။



အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သုံး လက်ကမ်းစာစောင်များ။

**အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်တွင် အကျိုးဝင်ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ညှိနှိုင်းဖြေရှင်းမှုရလဒ်များကို ရှင်းလင်းတင်ပြရာတွင် MPRL E&P သည် ဒေသခံကျေးရွာလူထုနှင့် အိမ်တိုင်ရာရောက်တွေ့ဆုံခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်ပိုစတာများ၊ ပညာပေးလက်ကမ်းစာစောင်၊ ဗီဒီယိုမှတ်တမ်းတိုများ အသုံးပြုဆောင်ရွက်လျက်ရှိ**

MOGE မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က "CSR ဝန်ထမ်းကနေပြီးတော့ ကျေးရွာက တင်ပြလာတဲ့ အကြံပြုစာတွေကို ကျွန်တော်တို့ သောကြာနေ့တိုင်းကျင်းပတဲ့ Technical Meeting မှာ တင်ပြပါတယ်။ တင်ပြလို့ရှိရင် ကျွန်တော်တို့ အဲဒီအစည်းအဝေးမှာ ဆုံးဖြတ်လို့ရရင် တစ်ခါတည်း ဆုံးဖြတ်ပေးပါတယ်။ တကယ်လို့ ကွင်းဆင်းစစ်ဆေးဖို့ လိုတယ်ဆိုရင်တော့ MPRL E&P, MOGE နဲ့ ဒီ CSR ဝန်ထမ်းတွေနဲ့ အကြံပြုစာလာတင်ပြတဲ့ တောင်သူနဲ့ နေရာအရောက် ကွင်းဆင်းပါတယ်။ ကွင်းဆင်းစစ်ဆေးပြီး ဖြေရှင်းနိုင်တဲ့ ကိစ္စဆိုရင်တော့ ကျွန်တော်တို့ ဖြေရှင်းပါတယ်။ ဖြေရှင်းပေးနိုင်တဲ့ကိစ္စမဟုတ်ဘူးဆိုရင်လည်း ဘာကြောင့် ဖြေရှင်းမပေးနိုင်တဲ့အကြောင်းရင်းကို တောင်သူနားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြီး သူ့ရဲ့ အကြံပြုစာလွှာပိတ်သိမ်းတဲ့အထိ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်" ဟု ဆိုသည်။

အကြံပြုဆွေးနွေးရန် ကိစ္စရပ်ရှိလာပါက ဆွေးနွေးလိုသူ ပေးပို့လာသည့် အကြံပြုစာကို သက်ဆိုင်ရာဌာနများက လက်ခံရရှိသည့် အကြောင်းပြန်စာကို ၁ ရက်မှ ၃ ရက်အတွင်း၊ ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ပြန်လည်အသိပေးသည့် ကာလအဖြစ် သီတင်းပတ် နှစ်ပတ်အတွင်းနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် တစ်ရပ်လုံးကို တစ်လအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်တစ်လျှောက်လုံး သက်ဆိုင်ရာ သတ်မှတ်ထားသည့် အရေးကြီး စွမ်းဆောင်ရည်ပြ အညွှန်းကိန်း (Key Performance Indicators- KPIs) ဖြင့် ဆန်းစစ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ အကြံပြုစာမှာ တင်ပြတာတွေက မြေဆီလွှာပျက်စီးတာမျိုး၊ သီးနှံပျက်စီးတာ၊ ရေနံတွင်းက ရေနံဖိတ်စဉ်တာ၊ လျှပ်စစ်ဝိုင်ယာကြိုးတွေ ပြတ်တောက်တာ၊ နောက် ဒီကုမ္ပဏီက ပုဂ္ဂိုလ်တွေရဲ့ လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ မချေမငံဆက်ဆံတာ၊ လူထုအကျိုးပြုလုပ်ငန်းတွေ လုပ်တဲ့အခါမှာ ဘက်လိုက်တာ၊ မမျှတမှုတွေ ရှိရင်လည်း တင်ပြလို့ရပါတယ်။ နောက် ကျွန်တော်တို့ ကျေးရွာတွေကို ကုမ္ပဏီရဲ့ Project လုပ်ငန်းကြောင့် လူမှုရေး၊ ကျန်းမာရေး တစ်စုံတစ်ရာ ထိခိုက်ရင်လည်း ဒီအကြံပြုစာနဲ့ တင်ပြလို့ရပါတယ်" ဟု အကြံပြုတင်ပြနိုင်သည့် အချက်များကို ဦးဝင်းကိုက ဆက်လက်ရှင်းပြသည်။

ထို့ပြင် မယ်ဘော့ကုန်းကျေးရွာမှာ ရွာခံ စေတနာ့ဝန်ထမ်းဖြစ်သူ ဒေါ်သိင်္ဂီဝမ်းက "ကျွန်မတို့ ကျေးရွာတွေမှာ အရင်တုန်းကဆိုရင် ဒီလို ရေနံတူးတာကြောင့် အခက်အခဲလေးတွေ ရှိတယ်။ တွေ့တယ်ဆိုရင် ဘယ်ပြောလို့ ပြောရမှန်းမသိဘူး။ အခုတော့ ရွာခံစေတနာ့ဝန်ထမ်း ကျွန်မရှိတဲ့အတွက်ကြောင့် သူတို့တွေမေးလို့ မြန်းလို့ လွယ်ကူသွားတယ်။ ပြောရဆိုရတာလည်း လွယ်ကူသွားပါတယ်"ဟု ဆိုသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ဒေသခံများ၏ စိုးရိမ်မှုများနှင့် ဖြစ်ပေါ်တတ်သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးမှုကို အခြေခံသည့် ချဉ်းကပ်မှုဖြင့် ဒေသခံလူထုနှင့်ကုမ္ပဏီအကြားတွင် ညှိနှိုင်းအဖြေရှာဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါစနစ်ကို စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း ရရှိလာသည့်အကျိုးကျေးဇူးနှင့် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် "အကျိုးကျေးဇူးအနေနဲ့ အဓိကအပိုင်းနှစ်ပိုင်း ပါပါတယ်။ ပထမပိုင်းက ဒေသခံတွေနဲ့ ကျွန်တော်တို့ကို Communicate လုပ်တဲ့ နေရာမှာ ဒီလို Process နဲ့ Platform ပေးထားတဲ့အတွက် သူတို့အနေနဲ့လည်း လွယ်လွယ်ကူကူ တင်ပြလို့ရတဲ့အနေအထား ဖြစ်သွားတယ်။ သူတို့အနေနဲ့ ကုမ္ပဏီအပေါ်၊ လုပ်ငန်းအပေါ်နဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေအပေါ်မှာရော ယုံကြည်မှု ပိုခိုင်မာလာတယ်ဆိုတာ အထင်အရှား မြင်တွေ့နိုင်ပါတယ်။ ဒီလိုရှိခြင်းအားဖြင့် ရေရှည်ဆောင်ရွက်တဲ့လုပ်ငန်းတွေ အောင်မြင်ဖို့မှာ မန်းရေနံမြေမှာပဲဖြစ်ဖြစ်၊ ဘယ် Project မှာပဲဖြစ်ဖြစ် ဒေသခံတွေနဲ့ Social License to Operate တစ်ခု ဖြစ်မြောက်လာမှ ဒီလို Project တွေကို ရေရှည်လုပ်နိုင်မှာ ဖြစ်ပါတယ်"ဟု ဦးစည်သူမိုးမြင့်က မှတ်ချက်ပြုသည်။

### စီးပွားရေးလုပ်ငန်းများအတွက် နည်းစနစ်ကောင်းတစ်ခု

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းအမျိုးအစားစုံ ကုမ္ပဏီများ၏ လူ့အခွင့်အရေး၊ အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အချက်အလက်များကို လေ့လာဆန်းစစ်ပြီး ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာအဆင့်များ ဖော်ပြပါရှိသည့် ပွင့်သစ်စ အစီရင်ခံစာကို နှစ်စဉ်ပြုစုထုတ်ဝေလျက် ရှိသည့် Myanmar Centre for Responsible Business- MCRB ၏ ဦးဆောင်သူ Ms. Vicky Bowman က " MPRL E&P ရဲ့အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က UN က ချမှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းတွေနဲ့လည်း ညီညွတ်ပါတယ်။ နောက် ထူးခြားချက်တစ်ခုကတော့ ဒေသခံစေတနာ့ဝန်ထမ်းတွေကို ပါဝင်စေခြင်းပါပဲ။ ရွာသူရွာသားချင်းဖြစ်နေတဲ့အတွက် ဒေသခံတွေက စေတနာ့ဝန်ထမ်းတွေကို ယုံယုံကြည်ကြည်နဲ့ ဆွေးနွေးတိုင်ပင်နိုင်ကြပါတယ်။ ဒီလုပ်ငန်းစဉ်အပေါ် လူထုရဲ့သိရှိမှုနဲ့ ပြဿနာငယ်လေးတွေကို အမြန်ဆုံး ကိုင်တွယ်ဖြေရှင်းရာကတစ်ဆင့် ပြဿနာတွေ မကြီးထွားနိုင်ဖို့လည်း အထောက်အကူ ဖြစ်ပါလိမ့်မယ်" ဟု စီးပွားရေးလုပ်ငန်းများနှင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အပေါ် မှတ်ချက်ပြုသည်။

MPRL E&P အနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလုပ်ကိုင်ရာ ဒေသခံများနှင့် ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ၂၀၁၄ ခုနှစ်မှစ၍ လေးနှစ်တာ ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းသို့ အောင်မြင်သည့် စနစ်တစ်ခုကို အခြားစီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့တွင်လည်း မိမိတို့ လုပ်ငန်းအလိုက် ကိုက်ညီဆီလျော်မည့်ပုံစံဖြင့် လုပ်ငန်းလုပ်ကိုင်ရာ ဒေသခံနှင့် ရင်းနှီးပွင့်လင်းသည့် ဆက်ဆံရေးတစ်ရပ်ကို ထူထောင်ပြီး ဆွေးနွေးညှိနှိုင်းမှုဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

"လက်ရှိမြန်မာနိုင်ငံမှာတော့ ကုမ္ပဏီတော်တော်များများမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဘာ့ကြောင့်လိုအပ်တယ်ဆိုတဲ့ အပိုင်းကို ပိုသိလာကြပါတယ်။ လုပ်ငန်းစဉ်ရဲ့ပုံစံကလည်း ရေတိုကနေ ရေရှည်ဆောင်ရွက်ရမယ့် နည်းလမ်းတစ်ခုဖြစ်လာပြီး အငြင်းပွားချက်တွေကနေ အကြံပြုချက်တွေအဖြစ် ပြောင်းလဲလာပါတယ်။ ဒါကလည်း စီမံကိန်းနဲ့ ဒေသခံတွေအတွက် ဘယ်လိုဆောင်ရွက်ချက်တွေ ဖြစ်ပေါ်လာလဲလို့ မေးစရာရှိပါတယ်။ ဘယ်လိုအကောင်အထည်ဖော်မလဲ၊ ဘယ်နေရာမှာ အကောင်အထည်ဖော်မလဲ။ ပါဝင်ပတ်သက်သူ နှစ်ရပ်အကြားမှာ ပူးပေါင်းဆောင်ရွက်မှုကနေ စုပေါင်းဆောင်ရွက်မှု အကျိုးရလဒ်ကို ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေကို အကြံပြုလိုတာကတော့ ကောင်းမွန်တဲ့၊ ရင်းနှီးတဲ့ အိမ်နီးချင်းဆက်ဆံရေး ရှိရမယ်ဆိုတဲ့ အတွေးအခေါ်ကို အသုံးချနိုင်ဖို့ပါ။ နေရာသစ်တစ်ခုမှာ လုပ်ငန်းသစ်တစ်ခု ထူထောင်ပြီဆိုရင် အိမ်နီးချင်းဆက်ဆံရေးက ဘယ်လိုဆိုတာ စိတ်ထဲမှာ မှတ်သားထားဖို့ပါ။ အိမ်နီးချင်းကောင်းတွေဟာ သတင်းအချက်အလက်တွေ မျှဝေတယ်၊ ပြဿနာတွေ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ အမြဲပြောတယ်။ အတူတကွ အမြဲပူးပေါင်းဆောင်ရွက်တယ်။ ဒါကတော့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်"ဟု Ms. Anastacia Howe က ဆိုသည်။

သို့ဖြစ်၍ မန်းရေနံမြေတွင် လက်တွေ့အသုံးချ အောင်မြင်လျက်ရှိသည့် လူမှုတာဝန်သိလုပ်ငန်းများနှင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အား လေ့လာရင်း စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံများနှစ်ဦး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် နည်းစနစ်ကောင်းတစ်ရပ်ကို ချဉ်းကပ်ဆောင်ရွက်နိုင်စေရန် မျှဝေတင်ပြအပ်ပါသည်။ ။

# စစ်ကိုင်းရှေးဟောင်းသုတေသနဗုဒ္ဓပြတိုက်သို့ နှစ် ၃၀၀ နီးပါးသက်တမ်းရှိ ပေစာထုပ်များလှူဒါန်း

**စစ်ကိုင်း ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ စစ်ကိုင်းရှေးဟောင်းသုတေသန အမျိုးသားဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့ သက်တမ်း ၂၉၆ နှစ်ခန့်ရှိသော ရှေးဟောင်းပေစာထုပ် ၁၄ ထုပ်နှင့် ကမ္မဝါ တစ်ထုပ်ကို မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာရှိ မြွေတော်စစ်ရွာဦးကျောင်း ဆရာတော်က ဒုတိယအကြိမ် ဇွန်လကုန်ပိုင်းက လှူဒါန်းခဲ့ရာ ဒုဦးစီးမှူး ဦးလှညွန့်က လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါပေစာများမှာ ရတနာပုံခေတ်နှင့် ကိုလိုနီခေတ်မှ ၁၃ ထုပ်၊ ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်မှ ရှားပါးကျမ်းပေစာ တစ်ထုပ် စုစုပေါင်း ၁၄ ထုပ်ဖြစ်ပြီး ပေအမျိုးအစားအနေဖြင့် အရောင်ခွဲ ရွှေမျဉ်းပေစာနှင့် ကြံဆစ်ပေစာများဖြစ်ကြောင်း၊ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ရှေးဟောင်းသုတေသနသို့ လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။ လှူဒါန်းသောယွန်းကမ္မဝါ ၁၀ ချပ်မှာလည်း ထူးခြားသော ဟင်္သာငှက်ပုံပါ ပန်းချီများ ထောင့်နှစ်ဖက်လုံးတွင်ပါရှိကာ တစ်ချပ်နှင့် တစ်ချပ် တစ်ထပ်တည်းကျနေသောလက်ရာများဖြစ်ရာ လက်မှုပညာ အလွန်ပြောင်မြောက်လှသည်ကို အထင်အရှား မြင်တွေ့ရသည်။



ပေစာထုပ် ၁၄ ထုပ်တွင် တနင်္ဂနွေမင်းလက်ထက်မှ ရှားပါးပေတစ်ထုပ်လည်း ပါရှိသည့်အတွက် အများပြည်သူလေ့လာနိုင်စေရန်နှင့် ပျက်စီးမှုမရှိစေရန် ပေစာများကို သန့်ရှင်းရေးလုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို စစ်ကိုင်းရှေးဟောင်းသုတေသန အမျိုးသားပြတိုက်ဌာနခွဲက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

**ပဲခူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဦးစီးဌာနများမှ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌ ပဲခူးငါးလုပ်ငန်းစခန်း၊ သနပ်ပင်ငါးလုပ်ငန်းစခန်းနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းတို့ရှိပြီး အဆိုပါ ငါးလုပ်ငန်းစခန်းများမှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ထုတ်လုပ်မှုလျာထားချက်မှာ ငါးသားပေါက်ကောင်ရေ ၃၂၃ ဒသမ ၅၇ သိန်းဖြစ်ပြီး ဇွန်လကုန်အထိ ငါးသားပေါက်ကောင်ရေ ၇၅ ဒသမ ၇၆ သိန်းအား ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇူလိုင်လ ပထမပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာသို့ သွားရောက်ပြီး မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်းကော်မတီအဖွဲ့ဝင်များ၊ ဒေသခံများနှင့် တွေ့ဆုံ၍ မိုးတွင်းကာလ မွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ထားရှိရန်၊ အစုအဖွဲ့များအား စီမံချက်ပါလုပ်ငန်းရပ်များ အကောင်အထည်ဖော်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်၊ လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သောကြောင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားကြရန်၊ အတိုးရရှိမှုငွေမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးစွဲရာတွင် မတည်ငွေတိုးပွားရန် ထည့်ဝင်ခြင်းနှင့် သုံးစွဲခြင်းကို မျှတစွာ ဆောင်ရွက်ရန် မှာကြားခဲ့သည်။



ထို့နောက် တောင်ငူမြို့နယ် မြစ်ကြီးပေါက်အင်းနှင့် လက်ပံတန်းမြို့နယ်အတွင်းရှိ ငါးမွေးမြူရေးကန်များသို့ သွားရောက်ပြီး မိုးဦးကျကာလတွင် ဒေသအလိုက် မိုးကြီးမှုများကြောင့် ငါးမွေးမြူရေးလုပ်ငန်းများအား ထိခိုက်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ပြီး ပဲခူးမြို့နယ်အတွင်းရှိ ပဲခူးငါးသားပေါက်စခန်း၊ သနပ်ပင်မြို့နယ် ငါးသားဖောက်စခန်းတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ငါးသားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးကန်များ တိုးတက်လာစေရေး ကွင်းဆင်းစည်းရုံးရန်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့်အတူ ချိတ်ဆက်ဆောင်ရွက်ရန်၊ ငါးသားပေါက် ထုတ်လုပ်မှုလျာထားချက်ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **ဇူလိုင်မိုး (မြန်မာ့အလင်း)**

# ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဆွမ်ပရာဘွမ် ဇူလိုင် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောသီဟနှင့် အဖွဲ့သည် ဇူလိုင် ၅ ရက်က ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဌာနတွင်းလုပ်ငန်းနှင့် စာရင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၁၈ ခုနှစ် ပထမခြောက်လပတ် ပြည်နယ်ရန်ပုံငွေကျပ်သန်းပေါင်း ၂၈ ဒသမ ၆၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဖုန်အင်ယာန်ကျေးရွာအုပ်စု ဖုန်ကျန်ကျေးရွာတွင် သုံးမိုင်အကွာအဝေးရှိ ဂါလန်ငါးထောင်ဆံ့ စိမ့်စမ်းရေသွယ်ခြင်း ရေကန်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းပြီးစီးပါက အိမ်ခြေ ၄၈ အိမ်၊ လူဦးရေ ၂၂၃ ဦးတို့အား အကျိုးပြုမည်ဖြစ်ပြီး ရေကန်တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လွယ်ဂျယ်မြို့တွင် မြန်မာ-တရုတ် ဝင်ထွက် စစ်ဆေးရေးဂိတ်ကြီး စတင်တည်ဆောက်

**လွယ်ဂျယ် ဇူလိုင် ၇**

မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းကုန်ထုတ်ကုန် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ၊ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ပေးရန် ၂၀၁၇ ခုနှစ် ဇွန်လက ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဝန်ကြီးများအဖွဲ့ လာရောက်စဉ်က ဒေသခံရပ်မိရပ်ဖများ၊ မြန်မာ-တရုတ် နယ်စပ်ဝင်/ထွက် စစ်ဆေးရေးဂိတ် အဆောက်အအုံများ အဆင့်မြှင့်တင် တည်ဆောက်ပေးရန် တင်ပြခဲ့ကြသည်။

အဆိုပါတင်ပြချက်များကို အလေးထား၍ ယခုအချိန်တွင် လွယ်ဂျယ်မြို့ မြန်မာ-တရုတ် စစ်ဆေးရေးဂိတ်ကြီးကို ယခုနှစ် ဇွန် ၂၁ ရက်မှစ၍ အမှတ်(၂)ဂိတ်၌ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

"အခုဆောက်လုပ်နေတဲ့ ဝင်/ထွက်စစ်ဆေးရေးဂိတ်ကြီးက သုံးထပ်ဆောင် အဆောက်အအုံဖြစ်ပါတယ်။ သိန်းပေါင်း ၂၅၀၀ ကုန်ကျမှာဖြစ်ပြီး မြန်မာ-တရုတ်ဝင်/ထွက်စစ်ဆေးရေးရုံးခန်းတွေနဲ့ စည်းဝေးခန်းမဆောင်ကြီးရှိပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်မှာ ပြီးစီးမှာဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ကို အပ်နှံသွားမှာပါ။ အခုလို ဂိတ်ကြီးပြီးသွားရင် အများပြည်သူတွေ မျှော်လင့်နေတဲ့ TBP ခုနစ်ရက် ယာယီဖြတ်သန်းခွင့်ကတ်တွေကို စီစဉ်ပေးသွားနိုင်တော့မှာပါ"ဟု လွယ်ဂျယ် မ.က.ဖ-၄ ဦးစီးအရာရှိ ဦးဝင်းမြင့်က ပြောသည်။

**ရင်ငြိမ်းပန်း (လွယ်ဂျယ်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၄ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၄ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၇ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၃ · ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၃ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၀ · ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ · ၂၉၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၄ · ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ · ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ · ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း


**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



HTOO


ကာတွန်း
စမ်းချောင်းကိုကိုအောင်


စိတ်ကောင်း စေတနာ






ဒါမှ မေမေ့သား
ကာတွန်း
လူမိုက်ကို မပေါင်းသင်းရဘူးလို့ ဆိုထားတာပေါ့သား ရယ်...
ဘုရားမှန်းမသိ..တရားမှန်းမသိ, သံဃာမှန်းမသိ, မိဘနဲ့ ဆရာသမားမှန်းမသိတဲ့အပြင်
လူလူချင်း ညှာတာထောက်ထားစာနာသနားရမှန်းမသိ... ကိုယ်ကောင်းစားဖို့ပဲသိတဲ့သူဟာ လူမိုက်ပေါ့..
လူမိုက် ဘာကြောင့်ဖြစ်ရတာလဲ မေမေ...
တချို့က အတ္တကြီးမားပြီး တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်ရှိသူတွေ..အဲ..တချို့က မူးယစ်ထုံထိုင်းစေတဲ့ဆေးဝါးတွေနဲ့ စိတ်ကြွဆေးတွေမှီဝဲကြလို့ လူစိတ်ပျောက်ပြီး...
သတိလက်လွတ်ဖြစ်ကုန်ကြတဲ့သူတွေဟာ လူမိုက်တွေပေါ့.. အဲဒီဆေးဝါးတွေ မသုံးစွဲကြဖို့ နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းပြီးတားမြစ်ထားတာပေါ့သားရယ်
ဒါကြောင့်သားတို့ကျောင်းမှာ ချောင်းလေလေ ဝေး မူးယစ်ဆေး ဆိုတဲ့ သတိပေးစာတမ်းတွေချိတ်ထားတာဖြစ်ရမယ်..
သားရော..လူမိုက်ဖြစ်ချင်လား..လူလိမ္မာဖြစ်ချင်လား
လူလိမ္မာဖြစ်ဖို့ကြံဆောင်း မူးယစ်ထုံထိုင်း ဆေးတွေရှောင် မှာပေါ့ မေမေရယ်...အဟင်း...



**မန္တလေးပရိယတ္တိစာသင်တိုက် အနန္တသုစဝိလာသကာရီ သုံးထပ်သီလရှင်ကျောင်း ဆရာမကြီး ဒေါ်ဆွေဆွေဝင်း (ET)အားရည်စူး၍ကျောင်းဒါယကာကြီးဦးဝင်းမောင်တင်+ကျောင်းဒါယိကာမကြီးဒေါ်သန်းအေးမိသားစုတို့၏ ကျပ်သိန်းပေါင်း(၂၇၀၀)ကျော်တန်ဖိုးရှိ ကျောင်းရေစက်ချ အလှူတော်မင်္ဂလာအား နတ်လူသာစုခေါ်စေသောင်**

## ခြိမ်းခြောက်ငွေတောင်းသော၊ ဥပဒေမဲ့လုပ်ရပ်လုပ်သော မှုခင်းသတင်းထောက်များကို တွေ့ရှိပါက တိုင်ကြားကြပါရန်

နိုင်ငံတော်၏ လုံခြုံရေးအဖွဲ့အစည်းများနှင့် သဏ္ဌာန်တူဝတ်စုံဝတ်ဆင်သော၊ ခြိမ်းခြောက်ငွေတောင်းသော၊ ဥပဒေမဲ့လုပ်ရပ်လုပ်သော မှုခင်းသတင်းထောက်များကိုတွေ့ရှိပါက တရားစွဲ၊ အရေးယူထုတ်ပယ်ရန်အတွက် တိုင်ကြားပေးပါရန်နှင့် တရားမဝင်ဥပဒေမဲ့လုပ်ငန်း လုပ်သူများတွေ့ရှိပါကလည်း သက်ဆိုင်ရာသို့တင်ပြတိုင်ကြားရန်အတွက် အကြောင်းကြားပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

၀၉-၄၄၄၅၇၄၄၇၂
၀၉-၂၅၀၀၅၄၇၄၁
၀၉-၇၈၅၇၀၀၀၁၀

မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်း
MCRA/SH မှုခင်းကူညီမှုနှင့် ပရဟိတအဖွဲ့(ဗဟို)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-ဂျေ၊ မြေကွက်အမှတ်-၉၅/စီ၂ ၊ ဧရိယာ(၀.၁၄၈) ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေ၏အရှေ့ဖက်ခြမ်း၊ (၅၀၀၀ စ/ပေ)၊ ဧရိယာ (၀.၁၁၄)ဧက၊ မြေအမျိုးအစား-မြေပိုင်မြေနှင့် (ယင်းမြေကွက်မှဝင်ထွက်နိုင်ရန် မြေကွက်အမှတ်-၉၅ စီ/၈ ပေါ်ရှိ လမ်းအပါအဝင်) ယင်းမြေပေါ်ရှိ အမှတ် (၁၀/က)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေ(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ် တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းစိန် (၉/အမရ (နိုင်) ၀၈၁၂၉၆) မှ အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသန်းဦး (စဉ်-၁၀၈၇၅)
တရားလွှတ်တော်ရှေ့နေ

ဦးသန့်ဇော် (စဉ်-၇၃၄၁)
တရားလွှတ်တော်ရှေ့နေ

အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက သဲကုန်း တက္ကသိုလ်ဝင်တန်း(C)မှ မောင်ပြည့်ဖြိုးဇော်၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၇/သကန(နိုင်)၀၄၅၄၆၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဝင်း**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက ဆင်မြီးဆွဲ နဝမတန်း(A)မှ မအိနန္ဒာသွင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းနိုင် ၇/သကန(နိုင်)၀၈၇၁၂၇ ဖြစ်ပါကြောင်း။ **ဦးမျိုးဝင်းနိုင်**

## ဖခင်အမည်မှန်

အထက (အောင်ဆန်း)အဌမတန်း (C)မှ မောင်မင်းနန္ဒ၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းစိုး ၇/ပမန(နိုင်)၁၀၈၃၆၁ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းစိုး**

## ပြည်တွင်း/ပြည်ပ -အလုပ်အကိုင်ရှာနေသူများ အတွက် အလွယ်တကူ အလုပ်အကိုင်ရရှိပြီး လစာကောင်းစေဖို့ ...

**အခြေခံအင်္ဂလိပ်ဂျင်နီယာသင်တန်း (B.E.C)**

လျှပ်စစ်၊ ဝက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း - (၅) မျိုးပါဝင်သည်။

(5)Week ➡ တနင်္လာမှ စနေနေ့ထိ(အချိန်ပြည့်) အလယ်တန်းနှင့်အထက် (ကျား)

**ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း**

(နေ့စရိတ်/စားစရိတ်/သွားစရိတ်)- ငြိမ်း ✣ စာတွေ့/လက်တွေ့ကျွမ်းကျင်မှု

အချိန်ပြည့်တစ်လ ➡ ရက်(၃၀)သင်တန်း အလယ်တန်းနှင့်အထက် (ကျား/မ)

ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်ရရှိထားသော

**သုခစုစံ ✣ အသက်မွေးပညာသင်တန်းကျောင်း ✣**

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph: (01) 377 343, 377 344. www.tkss.com.mm FB - overseatkss

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကန်ကြီးဒေါင့်ကျေးရွာအုပ်စု၊ တာကုန်းကျေးရွာနေ စသူရိန်ဝင်းသန့်၏ဖခင် ဦးသန်းဦး(ခ) မန်းသန်းဦး ၁၄/အမန(နိုင်)၁၀၂၀၂၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်းဦး(ခ)မန်းသန်းဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကန်ကြီးဒေါင့်ကျေးရွာအုပ်စု၊ တာကုန်းကျေးရွာနေ စသူရိန်ဝင်းသန့်၏မိခင် ဒေါ်မူမူစိန်(ခ) ဒေါ်ခင်စန်းအေး ၁၄/အမန(နိုင်)၁၇၇၃၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မူမူစိန်(ခ)ဒေါ်ခင်စန်းအေး**

**ဖောင်းကြွပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 5I/9465 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

https://www.facebook.com/HomeDistributionGroup/ တွင် ဝင်ရောက် လေ့လာနိုင်ပါသည်

Home Since 1996 think of House, think of Home




**ပါကေးအစားထိုး ကြမ်းခင်း** *Grade A,B,C only

5 ကျင်း ဝယ်လျှင်

၄၀၅၀၀ ကျပ် တန်တဲ့

**နောက်ဆုံးပေါ် လိုက်ကာ** ၁ပေပတ်လည်

**၅၀၀၀ ကျပ်** ဖြင့် ရယူပါ

** 5 July ~ 5 August 2018 အတွင်းသာ

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

☎ 09-950 950 950
☎ 09-79 700 70 70

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ သြဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်အချုပ်ထောင်ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၇၅၉၁)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုး ကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့်ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၂၀-၇-၂၀၁၈ရက်မှ ၃၁-၇-၂၀၁၈ရက်ထိ၊ နေပြည်တော်၊ ရဲတပ်ဖွဲ့မှူးရုံး

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၈ရက် ၁၁:၀၀နာရီ ဖြစ်ပါသည်

၅။ တင်ဒါတစ်စုံလျှင်ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၅၀၀၁၉၃၊ ၀၆၇-၅၅၀၂၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လမ်းခင်းကတ္တရာ (၆၀/၇၀) | ၅၀၀ တန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၇-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၈ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၉၄၁၆၃ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

### ဖခင်အမည်မှန်

စလင်းမြို့နယ်၊ ဆင်မကျွန်း အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကျော်မင်း ၈/စလန (နိုင်)၂၃၉၆၉၉၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်မိုး ၈/စလန(နိုင်)၁၂၁၀၁၁ ဖြစ်ပါသည်။ **ဦးအောင်နိုင်မိုး**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းလှမြို့ စမ်းအိုင်ကျေးရွာ အထကခွဲကျောင်း စတုတ္ထတန်းမှ မောင်ကောင်းဖုန်းခန့်အား မောင်မင်းခန့်မောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခန့်မောင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မယွန်းသီဂီနှင့် တောစိမ့် အလက ဆဋ္ဌမတန်းမှ မလင်းလင်းအိတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းသန့် ၈/စလန(နိုင်)၁၃၀၉၀၅ ဖြစ်ပါသည်။ **ဦးမင်းသန့်**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းလှမြို့ စမ်းအိုင်ကျေးရွာ အထကခွဲကျောင်း တတိယတန်းမှ မောင်ဟိန်းထက်ကျော်အား မောင်မြတ်မင်းဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်မင်းဟိန်း**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငါးဇင်ရိုင်းကုန်း အထက(ခွဲ) အဋ္ဌမတန်းမှ မနှင်းဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလေး ၈/စလန(နိုင်)၀၅၆၆၃၈ ဖြစ်ပါသည်။ **ဦးကိုကိုလေး**

### မွေးသက္ကရာဇ်အမှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) အင်္ဂဘို တက္ကသိုလ်ဝင်တန်းမှ ဦးအောင်စိုး၏သမီး မနွေးနွေး ၁၀/ကထန(နိုင်) ၁၈၀၀၁၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃-၁-၂၀၀၂) ဖြစ်ပါကြောင်း။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ရွှေကူမြို့နယ်တရားမရုံး၌
### ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| မယုဇနခိုင် | နှင့် | ကိုဝေဖြိုးအောင် |
|---|---|---|
| တရားလို | | တရားပြိုင် |

ရွှေကူမြို့ ခမရ (၆၀၂)တပ်ရင်းနေ ကိုဝေဖြိုးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မယုဇနခိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၈ရက်)မွန်းမတည်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းမောင်မောင်)**
**မြို့နယ်တရားသူကြီး**
**ရွှေကူမြို့နယ်တရားရုံး**

---

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ CPD ဟောပြောပွဲအဖြစ် မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MSEC)နှင့် Daiwa Securities Group Inc. တို့က ကြီးမှူး၍ Provision of the Stock Market in Myanmar ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၁ ရက် (စနေနေ့)တွင် နံနက် ၈:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ကြပြီး CPD နာရီ ထောက်ခံချက် (၄ နာရီ) ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲသို့ တက်ရောက်မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် ဟောပြောပွဲရက်မတိုင်မီ ရုံးချိန်အတွင်း ၁၈-၇-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့် သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲ ကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို (လုံးဝ)လက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း-၀၉-၃၁၇၁၈၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူပုဂ္ဂိုလ်တိုင်းနှင့် အခြားစာရင်းကိုင်သင်တန်းအသီးသီး၌ တက်ရောက်နေကြသူ သင်တန်းသားများလည်း ဆွေးနွေးပွဲတက်ရောက်လိုပါက MSEC ၏ဖုန်း-၀၁-၃၇၆၈၂၂၊ လိုင်းခွဲ ၁၀၆၊ ၁၀၇ နှင့် ၁၁၅ တို့သို့ ၁၈-၇-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ တက်ရောက်မည့်သူစာရင်းကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၀

| ဦးဝင်းထွဋ်သန်း | နှင့် | ဦးမျိုးသန့် |
|---|---|---|
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်း၊ မင်းကွန်းကျောင်းလမ်း၊ ဘိုကုန်း၊ အမှတ်(၁၂၇၈)နေ တရားပြိုင် ဦးမျိုးသန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ရက်(၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၉၃

| တရားလိုများ | နှင့် | တရားပြိုင်များ |
|---|---|---|
| ၁။ ဒေါ်ခင်စန်းမြင့် | | ၁။ ဒေါ်စိန်စိန် |
| ၂။ ဦးမွန်တမာမွတ်(ခ)ဦးမြင့်သိန်း | | ၂။ ဒေါ်မြနွဲ့ |
| ၃။ မငြိမ်းငြိမ်းစိုး | | ၃။ ဒေါ်မိမိကြည် |
| ၄။ မခင်အုံးမြင့် | | ၄။ ဦးမင်းသိန်း |
| ၅။ မအေးအေးခိုင် | | ၅။ ဦးမျိုးသိန်း |
| ၆။ မသီတာအေး | | ၆။ ဒေါ်ယုဇနသိန်း |
| ၇။ မဇင်မာဝင်း | | ၇။ ဦးမြင့်သိန်း |
| (၃-တရားလိုကိုယ်တိုင်နှင့် | | ၈။ ဦးဝင်းသိန်း |
| ကျန်တရားလိုများ၏ | | ၉။ ဒေါ်သူဇာသိန်း |
| ကိုယ်စားလှယ်စာရသူ) | | ၁၀။ ဦးသန့်ဇင်သိန်း |

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကျောက်တန်းရွာနေ (၂-တရားပြိုင် ဒေါ်မြနွဲ့) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ ကွက်ပြင်၊ ရကက(၅)နေ (၄) တရားပြိုင် ဦးမင်းသိန်း၊ (၆) တရားပြိုင် ဒေါ်ယုဇနသိန်း၊ (၇) တရားပြိုင် ဦးမြင့်သိန်း၊ (၉) တရားပြိုင် ဒေါ်သူဇာသိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၃ လမ်း၊ အမှတ် ၃၆ နေ (၁၀) တရားပြိုင် ဦးသန့်ဇင်သိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့ပေါ်၌ တရားလိုများက (၂၇-၅-၂၀၁၆)ရက်စွဲပါ တရားပြိုင်များက မမှန်မကန်ဖော်ပြပြီး လိမ်လည်လှည့်ဖြားရယူခဲ့သည့်ဒီကရီကို ပယ်ဖျက်ပြီး တရားပြိုင်များ၏ မြေငှားဂရန်တွင်မပါရှိသည့် မိမိပိုင်မြေကွက်အစိတ်အပိုင်းအားရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇူလိုင် ၂၆ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဓာနနာယကပအိုဝ်း ဆရာတော်ကြီးများအား အမှူးထား၍ အမှတ် ၃၈၊ ဗဟန်း ၁ လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်) ၁၅-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈:၀၀နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက (ပအိုဝ်းဓမ္မာရုံ အုပ်ချုပ်ရေးမှူး) ဦးခွန်လှကျော် ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၁-၃၇၃၁၇၀ ပအိုဝ်း(PA-OH) အမျိုးသားဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပအိုဝ်း (PA-OH) အမျိုးသားဓမ္မာရုံ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၁-၃၇၃၁၇၀**

---

### ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (C) မှ မယမင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၁၄/ပသရ(နိုင်)၀၄၆၈၆၈ ဖြစ်ပါကြောင်း။ **ဦးမြင့်ဆွေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဖန်းမော်မြို့နယ်၊ အောင်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ မပေါင်းဟွမ်၏ဖခင် ဦးမောင်ပန်း(ခ)အေပန်း ၁/မစန(နိုင်)၀၃၂၇၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ပန်း(ခ)အေပန်း**

---

## ကြော်ငြာစာ
### (မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၅၆ နှင့် ၆၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမထွေထွေမှုအမှတ်-၉၃
### (မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၅၆နှင့် ၆၀တို့အရ အတည်ပြုပေးပါရန် လျှောက်ထားသည့်အမှု)

အက်(စ်)တီအလ် ကုမ္ပဏီလီမိတက်
(ယင်းကုမ္ပဏီ၏ကိုယ်စား ဦးမင်းရာဇာဦး-ဝန်ထမ်း)
အမှတ် (၁၈၄)၊ ၆-လွှာ
၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၉-လမ်း၊ အမှတ် ၁၈၄၊ ၆-လွှာတွင် ဖွင့်လှစ်ထားသော အက်(စ်)တီအလ် ကုမ္ပဏီလီမိတက် အစုရှယ်ယာအစုလျှော့ချခြင်းကို အတည်ပြုပေးပါရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၅၆ နှင့် ၆၀ တို့အရ လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ၂၀၁၈ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြာဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော အက်(စ်)တီအလ်ကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ပါကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၈ခုနှစ် ဇူလိုင် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကိုနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၂

| ဦးမျိုးဝင်းကျော် | နှင့် | ၁။ ဒေါ်စန်းစန်းအေး (ကွယ်လွန်သူ ဦးမြင့်စိုးဦး၏ အမွေဆက်ခံခွင့်ရှိသူ) |
|---|---|---|
| | | ၂။ ဦးကျော်အေး |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၇၇၃)နေ ဒေါ်စန်းစန်းအေး(ကွယ်လွန်သူ ဦးမြင့်စိုးဦး၏ အမွေဆက်ခံခွင့်ရှိသူ) ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ(၇) လမ်း၊ အမှတ်-၄၀၆ နေ ဦးကျော်အေး (ယခုနေရပ်လိပ်စာမသိ) နေသူများ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးမျိုးဝင်းကျော်က ပဋိညာဉ်အတိုင်း အိမ်နှင့်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဩဂုတ် (၃)ရက် (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုးစမ်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

---

### ပြောင်းလဲခေါ်ပါရန်

ရွှေဘိုမြို့၊ အမက (၃) ပထမတန်းမှ ဦးအောင်ကိုကို၏သား မောင်ခွန်းဆက်ကိုအား မောင်သွင်ဘုန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သွင်ဘုန်းသန့်**

### ဖခင်အမည်မှန်

ရွှေဘိုတက္ကသိုလ် ဓာတုဗေဒအထူးပြုဘာသာရပ် နောက်ဆုံးနှစ်မှ မခင်ဆွေမြင့်နှင့် ရွှေဘိုမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း (C)မှ မခင်ဝေမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေ ၅/ခဥန(နိုင်)၀၁၅၀၇၇ ဖြစ်ပါကြောင်း။ **ဦးမင်းဆွေ**

### ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ဘုန်းဘွဲ့ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအိမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဟန်ဌေး ၅/ဝလန(နိုင်)၀၉၂၇၅၆ ဖြစ်ပါကြောင်း။ **ဦးဟန်ဌေး**

### မိဘအမည်မှန်

သာပေါင်းမြို့နယ်၊ အထက စက်ဒေါင့်ကြီး နဝမတန်းမှ မအိဇင်ပိုပို၏ ဖခင် ဦးကိုငွေအား အမည်မှန် ဦးမြင့်နိုင်ဟုလည်းကောင်း၊ မိခင် ဒေါ်လှမြင့်အား အမည်မှန် ဒေါ်ကြူကြူမာဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **ဦးမြင့်နိုင်-ဒေါ်ကြူကြူမာ**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့နယ်၊ ကင်/ချောင်း အထက နဝမတန်းမှ မဝါဝါထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၈/တတက(နိုင်)၁၅၄၂၈၀ ဖြစ်ကြောင်း။ **ဦးမောင်မြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (A)မှ မောင်အောင်ထက်လင်း၏ဖခင် ဦးထွန်းဝေ(ခ)ဦးမြင့်ဝင်း ၉/ညဥန(နိုင်)၁၂၃၁၇၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းဝေ(ခ)ဦးမြင့်ဝင်း**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြင်းကပါ အထက(ခွဲ) အဋ္ဌမတန်းမှ မောင်ထွဋ်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၉/ညဥန(နိုင်) ၀၃၁၆၁၉ ဖြစ်ပါကြောင်း။ **ဦးဇော်မင်း**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက် အထက သတ္တမတန်း (A)မှ မထူးပြည့်ပြည့်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဘိုသု ၉/ညဥန(နိုင်) ၁၅၁၉၃၇ ဖြစ်ပါကြောင်း။ **ဦးဘိုသု**

### အမည်ပြောင်း

နေပြည်တော်၊ အထက (၆) ဒုတိယတန်း(က) မှ (ဘ)ဦးကျော်ကျော်ထူး ၁၂/အစန(နိုင်)၁၄၁၉၄၃၏သား မောင်ချမ်းမြေ့သူအား ယနေ့မှစ၍ မောင်သန့်ထူးသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သန့်ထူးသွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကုန်းလည်စံပြကျေးရွာနေ မစိုးဇကရီ၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သင် (ခ)ဦးမောင်မောင်တင် ၉/မလန(နိုင်) ၀၄၆၉၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၁၆၁၈ Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော် ၁၂/မဂဒ(နိုင်)၀၁၉၆၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖန်းမော်)၊ ဖန်းမော်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဖန်းမော်မြို့၊ စီဟဲကျေးရွာအုပ်စု၊ အကွက်အမှတ် ၁၈၅၊ ဦးပိုင်အမှတ် ၁၂၀၊ မြေချိန်ဧရိယာ ၀.၁၁၀၈၀ ဧကရှိ ဦးနေမျိုးအောင် ၁/ဗမန(နိုင်)၀၄၂၈၂၀နှင့် ဇနီးဒေါ်စိုးစိုးမော် ၁/ဗမန(နိုင်)၀၄၄၀၈၀ တို့၏ အမည်ပေါက်မြေကို မြေငှားဂရန်အသစ် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ၄င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ၄င်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးနေမျိုးအောင်**
**ခွန်သာရပ်၊ ဖန်းမော်မြို့**

## ခေတ္တရာအသင်း(ရန်ကုန်)
## ပြည် ရွှေတောင် ပေါင်းတည် သဲကုန်း ပေါက်ခေါင်း ပန်းတောင်း
## ဝါဆိုသင်္ကန်းကပ်လှူပွဲ

ခေတ္တရာအသင်း(ရန်ကုန်)၏ (၄၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုပါက ဦးရဲထွဋ်ဝင်း ဖုန်း-၀၉-၅၁၉၇၅၃၁၊ ဒုတိယဗိုလ်မှူးကြီး သက်ဦးမောင် (ငြိမ်း) ဖုန်း-၀၉-၅၁၇၈၄၁၀၊ ဒေါ်စုစုလွင် ဖုန်း-၀၉-၄၅၀၀၆၃၆၃၇၊ ဦးမျိုးအောင် ဖုန်း-၀၉-၇၃၁၆၆၄၅၆၊ ဒေါ်ဥမ္မာသန်း ဖုန်း-၀၉-၅၀၀၄၂၃၁၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၃၀၁၉၅၇၊ ဦးသိန်းနိုင် ဖုန်း-၀၉-၅၀၇၁၀၂၇၊ ဒေါ်စိုးစိုးထွေး ဖုန်း-၀၉-၅၀၂၇၃၈၉၊ ဦးအေးယုဇင် ဖုန်း-၀၉-၅၄၁၉၀၄၀တို့အား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နာယက ဆရာတော်(၁၁)ပါးအား နေ့ဆွမ်းကပ်လှူ၍ ကြွရောက်လာသည့် ပရိသတ်အား နေ့လယ်စာဖြင့် ဧည့်ခံမည်ဖြစ်ပါ၍ အသင်းဝင်နှင့်မိသားစုဝင်များ စုံညီစွာကြွရောက်ပါရန် မေတ္တာရပ်ခံပါသည်။ ဖိတ်စာမရောက်ရှိပါက နားလည်ပေးပါရန် မေတ္တာရပ်ခံပါသည်။

**ကျင်းပမည့်အချိန်** - နံနက် ၉နာရီ
**ကျင်းပမည့်နေ့ရက်** - ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက်၊ ၂၂-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - ခေတ္တရာအသင်းခမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်

## (၂၇)ကြိမ်မြောက်
## သာသနာ့ကျေးဇူးရှင်များပူဇော်ပွဲ
## ပုဂံ-ညောင်ဦး၊ အရိမဒ္ဒန၊ မနောမယိဒ္ဓိခမ္မာရုံ

နှစ်စဉ်ကျင်းပမြဲဖြစ်သော သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

၁။ **၁၅-၇-၂၀၁၈ရက်မှ ၁၇-၇-၂၀၁၈ရက်ထိ** - သာသနာပြုသတ္တဝါကယ်ခြင်း။
၂။ **၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)** - စာတမ်းများဖတ်ကြားခြင်း၊ ဆရာတော်ဘဒ္ဒန္တ ဝိမလတရားပွဲ။
၃။ **၁၉-၇-၂၀၁၈ရက် (ကြာသပတေးနေ့)** - သစ္စာကံဆိုခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးပူဇော်ပွဲ၊အသိပညာပေးဆွေးနွေးခြင်း။
၄။ **၂၀-၇-၂၀၁၈ရက် (သောကြာနေ့)** - ထီးတန်ဆောင်စေတီ-တောင်ပရွာ ရှင်အရဟံမထေရ်မြတ်နှင့် သာသနာ့ကျေးဇူးရှင်များအားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကျန်စစ်သားဥမင်ကျောင်း၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**မနောမယိဒ္ဓိခမ္မာရုံ၊ ပုဂံ-ညောင်ဦး**

## ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ (မြောက်)ညောင်ကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲ ဆဋ္ဌမတန်းမှ မပြည့်ပြည့်အောင်၊ စတုတ္ထတန်းမှ မောင်နေထူးအောင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၉/ပဘန(နိုင်) ၁၃၃၄၆၉ ဖြစ်ပါကြောင်း။ **ဦးအောင်အောင်**

## အမည်မှန်
ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)၊ ငွေတောင်ရပ်နေ (ဘ)ဦးလွင်ဦး၏ သမီး မဝိုင်းပုံချစ်၏ အမည်မှန်မှာ မထက်မြတ်နိုးနိုင် ဖြစ်ပါကြောင်း။
**မထက်မြတ်နိုးနိုင်**

## အမည်မှန်
ပျဉ်းမနားမြို့နယ်၊ ရွာသာအုပ်စု၊ မြောက်လွတ်ကုန်းကျေးရွာနေ (ဘ) ဦးအောင်ကျော်လတ်၏သမီး မနန္ဒာလှိုင်၏ အမည်မှန်မှာ မစုစုမာ ဖြစ်ပါကြောင်း။ **မစုစုမာ**

## ဖခင်အမည်မှန်
တောင်သာမြို့၊ တောင်သာအထက တက္ကသိုလ်ဝင်တန်းမှ မအိဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၉/တသန(နိုင်)၁၂၅၅၆၆ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်သာမြို့၊ တောင်သာအထက၊ န၀မတန်းမှ မောင်ရွှေညာဏ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ(ခ)ဦးပြား ၉/တသန(နိုင်)၀၃၇၂၆၈သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးမြင့်ဆွေ(ခ)ဦးပြား**

## မိဘအမည်မှန်
ပြင်ဦးလွင်မြို့၊ စနိုးကွင်းကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မနန်းနှင်းချယ်ရီ၏ မိဘအမည်မှန်မှာ ဦးထွန်းလှိုင် ၁၃/သပန(နိုင်)၀၆၁၃၁၉နှင့် ဒေါ်ခင်စန်းဝင်း ၉/မမန(နိုင်)၀၉၁၂၄၀ ဖြစ်ပါသည်။
**ဦးထွန်းလှိုင်-ဒေါ်ခင်စန်းဝင်း**

# မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်
# စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း တစ်သောင်းစီမံကိန်း
## စာအောင်သံဃာတော်အရှင်သူမြတ်တို့အား(ဘဏ်တိုး)ဖြင့်
## (နှစ်စဉ်)စာအောင်ဆုလှူဒါန်းနိုင်ရန်
## စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်းတစ်သောင်းစီမံကိန်းကို
## စတင်အကောင်အထည်ဖော်လျက်ရှိပါသည်

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်တစ်သိန်းနှင့် ကျပ်တစ်သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်လှူဒါန်းရန်
(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅ (-၄-၃)
(၂) ဦးလှအောင်(ဂေါပက) ဖုန်း-၀၉-၂၀၀၃၂၂၉
အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ဖွန့်လအလှူရှင်စာရင်း**

| | | | |
|---|---|---|---|
| ၁ | ဦးအိုက်ရီ-ဒေါ်မေမွန်မောင် သမီး မဝန်းရံခ၊ မလင်းလက်အံ့မိသားစု | မန္တလေးမြို့ | 10000000 |
| ၂ | ဦးသန်းအောင်-ဒေါ်ခမ်းပေါင်းဦးဆောင်သော မိတ်ဆွေကျောက်စိမ်းကုန်သည်များ | မန္တလေးမြို့ | 9000000 |
| ၃ | ဦးမောင်ကြီးအလှူတော်ရန်ပုံငွေဂေါပကအဖွဲ့ | ရန်ကုန်မြို့ | 3000000 |
| ၄ | ဦးအောင်မျိုး-ဒေါ်ခိုင်သီတာဦး သမီးမချစ်ဆုသွယ်မိသားစု | နေပြည်တော်၊ ပျဉ်းမနားမြို့ | 1400000 |
| ၅ | ဦးမောင်ကို-သီရိသုမဇ္ဇသီဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့်ရွှေဥဩရွှေဆိုင်မိသားစု | မန္တလေးမြို့ | 1000000 |
| ၆ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးဟန်စိုး-ဒေါ်အေးအေးမိသားစု | ၃၆×၃၇လမ်းကြား၊ ၇၉လမ်း၊ မျက်ပါးရပ်၊ မန္တလေးမြို့ | 1000000 |
| ၇ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးကျော်ကျော်ဇင်-ဒေါ်ခင်ခင်ချောလွင် သမီး မအိမ့်မြတ်ချယ်ကျော်ဇင်၊ သား မောင်အောင်ဘုန်းခန့်ကျော်ဇင်မိသားစု | မန္တလေးမြို့ | 500000 |
| ၈ | စန်းနေရောင်ပုံနှိပ်တိုက် | အမှတ် ၁၅၄၊ ၁၉လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၉ | ကိုအောင်ထွန်းစက်ပစ္စည်းဆိုင် | ကျိုက်ထိုမြို့ | 300000 |
| ၁၀ | ဦးကျင်မောင်-ဒေါ်ခင်ကြည် သမီးမချိုချိုမာ မြရတနာကျောက်ဆိုင် | အမှတ် ၁၄၊ ရွှေခင်းသာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 300000 |
| ၁၁ | ကွယ်လွန်သူဖခင်ကြီး ဦးစိန်ထွန်းအားရည်စူး၍ ကျန်ရစ်သူမိသားစု | အကွက် ၃၅၀၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 200000 |
| ၁၂ | ဒေါက်တာမင်းသိန်း-ဒေါ်ဝင်းဝင်းနွယ် သား မောင်ဖွဲ့ဝေယံဦးမိသားစု | ရန်ကုန်မြို့ | 200000 |
| ၁၃ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် ခင်ပွန်းအားရည်စူး၍ ဒေါ်အေးအေးမြင့်မိသားစု | အမှတ်၇၊ ၆လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၄ | ဦးအောင်ဆန်းဝင်း-ဒေါ်မြင့်အေးသားသမီးများ မောင်နေလင်းအောင်-မလွဲ့လွဲ့ဝင်း၊ မောင်ချမ်းငြိမ်းရွှေ-မဇင်ဇင်ဝင်းမိသားစု | မင်းဘူးမြို့ | 200000 |
| ၁၅ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် ဦးငွေဝင်းတို့အားရည်စူး၍ ဒေါ်သန်းသန်းစိုးမိသားစု | ကျိုက်ထိုမြို့ | 200000 |
| ၁၆ | ဦးမောင်လွင်-ဒေါ်အေးစွမ်း သား မောင်ရဲမင်းခန့်မိသားစု | မာလကာခြံရပ်၊ မန္တလေးမြို့ | 200000 |
| ၁၇ | ကွယ်လွန်သူ ဖခင် ဦးစံမြင့်အားရည်စူး၍ သမီး မဝေဖြိုး | တွံတေးမြို့နယ် | 200000 |
| ၁၈ | ကွယ်လွန်သူ မိခင်ကြီးဒေါ်ခင်လှ(ခ)ဒေါ်အေးလှအားရည်စူး၍ ကျန်ရစ်သူသားသမီးမြေးမြစ်တစ်စု | အမှတ် ၁၈၊ ၇လွှာ၊ ခ-ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့ | 150000 |
| ၁၉ | ဦးဝင်းနိုင်အားရည်စူး၍ မမွေးမွေးမိသားစု | မဟာအောင်မြေမြို့နယ် (ချမ်း/မြောက်)၊မန္တလေးမြို့၊ | 110000 |
| ၂၀ | မိဘနှစ်ပါးဖြစ်သော ဦးပုအိုင်-ဒေါ်မေပု၊ ဇနီးဒေါ်မြင့်မြင့်၊ ညီမဒေါ်ယဉ်လှ၊ သားကြီး မောင်ဇော်ဝင်းတို့အားရည်စူး၍ ဦးစစ်တင်နှင့် သားသမီးမြေးတစ်စု | | 110000 |
| ၂၁ | ဦးအောင်ပို-ဒေါ်စိုးစိုးလွင် သမီးမခိုင်သီရိပိုပို၊ သားမောင်စည်သူအောင်မိသားစု | အမှတ်၁၀၀၊ ၇လွှာ၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၂ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်နွယ်နွယ်စန်း(တရားလွှတ်တော်ရှေ့နေ) | မန္တလေးမြို့ | 100000 |
| ၂၃ | ဦးမြသန်း-ဒေါ်ခင်သက်ဝင်းမိသားစု | ပလိပ်မြို့ | 100000 |
| ၂၄ | ဦးလေးမောင်-ဒေါ်ဖျားမိသားစု | နတ်နန်းရွာ၊ ဝက်လက်မြို့နယ် | 100000 |
| ၂၅ | ဦးမြမောင်-ဒေါ်ခင်ခင်မြင့် ငွေပင်နန်း ချည်ထည်ပိုးထည်နှင့် အိမ်သုံးပစ္စည်းရောင်းဝယ်ရေးမိသားစု | အမှတ်(၃)ရပ်ကွက်၊နွားထိုးကြီးမြို့ | 100000 |
| ၂၆ | ဒေါ်ခင်မာရီ အသက်(၇၆)နှစ်ပြည့်နှင့်သားသမီးမြေးများ | အကွက် ၃၅၀၊စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၇ | ဦးညီညီထွေး-ဒေါ်စုစုလင်း သားကြီးမောင်ဘုန်းစစ်မင်း၊ သားငယ်မောင်တင်အောင်ခန့်မိသားစု | အမှတ် ၁၁၂၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ကွယ်လွန်သူ ဒေါ်ဝင်းဝင်းမြင့်(ချမ်းမြသာစည်မြို့နယ်၊ တိုင်းရင်းဆေးကုဌာန) အားရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးနီတွတ်မိသားစု | အကွက်၈၄၇၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၉ | ဦးကျော်ဆင့်-(ဒေါ်စိန်ရီ)တို့အားအမှူးထား၍ ဒေါ်မြမြဆင့်မိသားစု | ရန်ကုန်မြို့ | 100000 |
| ၃၀ | ဦးလှမင်း-ဒေါ်မြမြသန်း မိသားစု ပါရမီစတိုး | ကျိုက်ထိုမြို့ | 100000 |
| ၃၁ | ဦးစိုးမြတ်-ဒေါ်ခင်နွဲ့မိသားစု အောင်ရတနာကြေးဘုရား ပန်းပုနိဗ္ဗာန်ကုန်သည်လုပ်ငန်း | မန္တလေးမြို့ | 100000 |
| ၃၂ | ကွယ်လွန်သွားကြပြီဖြစ်သော နှစ်ဖက်မိဘများနှင့် ဆွေမျိုးသားချင်းများအားရည်စူး၍ ဦးမြင့်ဦး-ဒေါ်တင်တင်ဝင်းမိသားစု(မွေးနေ့အလှူ) | တိုက် ၃၈/၁၀၂၊ ယုဇနဥယျာဉ်မြို့တော် အပိုင်း(၂)၊ ရန်ကုန်မြို့ | 100000 |
| ၃၃ | ဦးဉာဏဒဿန | အိန္ဒိယနိုင်ငံ | 100000 |
| ၃၄ | ကွယ်လွန်သူဖခင်ကြီး ဦးရာဟုံ-မိခင်ကြီးဒေါ်ခင်တုတ်တို့အားရည်စူး၍ သမီး ဒေါ်ခင်လှိုင်၊ မြစ် မသဲစုသဇင်(မွေးနေ့အလှူ) | အမှတ် ၂၃၊ သမာဓိလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၅ | ဦးမောင်စော(မြန်မာပါတိတ်လုပ်ငန်း)-ဒေါ်မြရွှေမိသားစု | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၆ | ကွယ်လွန်သူ ဦးရဲမောင်အားရည်စူး၍ ဇနီးဒေါ်စိုးစိုးရီနှင့် သားသမီးမြေးတစ်စု | အမှတ်၁၁၇၊ သူရလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၇ | မိဘများကိုအမှူးထား၍ ဒေါ်စန်းစန်းနှင့် မောင်နှမများ | ရန်ကုန်မြို့ | 100000 |
| ၃၈ | ဒေါ်မြမြ (၇၂)နှစ်မြောက်မွေးနေ့အလှူ | ရန်ကုန်မြို့ | 100000 |
| ၃၉ | ကြယ်လဝန်းဘော်ဒါ ဆရာ ဆရာမများနှင့် ၂၀၁၈/၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ | အမှတ် ၂၇၊ နှင်းဆီလမ်း၊ မိုးကြိုးကွက်သစ်ဈေးအနီး၊ ပြင်ဦးလွင်မြို့ | 100000 |
| ၄၀ | ဦးဥတ္တမ | ကျောက်ထပ်ကျောင်းဆောင်၊ မြင်းဝန်တိုက်၊မန္တလေးမြို့ | 100000 |
| ၄၁ | မိဘများဖြစ်သော ဦးဝင်းကြည်-ဒေါ်ခင်စိန် အစ်ကိုဖြစ်သူ ဦးလှမြင့်တို့အားရည်စူး၍ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်စန်းမိသားစု | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၂ | ဒေါ်စန်းယုခိုင်၊ ဒေါ်ဆင့်ဆင့် တရားလွှတ်တော်ရှေ့နေများ | မန္တလေးမြို့ | 50000 |
| ၄၃ | ဦးလှရွှေ-ဒေါ်ခင်ရွှေမိသားစု | ငါးဘတ်အိုင်ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | 30000 |
| ၄၄ | ဦးတိလောက | ငါးဘတ်အိုင်ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | 20000 |
| | | | 30970000 |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/1883 Toyota Hiace, Hearse (နိဗ္ဗာန်ယာဉ်) ယာဉ်လက်ဝယ်ရှိသူ မေတ္တာမြင့်မိုရ်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက အဌမတန်း(C)မှ မချစ်ချစ်၏ ဖခင်အမည်မှန်မှာ ဦးပေါ်မြင့် ၅/ခဥတ(နိုင်)၁၀၅၈၁၁ ဖြစ်ပါကြောင်း။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်မွေးချစ်၏ အမည်မှန်မှာ မောင်ချစ်မွေးဦး ၅/ခဥတ(နိုင်)၁၀၈၂၀၃ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မုံရွာမြို့၊ အမှတ် ၂၅၊ အလက (ခွဲ)၊ ကွေ့ကြီး ပဥ္စမတန်းမှ မောင်ရိန်းချမ်းဖြိုးအား မောင်ရဲဇာနည်လင်းဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5996 Dong Feng/ Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ Yuan Yuan Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်၇၃၄၊ဧရိယာ ၀ ဒသမ၀၈၂ဧကရှိ ဦးသောင်းရွှေ အမည်ပေါက် ပါမစ်မြေအား ဦးဝင်းနိုင်ထွန်း(ဘ) ဦးနိုင်လင်း ၁၃/နစန(နိုင်)၀၀၀၃၇၁မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်းနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၅၁၃၁၆ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်ဆိုက်ရင်း(ခ)ရန်မျိုးနိုင် PTI-၀၅၄၇၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/7483 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် EE/1448 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၂၃

**ဒေါ်မြင့်မြင့်သန်း** နှင့် ၁။ **ဦးစိုင်းထွန်းလှိုင်**
၂။ **ဦးမောင်မောင်**
၃။ **ဒေါ်မာလာမြင့်**

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ လမ်းမတော်တက်ခေတ်လမ်း၊ အမှတ် ၂၁ နေ ဦးမောင်မောင်၊ ဒေါ်မာလာမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မြင့်မြင့်သန်းက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင်၃၀ ရက် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိမ်းဝင်း)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၁/မြိုင်သာယာ)၊ ဦးပိုင်အမှတ် (၁)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၀ဧကရှိမြေကို နှစ်ရှည်မြေငှားဂရန်အမည်ပြောင်း ချထားပေးပါရန် ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်စီစီဝင်း၊ ဒေါ်သန်းအေးတို့မှ လျှောက်ထားရာတွင် လျှောက်မြေသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခွန်အမှုတွဲအမှတ် (V) ၁၄၄၃/ ၁၉၉၈-၁၉၉၉ အရ ဦးချစ်ဆွေအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ချထားပေးသောမြေဖြစ်ပြီး ဂရန်သက်တမ်းသည် (၂၁-၄-၂၀၂၈)ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ဦးချစ်ဆွေသည် (၄-၈-၂၀၀၈)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ငွေခင်မှ သမီးများဖြစ်သော ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်စီစီဝင်း၊ ဒေါ်သန်းအေးတို့အား မြို့နယ်စာချုပ်စာတမ်း၊ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၄၈/၂၀၁၇ အရ အပြီးအပိုင်စွန့်လွှတ်ပေးကမ်းခဲ့ပြီး သမီးများမှ နှစ်ရှည်မြေငှားဂရန် အမည်ပြောင်း ချထားပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန် ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ ၃ရပ်ကွက်၊ ဘုရား ၄ဆူရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၆၅၀နေ ဒေါ်တင်တင်ဝင်း နှင့် ဒေါ်ချိုချိုဝင်း အပါအဝင်
## အများသိစေရန်ကြေညာခြင်း

မုဒုံမြို့၊ ကွင်းအမှတ် ၈၄၄/ ၂၊ မုဒုံကွင်း၊ ဦးပိုင်အမှတ် ၃၂၂/၁၊မြေချိန်ဧရိယာ ၀ ဒသမ ၄၄ဧကရှိ ခြံမြေ၊ မုဒုံမြို့၊ ကွင်းအမှတ် ၈၄၄/၂၊ဦးပိုင်အမှတ် ၃၂၃/၂၊ဧရိယာ ၀ ဒသမ ၁၂ဧကရှိ ခြံမြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်တို့မှာ ကျွန်ုပ်၏အမှုသည် မုဒုံမြို့၊ မြို့မ ၃ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၆၃၁ နေ ဒေါ်မြင့်သိန်း (ခ)ဒေါ်သိန်းသိန်းနှင့် ခင်ပွန်း ဦးစိန်ဝင်းတို့၏ လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။ ဦးစိန်ဝင်း ကွယ်လွန်ခဲ့ပြီးဖြစ်ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်ုပ်အမှုသည်က တစ်ဦးတည်းလွတ်လပ်စွာပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသောမြေများနှင့် နေအိမ်တို့ဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်မှာ ခင်ပွန်းသည်ကွယ်လွန်ပြီးနောက် ယခုအချိန်ထိ မုဆိုးမဘဝဖြင့်နေထိုင်လျက်ရှိသူဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေများနှင့်နေအိမ်တို့မှာ ကျွန်ုပ်အမှုသည် သက်ရှိထင်ရှားရှိစဉ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မည်သည့်သားသမီးကမျှ အမွေဆိုင်အခွင့်အရေးရရှိခွင့်မရှိသေးပါဘဲလျက် ကျွန်ုပ်အမှုသည်၏သားသမီးများဖြစ်သော ဒေါ်တင်တင်ဝင်းနှင့် ဒေါ်ချိုချိုဝင်းတို့က ကျွန်ုပ်အမှုသည်၏ ဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီမဟုတ်ဘဲ အမွေဆိုင်ပစ္စည်းဖြစ်သည်ဟုဆိုကာ ဟန့်တားနှောင့်ယှက်လိုသည့်သဘောဖြင့် လိုက်လံကန့်ကွက်ဆောင်ရွက်လျက်ရှိနေရာ ဤကြော်ငြာစာသတင်းစာတွင် ပါရှိသည့်ရက်မှစ၍ ဒေါ်တင်တင်ဝင်းနှင့် ဒေါ်ချိုချိုဝင်းတို့က လိုက်လံကန့်ကွက်ဆောင်ရွက်ခြင်းအား ရပ်ဆိုင်းပါရန် တင်းကျပ်စွာတားမြစ်ပါသည်။ ယင်းသို့တားမြစ်သည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ဟန့်တားနှောင့်ယှက်မည်ဆိုပါက ဥပဒေနှင့်အညီ တရားစွဲဆိုရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်တင်တင်ဝင်း၊ ဒေါ်ချိုချိုဝင်းတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မြင့်သိန်း(ခ)ဒေါ်သိန်းသိန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖေမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၄၀၂(၂-၁၀-၂၀၁၂)**
**အမှတ် ၃၈၊မြလမ်း၊သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့**

**ဦးနေလင်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၄၂၃၆၈**

**ဦးလင်းကိုကို (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၂၆၇၁၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးဘက်ကျွမ်းကျင်(၂)(ရူပဗေဒ)လစာနှုန်း(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်းဆေးရုံကြီး(တောင်ကြီး)တို့ရှိ ဓာတ်ရောင်ခြည်ဆေးကုဌာနများတွင် လုပ်ငန်းလိုအပ်ချက်အရ ဆေးဘက်ကျွမ်းကျင်(၂)(ရူပဗေဒ)(လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၂၂)နေရာသို့ ဖြည့်စွက်ခန့်ထားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် ဤဦးစီးဌာနသို့ တိုက်ရိုက် သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနများမှ တစ်ဆင့်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံဘွဲ့(ရူပဗေဒ)B.Sc(Physics)ဘွဲ့ရရှိရမည်။
မဟာသိပ္ပံဘွဲ့(ရူပဗေဒ)M.Sc(Physics),B.Sc(Physics)Qualified ရရှိသူ ဦးစားပေးပါမည်။
(ဂ) လျှောက်လွှာပိတ်ရက် ၇-၈-၂၀၁၈ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရပါမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရပါမည်။
(ဃ) လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်။
(င) တာဝန်ချထားရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စ) ရာထူးသို့ ခန့်အပ်ခြင်းခံရပါက သင်တန်း(၆)လ တက်ရောက်၍ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ်လေးသိန်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် ဖော်ပြပါ အချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှထောက်ခံစာမူရင်း
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံစာမူရင်း
(င) လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ်အစား ဓာတ်ပုံ(၃)ပုံ
(စ) အလုပ်သမားမှတ်ပုံတင် မူရင်းတစ်စောင်
(ဆ) အစိုးရဝန်ထမ်းဖြစ်ပါက လွန်ခဲ့သော သုံးလအတွင်း ဌာနဆိုင်ရာ အရေးယူခံရခြင်းမရှိကြောင်း၊ ရာထူးချခံရခြင်းမရှိကြောင်း ဌာနဆိုင်ရာ ထောက်ခံချက်
(ဇ) လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်း (အမြဲတမ်းနေရပ်လိပ်စာ၊ ဖုန်းနံပါတ်အား တိကျမှန်ကန်စွာဖော်ပြရန်)

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ လိပ်မူ၍ ၇-၈-၂၀၁၈ရက် ညနေ ၄ နာရီထက် နောက်မကျဘဲ ပေးပို့ရမည်။

၅။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသောလျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ခန့်ထားမည့်သူ ရွေးချယ်ရေးကို ဖော်ပြပါအစီအစဉ်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) သတင်းပေးပို့ရမည့်ရက် -၂၄-၈-၂၀၁၈ရက်(သောကြာနေ့)
(ခ) ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်-၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) (ရေးဖြေစာမေးပွဲတွင် (က) အင်္ဂလိပ်စာ (ခ) ဘာသာရပ်ဆိုင်ရာ တို့ပါဝင်သော ၃နာရီမေး ခွန်းလွှာဖြစ်ပါသည်။)
(ဂ) နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်ရက် -၄-၉-၂၀၁၈ရက်(အင်္ဂါနေ့)
(ဃ) ရေးဖြေ/နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်နေရာကို သတင်းပေးပို့သည့်နေ့တွင်ကြေညာမည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသူသည် မည်သည့်ဌာနတွင်မဆို အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်ပါမည်ဟု အာမခံ ပုဂ္ဂိုလ်သုံးဦးနှင့်အတူ ကျပ်-၄၀၀၀၀၀/-(ကျပ်လေးသိန်း)တန် ကတိဝန်ခံချုပ်ကို သက်ဆိုင်ရာကုသရေး ဦးစီးဌာနများတွင် ချုပ်ဆိုရမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုသည့်အချက်များကို ကုသရေးဦးစီးဌာန၊ ကုသမှုအထောက်အကူပြုဌာနခွဲ (ဖုန်းနံပါတ်-၀၆၇-၄၁၁၂၇၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ တွံတေး၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ထန်းတပင်မြို့နယ်လေးမြို့နယ်တွင် မြို့ဝင်ကြေး Toll Gate တည်ဆောက်ခြင်းနှင့် ကောက်ခံခြင်း လုပ်ငန်းများ အား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ သိရှိလိုသောအချက်များကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ တယ်လီဖုန်းအမှတ် ၀၉-၈၅၃၁၂၉၆၆၀၊ ၀၉-၄၂၀၁၁၀၅၃၈၊ ၀၉-၇၇၈၁၁၆၆၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -(၁၁-၇-၂၀၁၈)
(ခ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန်** -(၁၀-၈-၂၀၁၈) (၁၀:၀၀)နာရီ

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်

လှိုင်ကော်မြို့၊ လောပိတရပ်ကွက်၊ လောဓလေးကျေးရွာအုပ်စု၊ ဦးအောင်ဆန်း ၂/လကန(နိုင်)၀၀၃၈၆၈၏ဇနီး ဒေါ်ကေသွယ်မိုး ၂/လကန(နိုင်)၀၆၂၅၂၆သည် ငွေရေးကြေးရေး အလွဲသုံးစားပြု၍ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ဒေါ်ကေသွယ်မိုးနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်အား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်း**

## ရဟန်း၊ သိမ်၊ ကျောင်းအမ
## ဒေါ်လှတင် (သန်လျင်-ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ)
### အသက်(၉၃)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးစံရွှေ-ဒေါ်စောနု)တို့၏သမီး၊ (ဦးဝင်း ကြိုင်)၊ (ဦးမောင်မောင်ငွေ)-ဒေါ်ညွန့်ညွန့်၊ ဦးသန်းဝင်း-(ဒေါ်ခင်ထွေးမူ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ၂၄ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ်(၁၄၀)၊ အခန်း(၆)နေ [ဦးလှရွှေ (တပ်မတော်-ရေ)]၏ဇနီး၊ (ဦးရဲမြင့်)-ဒေါ်နီနီရွှေ၊ ဗိုလ်ကြီးတင်မောင်ရွှေ(ငြိမ်း)-ဒေါ်နီနီသန်း၊ ဦးလွင်မောင်ရွှေ-ဒေါ်လှလှဌေး၊ (ဒေါ်နီလာရွှေ)တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်မေမြတ်မွန်-ဦးဝင်းသူရိန်လင်း၊ ဒေါ်သီရိရဲမြင့်-ဦးစိုးနိုင်ဦး(3/E Raffle Shipping Co.,Ltd)၊ ဦးကျော်စွာဟိန်း-ဒေါ်မိမိခိုင်၊ ဦးဇင်လင်းထွန်း၊ ဒေါ်သက်ထားဆွေဇင်(Petronas-Carigali Hong Kong Co.,Ltd)၊ ဒေါ်ဖွန်နှင်းပွင့်နွေး(AYA Bank)တို့၏ဘွားဘွားကြီး၊ မြစ်လေးယောက်တို့၏အဘွားသည် ၆-၇-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ နံနက် ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နုနုကြည် (တောင်ကြီး)
### အသက်(၇၅)နှစ်

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ စဝ်စံထွန်းဈေးလမ်း၊ အမှတ် (ည/၃၈)နေ (ဦးထွန်းကြည်)-ဒေါ်ခင်ကြည်(အဘွားကြည်) တို့၏သမီး၊ (ဦးမြင့်သန်း)၏ဇနီး၊ ဦးကျော်သက်[ညွှန်ကြားရေးမှူး (မြို့ပြ)၊ လမ်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်] ဒေါ်အေးမြတ်မွန်(ဒေါ်ချောစု)၊ ဦးမျိုးကြွယ်-ဒေါ်ခင်စန္ဒာ၊ ဦးစိုင်းဆိုင်ဝမ်း-ဒေါ်ထားထားဖြူ (ကြွယ်ကြွယ်ဖိနပ်ဆိုင်)၊ ဒေါက်တာမီမီကြွယ် (ကြွယ်ကြွယ်အထည်ဆိုင်) တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၆း၂၀နာရီတွင် ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့၊ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၂-၇-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀နာရီ

ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**၇၇ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)
## Public Private Partnership(PPP)အတွက်
## စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ
## (Expression of Interest-EoI)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)၏ ဘိလပ်မြေထုတ်လုပ်မှုအား နည်းပညာအဆင့်မြင့်တင်၍ လက်ရှိထုတ်လုပ်မှုပမာဏ ထက်ပိုမိုထုတ်လုပ်နိုင်ရန်အတွက် Public Private Partnership (PPP) အစီအစဉ်ဖြင့် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest-EoI)ကိုခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စား မှုဖော်ပြခြင်းအဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့လိပ်မူ၍ ၉-၈-၂၀၁၈ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်)အရောက်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများတင်ပြ၍ အထက်ပါလိပ်စာတွင် ၁၀-၇-၂၀၁၈ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ပြရမည့်ကုမ္ပဏီဆိုင်ရာအထောက်အထားများ-

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြထားသည့် အကြောင်းကြားစာ
(ခ) သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ဂ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
(ဃ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီအချက်အလက်များ
(င) ရင်းနှီးမြှုပ်နှံလိုသူ၏လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ
(စ) ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Conatct Person ၏အမည်၊ ရာထူး၊ လိပ်စာ၊ Phone၊ Email

(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၄၉၇၃၊ Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်နိုင်ဝင်း ၈/ပမန(နိုင်)၁၁၃၄၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးကျော် ဆန်းလင်း ၁၂/အစန(နိုင်)၀၅၄၈၈၁၏သား အထက(၈)အင်းစိန် ဆဌမတန်းမှ မောင်စိုးဟံပအား မောင်ဉာဏ်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်လင်းထက်**

စာအုပ်စာပေလူ့မိတ်ဆွေ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲ ဆုပေးပွဲ တက်ရောက်ဆုချီးမြှင့်




**ရန်ကုန် ဇူလိုင် ၇**

ဝန်ကြီးများရုံးဟောင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ကြီးမှူး ကျင်းပသည့် အာဇာနည်ပုံရိပ်လွှာပန်းချီပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်း(အလယ်ဘလောက်)ရှိ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်များရုံး)၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဝန်ကြီးများရုံးဟောင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လူတိုင်းသည် မိမိနိုင်ငံ၏သမိုင်းကို သိရှိရမည်ဖြစ်ပြီး ကလေးတွေ သမိုင်းကိုသိအောင် အကောင်အထည်ဖော်သည့်နေရာတွင် များသောအားဖြင့် ပုံပြင်များနှင့် စတင်အကောင်အထည်ဖော်ရပါကြောင်း၊ နောက်တစ်ဆင့် ပန်းချီရုပ်ပုံ၊ စာဖတ်ခြင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စာမတိုင်ခင် သမိုင်းကို ကလေးစိတ်ဝင်စားအောင် ရုပ်ပုံနှင့်ပုံပြင်များသည် အဓိကကျပါကြောင်း၊ ဤပန်းချီပြိုင်ပွဲပြုလုပ်ခြင်းဖြင့် ကလေးများအတွက် များစွာအကျိုးရှိပြီး အမှန်တရားကို သိရှိရန်လိုအပ်ပါကြောင်း၊ ကလေးများ၏ အမှန်တရားလမ်းကြောင်းပေါ်ကို ပညာသားပါပါနှင့် ပို့ပေးသော ပန်းချီပြိုင်ပွဲဖြစ်သည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ယခုလိုပွဲမျိုးကိုလည်း နှစ်စဉ်နှစ်တိုင်း လုပ်စေချင်ပါကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

စာမျက်နှာ ၅ ကော်လံ ၄ ●

# (၂၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

(၂၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်နှင့် မင်းကျော်ဇေယျာဦးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် မူဝါဒစာတမ်းများဆွေးနွေးခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် စာမျက်နှာ ၄ ကော်လံ ၃ ❊



(၂၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# အင်ဒိုနီးရှားတွင်ကျင်းပသည့် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာလူငယ်များ ချန်ပီယံဆုများ ဆွတ်ခူးရရှိ

**ရန်ကုန် ဇူလိုင် ၇**

အင်ဒိုနီးရှားနိုင်ငံ Ciputra Golf Club & Hotel တွင် ဇူလိုင် ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော Indonesia Junior Amateur Open Golf Championship 2018 ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးကစားသမားများက ချန်ပီယံနှစ်ဆုနှင့် သက်တန်းအလိုက်ဆုများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ဆပ်ကော်မတီတစ်ခုဖြစ်သော Junior Golf Myanmar (JGM) မှ စာမျက်နှာ ၁၂ ကော်လံ ၁ ❄




# မြန်မာယူ-၁၉ ဆီမီးဖိုင်နယ်တက်ရေး ဘရူနိုင်းကိုနိုင်ပြီးမှ မျှော်လင့်နိုင်မည်

**ရန်ကုန် ဇူလိုင် ၇**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့ကို ဇူလိုင် ၈ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၉ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်အတွက် ဘရူနိုင်းအသင်းကို အနိုင်ကစားရမည်ဖြစ်သည်။ စတုတ္ထနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့်ဘရူနိုင်း၊ ညနေ ၆ နာရီခွဲတွင် မလေးရှားနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇူလိုင် ၆ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(ခ)၌ မလေးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာနှင့်တီမောအသင်းက နှစ်ပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား သုံးမှတ်ရထားကာ ဘရူနိုင်းအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ထို့ကြောင့် မြန်မာ ယူ-၁၉ အသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် လက်ကျန်နှစ်ပွဲစလုံးမှာ အရေးပါနေပြီး ဘရူနိုင်းကို ထပ်မံအနိုင်ရပါက အခွင့်အရေးပိုများသွားမည်ဖြစ်ကာ မလေးရှားနှင့် တီမောအသင်းတို့၏ လက်ကျန်ပွဲရလဒ်များမှာလည်း စာမျက်နှာ ၅ ကော်လံ ၄ ❍

# MNL ပွဲစဉ်(၁၉) ဇွဲကပင်နှင့် မကွေးသရေကျ

**ရန်ကုန် ဇူလိုင် ၇**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဇွဲကပင်နှင့် မကွေးသရေကျပြီး စစ်ကိုင်းအသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်နှင့် မကွေးအသင်းတစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယအကျော့တွင် နိုင်ပွဲမရသေးသည့် မကွေးအသင်းအတွက် ဖိအားတိုးစေသည့် ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့သည်။ ဇွဲကပင်အသင်းမှာမူ နှစ်ပွဲဆက်အနိုင်ရထားသည့် ခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိသော်လည်း မိနစ် ၈၀ ကျော်တွင် ချေပဂိုးပြန်သွင်းနိုင်ခဲ့သောကြောင့် သရေတစ်မှတ်ခွဲယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရနေသည့် ဂိုးသမား ကျော်ဇင်ဖြိုးမှလွဲ၍ မကွေးအသင်း လူစုံထုတ်ခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ✪

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ဦးနှောက်နှင့် အာရုံကြောဆိုင်ရာအထူးကုသမားတော်ကြီး
ဒေါက်တာညွှန့်လင်း
MBBS, FRACP (Neurology), Consultant Neurologist and Clinical Neurophysiologist, Melbourne, Australia
၁၄.၇.၂၀၁၈ မှ ၂၇.၇.၂၀၁၈ ထိ

ဆီးနှင့် ကျောက်ကပ်ကုသမှုနယ်ပယ်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသောဆရာဝန်ကြီး
ဒေါက်တာအိအိနှင်း
MBBS, MD, FACP, MBA, Internal Medicine/Nephrology
Assistant Professor of Internal medicine, Nephrology division, University of New Mexico, USA
၈.၇.၂၀၁၈ မှ ၂၁.၇.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂